http://www.cherrythitsar.org

# နတ်နွယ်

## ရတနာလိုက်ဂူ

## THE TREASURES OF A KINGDOM

P. F. J. SIMMS



http://www.cherrythitsar.org

THE COUPLE

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.cherrythitsar.org

စာအုပ် (၆)

နက်ဒွယ်
ရတနာလိုက်ဂူ

**THE TREASURES OF A KINGDPM**
**by P . F. J. SIMMS**

၇၃ (F) ဒုတိယထပ်၊ စမ်းချောင်းလမ်း၊
စမ်းချောင်း၊ ရန်ကုန်။
ဖုန်း - ၅၁၂၁၂၀၄၆

http://www.cherrythitsar.org


စာမူခွင့်ပြုချက်အမှတ် - [၆၄၆/၂၀၀၄ (၆)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [၇၉၁/၂၀၀၄ (၇)]
■
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ဇူလိုင်၊ ၁၉၆၀
(ကိုတင်အောင်၊ မစန်း စာပေထုတ်ဝေရေး)
- ဒုတိယအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၄
The Copule
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး - Reader's Digest Condensed Books
တစ်အုပ်မှ Noel Sickles ၏ သရုပ် ဖော်ပုံ
တစ်ပုံကို ကိုဇင် (Stars) ဒီဇိုင်း ပြုလုပ်သည်။
ကွန်ပျူတာစာစီ - Dream City
မျက်နှာဖုံးဖလင် - Stars
အတွင်းဖလင် - ပုံရိပ်ရှင်
စာအုပ်ချုပ် - ကိုမြင့်
■
ဦးထွန်းထွန်းဦး (ယာယီ-၅၀၃) နှင်းဦးလွင်စာပေ
အမှတ် ၅၃၃ (အေ)၊ ပြည်လမ်း၊ ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်အော့ဖ်စက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့်အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး - ၆၅၀ ကျပ်

## ပုံနှိပ်ရာဇဝင်



ကိုတင်အောင်၊ မစန်း၊
စာပေထုတ်ဝေရေး
ပထမအကြိမ်
ဇူလိုင်လ၊ ၁၉၆၀




**The Couple**
ဒုတိယအကြိမ်
အောက်တိုဘာလ၊ ၂၀၀၄

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပေမူ | ၁ |
| ၂။ | အသေအပျောက်မြန်ဆန်ခြင်း | ၉ |
| ၃။ | အန္တရာယ်ကျရောက်ခြင်း | ၁၆ |
| ၄။ | လွတ်မြောက်ခြင်း | ၂၄ |
| ၅။ | ဒေါက်တာဇွန် ကျွန်တော့်အခန်းသို့သွားခြင်း | ၃၀ |
| ၆။ | သဲလွန်စကိုလေ့လာခြင်း | ၃၈ |
| ၇။ | ပေမူအခိုးခံရခြင်း | ၄၄ |
| ၈။ | ဒေါက်တာဇွန် မည်သူနည်း | ၅၄ |
| ၉။ | စတင်ရှာဖွေခြင်း | ၆၄ |
| ၁၀။ | ပရီဒီရာကွန် ဆုံးဖြတ်ခြင်း | ၇၀ |
| ၁၁။ | ရိုး | ၈၃ |
| ၁၂။ | အမဲလိုက်ခံရခြင်း | ၉၁ |
| ၁၃။ | လိုဏ်ဂူကိုတွေ့ရှိခြင်း | ၁၀၀ |
| ၁၄။ | ထောင်ချောက် | ၁၁၂ |
| ၁၅။ | မှတ်ကျောက်တင်ခြင်း | ၁၂၃ |
| ၁၆။ | ဇွန်နှင့်တိုက်ခိုက်ခြင်း | ၁၃၅ |
| ၁၇။ | ဘေးဘယာဝေးကွာရာ | ၁၄၁ |




ရတနာများကို နောက်ဆုံးရှာဖွေရာဒေသကို ပြသောမြေပုံ

# အခန်း ၁

## ပေမူ

ကျွန်တော့်နာမည်မှာ ပရာဆက်ဖြစ်ပါသည်။ လွန်ခဲ့သည့်တစ်နှစ်က ဘန်ကောက်မြို့ 'ဆူလာလောင်ကောင်' တက္ကသိုလ်မှထွက်၍ လန်ဒန်သို့ ရာဇဝင်ပါရဂူဘွဲ့ယူရန် လာရောက်ခဲ့ပါသည်။ ဘဲဖို့ဥယျာဉ်အနီးတွင် အခန်းကောင်းကောင်း ရရှိပါသည်။ ကျွန်တော့်ဆရာမှာ ဖိလစ်မာကင် ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့အိမ်သားများ၏ မိတ်ဆွေရင်းချာ တစ်ယောက်ဖြစ်ပြီး ကျွန်တော်နှင့်ရွယ်တူ ဖြစ်ပါသည်။ ဆောင်းရာသီက အေးအေးချမ်းချမ်း ကုန်ဆုံးခဲ့လေပြီ။ ဆောင်းရာသီသည် အေးမြ၍ဖွက်ဖို လှပါသည်။ ပထမတော့ ကျွန်တော်သည် ဘန်ကောက်မြို့၏ နေရောင်ခြည် နှင့် ပူနွေးမှုကို အောက်မေ့တသလျက်ရှိပါသည်။ နောက်ပိုင်းတွင်ကား ဇာတ်ပွဲသွားလိုက် ရုပ်ရှင်သွားလိုက်နှင့်ရှိပါသည်။ မိတ်ဆွေများထံ သွားလည်၍ သူတို့အားလည်း ကျွန်တော့်အခန်းသို့ ပြန်လည်ဖိတ်ခေါ်ပါသည်။ မကြာခင်မှာပင် ကျွန်တော့်တွင် အချိန်ပိုမရှိသလောက် ဖြစ်လာပါသည်။ ကျွန်တော်က အားလပ်ရက်ရှည်ကိုမျှော်လင့်တောင့်တမိပါတော့၏။ ဥရောပ သို့ သွားရောက်လည်ပတ်ရန် ကျွန်တော်က စီစဉ်ထားပါသည်။ သို့သော် မသွားဖြစ်ပါချေ။

ဖွန်လ ၃–ရက်နေ့ ညနေခင်း ဖြစ်ကြောင်း ကျွန်တော်က ကောင်းစွာ မှတ်မိနေပါသည်။ ကျွန်တော့်အိမ်ရှင်ဖြစ်သော မစ္စက်လော်ရီမှာက အခန်းတံခါးကိုခေါက်၍ ကျွန်တော့်အား တွေ့လိုသောလူတစ်ယောက်အား ခေါ်ခဲ့ရမည်လားဟု မေးပါသည်။

သူမ နောက်တွင်ကား ဆံပင်နီဝါဝါနှင့် လူခပ်သေးသေးတစ်ယောက်သည် မီးခိုးရောင်ဝတ်စုံဖြင့် ရပ်လျက်ရှိ၏။ ကျွန်တော်က အံ့အားသင့်မိပါသည်။ သူ့အား ယခင်က တစ်ကြိမ်မျှမမြင်ဖူးခဲ့ပါ။ သို့သော်လည်း သူ့အားဝင်၍ထိုင်ရန် ပြောမိပါသည်။ ကျွန်တော်က သူ့အား စီးကရက်ကည်ရာ သူက ငြင်းပါသည်။ စက္ကူအညိုဖြင့်ပတ်ထားသော ပါဆယ်ထုပ်ရှည်ရှည် တစ်ခုကို သူကစားပွဲပေါ်သို့ အရင်တင်လိုက်ပါသည်။ ထို့နောက် သူသည် အိတ်ထဲမှ သာ့ရေအိတ်တစ်ခုကို ထုတ်လိုက်သည်။

"ကျွန်တော့်နာမည်က 'ကားတစ်'ပါ၊ တုံးယောက်အင်ဇပိတ်တော် လုပ်ခဲ့ဖူးပါတယ်၊ ခုတော့ ဖာဂပ်ဆင်နဲ့ မောရစ်တုံးယောက်ဌာနမှာ လုပ်ပါတယ်၊ ဒေါ့ဒီမှာ ကျွန်တော့်ဖာက်ပုံပါတဲ့ သက်သေခံလက်မှတ်"

ကျွန်တော်က လက်မှတ်ကိုယူ၍ ဓာတ်ပုံကို ဖြတ်ခနဲကြည့်လိုက်ပြီး သူ့အားပြန်ပေးလိုက်ပါသည်။

"ဆိုတမ်.ပါဦး မစ္စတာကားတစ်၊ ကျွန်တော် ဘာများကူညီနိုင်ပါသလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ခင်ဗျား အဖေဆီက စာပါလာပါတယ်"

"ကျွန်တော့်အဖေဆီက ဟုတ်လား၊ ဘုရား့ရေ၊ ဘာကြောင့်များ ကျွန်တော့်ဆီ တိုက်ရိုက်မရေ့ရတာလဲ"

"အဲဒါပြဿနာရဲ့အဖြေကို သူ့စာထဲမှာ တွေ့ပါလိမ့်မယ်"

ကျွန်တော်က စာကို လျင်မြန်စွာယူထည်ပြီး ဖွင့်လိုက်၏။

ချစ်လှစွာသောသား

ဒီစာကို ဖာဂပ်ဆင်နဲ့ မော်ရစ်ဌာနမှတစ်ဆင့်ရတဲ့အတွက် မင်းတော့ အံ့သြနေမှာ မလွဲဘဲ၊ မနေ့က ဖေဖေဟာ အင်မတန် စိတ်မချမ်းမြေ့စရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို တွေ့ကြုံရတယ်၊ ဖေဖေ့ကို လူနှစ်ယောက် လာတွေ့ကြတယ်၊ သူတို့နာမည်တွေကိုတော့ ဒေါက်တာဗွန်နဲ့ မစ္စတာယက်လို့ ပြောတယ်၊ ဖေဖေ့အနေနဲ့ အမြဲတမ်းအကူအညီပေးရမယ့် နိုင်ငံခြားက မိတ်ဆွေတွေနဲ့ ပညာရှင်တွေဆီက မိတ်ဆက်စာတွေကို ပြတယ်၊ ဒီစာတွေဟာ အတုတွေဖြစ်ကြောင်းကို ဖေဖေ အခုမှပဲ သဘောပေါက်တယ်၊ ၁၈–ရာစုနှစ်ကုန်ခါနီးမှာ ရေးထားတဲ့ ပေမူအချို့ကို ကြည့်ချင်ကြောင်း မစ္စတာဗွန်က ပြောတယ်၊ သူတို့ကို ဂုဏ်သရေရှိလူကြီးတွေလို့ အောက်မေ့ပြီး ဖေဖေက ဝမ်းသာပန်းသာ ကူညီပါတယ်။

အယုဒ္ဓယမြို့ကြီး မြန်မာဘုရင်အောက်ကျပြီးနောက် တိုင်းပြည်ကြီး ကမောက်ကမဖြစ်နေစဉ်က အကြောင်းတွေကို ရေးထားတဲ့၊ ဖေဖေ့အနေနဲ့ သာမန်ပေမူတစ်ခုလို့ တွက်ဆထားတဲ့ ပေမူတစ်ခုကို ညနေဘက်ကျတော့ သူတို့တွေ့သွားကြတယ်၊ တက္ကသိန်ဘုရင်ရဲ့ အရေးတော်ပုံစာတမ်းကောင်းတွေ အများကြီးရှိပေမယ့် သူတို့ဟာ ဒီပေမူကိုပဲ မျက်စိကျနေကြတယ်။

မိုးချုပ်သွားတော့ သူတို့ဟာပေမူကိုငှားဖို့ပြောတယ်၊ ဖေဖေက မငှားနိုင်ဘူးပြောတော့ သူတို့ဟာ ကြမ်းတမ်းမာကျောလာပြီး ဖေဖေ့ကို ခြောက်လား လှန့်လား လုပ်လာတယ်၊ ကံကောင်းထောက်မတော့ ဥယျာဉ်သမားတွေဟာ ပြတင်းအပြင်ဘက်မှာ ရှိနေပြီး အစေခံတွေကလည်း အနီးအနားမှာ ရှိနေကြတယ်၊ ဒါကြောင့် သူတို့ဟာ ထွက်သွားကြတယ်။

အဲဒီညမှာပဲ လူနှစ်ယောက် အိမ်ထဲကို ဖောက်ထွင်းဝင်လာတယ်၊ ဖေဖေဟာ ညနေတုန်းက အဖြစ်အပျက်အတွက် ကယောက်ကယက်ဖြစ်နေပြီး ပေမူကို သေသေချာချာ သိမ်းထားလိုက်တယ်၊ ရဲအဖွဲ့ကို အစောင့်နှစ်ယောက်ပေးဖို့ တောင်းလိုက်တယ်၊ အစောင့်တွေက သူခိုးတွေကို ဗားကြည့်ခန်းထဲမှာတွေ့တယ်၊ သူခိုးတွေဟာ ဓားတွေထုတ်ပြီး အစောင့်တွေက ဘာမှမလုပ်နိုင်ခင်မှာပဲ တစ်ယောက်ကိုသတ်ပြီး လွတ်ထွက်ပြေးကြတယ်၊ ဒါဟာ ဒေါက်တာ ဗွန်ကိုလာတာနဲ့ ဆက်စပ်နေတယ်လို့ ဖေဖေ တွက်မိတယ်။

ဖေဖေဟာ ပေမူကို တစ်ခါထပ်ကြည့်တယ်။ ပညာတန်ဖိုးဘာမှမရှိဘူးဆိုတဲ့ ပထမယူဆချက်ကို မပြောင်းလဲပါဘူး၊ ဘာပဲဖြစ်ဖြစ် ဖေဖေဟာ ခုလောလောဆယ်တော့ ပေမူကို တစ်ခေါ်နိုင်ဖို့မအားဘူး။ ဒါကြောင့် မင်းနဲ့ မင်းဆရာဟာတော့ ဖတ်ဖတ်တပ်တပ်တစ်ဆောနိုင်လိမ့်မယ်လို့ ဖေဖေထင်တယ်။

မင်းမေမေဟာ ဒီကိစ္စတွေအတွက် အတော်ကြီးကို စိတ်အနှောင့်အယှက် ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ပေမူကို မင်းဆီပို့လိုက်ပြီး မင်းရဲ့လုံခြုံမှုကို စီစဉ်ပေးလိုက်ခြင်းဖြစ်တယ်။ မင်းမေမေစိတ်ချမ်းသာစေဖို့အတွက် မင်းကိုပေးတဲ့အကြံဉာဏ်တွေ အားလုံးကို လိုက်နာဆောင်ရွက်လိမ့်မယ်လို့ ဖေဖေယူဆပါတယ်။

“အဖေ့စာအရဆိုရင် အင်ဒိပက်တော်မင်းမှာ ကျွန်တော့်ကို အထူးညွှန်ကြားစရာတွေ ရှိပုံရတယ်”

ကျွန်တော်က မေးလိုက်ပါသည်။

“ဟုတ်တယ်၊ မစ္စတာဗွန်နဲ့ မစ္စတာယစ်ဆိုတဲ့ လူတွေဟာ အင်္ဂလန်ကိုလာပြီး ပေမူကို ခင်ဗျားဆီက ခိုးယူလိမ့်မယ်လို့ ခင်ဗျားအဖေဟာ တိုးရိမ်ကြောက်လန့်နေတယ်”

http://www.cherrythitsar.org



"ခင်ဗျားကတော့ မတိုးရိမ်ဘူးပေါ့"

"အမှန်ပြောရရင်တော့ မတိုးရိမ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားမှာတော့ ဘေးအန္တရာယ်မရှိစေဖို့ ခင်ဗျားအဖေက ကျွန်တော်တို့ကို ပြောထားတော့ ခင်ဗျားသွားလေရာကို ကျွန်တော်လိုက်ရလိမ့်မယ်၊ ခင်ဗျား သဘောတူရင်ပေါ့လေ"

"ကူပါကယ်၊ ကျွန်တော့်အဖို့ အဆင်မပြေစရာမရှိပါဘူး၊ ကျွန်တော် အခုဒေါက်တာမာတင်ဆီကို သူအားမအား ဖုန်းဆက်မေးကြည့်ဦးမယ်"

ကျွန်တော်က ဒေါက်တာမာတင်ထံ ဖုန်းဆက်သောအခါ သူက ခြောက်နာရီခွဲဝန်းကျင်လာနိုင်ကြောင်း ပြောပါသည်။ သူရယ် အခြားဆရာတစ်ယောက်ဖြစ်သော အဲဗပက်ဟက်နဲရယ်နှင့်အတူ ညစာစားရန် ပြောပါသည်။ အဲဗပက်သည် သူ၏မိတ်ရင်းဆွေမှန်တစ်ဦး ဖြစ်ပါသည်။

"ခင်ဗျား ကြားတယ်မဟုတ်လား၊ ကျွန်တော် ကနေ့ည ဒေါက်တာမာတင်နဲ့ တွေ့မယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော် ကားထဲကနေ သွားစောင့်နေမယ်၊ ကားကို လမ်းအောက်ဘက် ကိုက်ငါးဆယ်လောက်မှာ ဆိုက်ထားခဲ့တယ်၊ ကျွန်တော်တိမ်ကို တစ်ချိန်လုံး စောင့်ကြည့်နေပါမယ်"

ကျွန်တော်က ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သည်။ နွေရာသီဖြစ်လင့်ကစား အေးမြမြနှင့် မိုးပါးပါး ရွာသွန်းလျက်ရှိပါသည်။

"အင်စပိတ်တော်မင်း ကျွန်တော်နဲ့ ဒီမှာအတူနေပြီး လက်ဖက်ရည်သောက်ပါဦးလား၊ ကျွန်တော်တို့သွားတော့မယ်ဆိုမှ ခင်ဗျားဟာ အပြင်ကိုသွားပြီး ဘယ်သူတစ်ယောက်မှ အန္တရာယ်ပြုမယ့်လူ မရှိဘူးဆိုတာကို ကြည့်ချေပေါ့"

သူက သဘောတူလေသည်။ ကားတစ်ယူလာသော အထုပ်ကို ကျွန်တော်က ဖြေလိုက်ပါသည်။ မြင်ဖူး တွေ့ဖူးသော ပေရွက်ပုံကြီးကို

http://www.cherrythitsar.org



တွေ့ရှိရပါသည်။ မစ္စက်ဟော်ရီမှာ လက်ဖက်ရည်လာပို့သောအချိန်တွင် ကျွန်တော်က ပေမူများကို ကြည့်လျက်ရှိပါသည်။ ကျွန်တော်က အထုပ်ကို ဖြေလိုက်သောအခါတွင် ဘာ့တစ်သည် လာ၍ကြည့်လေသည်။

"သိပ်အဖိုးတန်သလား ခင်ဗျာ"

သူက မေးလိုက်သည်။

ကျွန်တော်က အထုပ်ထဲမှပေမူကို မယူလိုက်သောအခါတွင် တစ်ရွက်သည် အဖုံးစက္ကူပြတ်တွင် ကျန်ရစ်လျက်ရှိပါသည်။ ၎င်းတွင် ဂျီဩမေကြီပုံအချို့နှင့် ဂဏန်းအချို့သာရှိသဖြင့် သိပ်အရေးကြီးပုံမရပါချေ။ ကျန်သည့်အရွက်များ မပျက်စီးစေရန် အပြင်မှခံသည့် ပေရွက်သာဖြစ်မည်ဟု ကျွန်တော်က တွေးလိုက်ပါသည်။

"ကျွန်တော် ခုလောလောဆယ်တော့ မပြောနိုင်သေးဘူး၊ ကျွန်တော့် အဖေဟာ နာမည်ကျော်ပညာရှင်တစ်ယောက်ပဲ၊ သူကတော့ အရေးကြီးတယ်လို့ မတွက်ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ မကြာခင်သိကြမှာပါပဲ"

လက်ဖက်ရည်သောက်ပြီးသောအခါတွင် ဘာ့တစ်သည် ပြတင်းပေါက်အနီးရှိ သူ့နေရာသို့ ပြန်သွားလေသည်။ ကျွန်တော်က ပေမူကို ဖျာသီးဖျာသာဖက်ကြည့်လိုက်ရာ ဘာမျှစိတ်ဝင်စားဖွယ်ရာ မတွေ့ရှိပါချေ။ ထို့နောက် နာရီကိုမော့ကြည့်လိုက်သောအခါ ငါးနာရီခွဲပြီးပြီဖြစ်ကြောင်းကိုတွေ့၍ ကျွန်တော်က ဖိလတ်အခန်းသို့ အချိန်မီရောက်လိုလျှင် ကသုတ်ကရက်လုပ်ရပေမည်။ ကျွန်တော်က ရေမိုးချိုး အဝတ်အစားလဲပြီးနောက် အခန်းထဲသို့ ပြန်လာပါသည်။

"မသင်္ကာစရာလူများ တွေ့သလား"

ကျွန်တော်က ခပ်နောက်နောက်နှင့် မေးလိုက်သည်။

"ခင်ဗျားဟာ ပြတင်းပေါက်ကနေ ကိုယ်လုံ့ထုတ်မကြည့်ခဲ့ရင် လမ်းကို သိပ်ကောင်းကောင်းကြီးမတွေ့ရပါဘူး၊ ဒါပေမဲ့အိမ်ကို ဆောင့်ချောင်းကြည့်နေတဲ့လူတစ်ယောက်ကိုမှ မတွေ့ရပါဘူး"

http://www.cherrythitsar.org



ကျွန်တော်က ဖုန်းဆက်၍ တက္ကစီတစ်စီး မှာလိုက်ပါသည်။ ကားတစ်က အရင်ဆင်းသွားပါသည်။ ဘေးအန္တရာယ်မရှိခဲ့လျှင် ဘွန်းကီးလိုက်မည်ဟု ဆိုပါသည်။ ခရီးလမ်းတစ်လျှောက် ဘာမျှ အဖြေအကူးဖြစ်ပျက်ခြင်း မရှိပါပေ။ ကျွန်တော်၏နောက်မှ ကားတစ်လိုက်ပါနေသည်ကို တွေ့ရ၏။ သို့သော်လည်း ကျွန်တော်သိရှိနိုင်သ၍တော့ အခြားမည်သူတစ်ဦးမျှ လိုက်ပါမလာချေ။ ပါတီပွဲများနှင့် ဖာတ်ပွဲများသို့ ရေးကြီးသုတ်ပျာ သွားနေကြသော လူများအား ကျွန်တော်ကကြည့်မိ၏။ ကျွန်တော့်နောက်မှ စုံထောက်တစ်ယောက်လိုက်ပါနေကြောင်းကို သူတို့သိရှိခဲ့ကြလျှင် အဘယ်မျှ အံ့သြကြပေမည်နည်း။ တကယ်ပဲ မေမေက ကြံကြံဖန်ဖန်ရာကိုမှတွေး၍ ကြောက်တတ်ပေသည်။ မေမေ၏ ကြံကြောက်မှုကို တွေးမိသောအခါ ကျွန်တော်က မပြုံးဘဲ မနေနိုင်ပါချေ။

* * *

## အခန်း ၂

# အသေအပျောက်မြန်ဆန်ခြင်း

ဖိလစ်ကား ပိုနေမြဲ ကျာ့နေမြဲ သမားတစ်ယောက်ဖြစ်သည်။ သူက မဖြစ်နိုင်သည်အဆုံးမဟုတ်လျှင် ဘာကိုမျှ ပြောင်းလဲလိုစိတ် မရှိပါချေ။ သူကလန်ဒန်တက္ကသိုလ်တွင် ယိုးဒယားဘာသာကို လေ့လာသည်။ သူသည် ဘွဲ့ရရှိပြီးသောအခါတွင် ပထမဦး ကထိကအဖြစ် ခန့်အပ်ခြင်းခံရပြီးနောက် မကြာမီမှာပင် ပါမောက္ခလေးရာထူးကို ရရှိလေသည်။ သူ၏ပညာဇဟုသူက အတွက် ကမ္ဘာကျော်စေရန် လမ်းသည် ဖြောင့်ဖြူးသာယာလျက်ရှိလေသည်။

ဤပြောင်းလဲမှုများကို ဖိလစ်က 'တိုးတက်ဖြစ်ထွန်းမှု' ဟု ဆိုလေသည်။ သူ့လုပ်ငန်း၏ အသီးအပွင့်များသဖွယ် လက်ခံမှတ်ယူလေသည်။ သို့သော်လည်း လုပ်ငန်းတိုးတက်လာလင့်ကစား သူ့ဘဝကား ပြောင်းလဲရန် အကြောင်းမမြင်ပါချေ။ သူသည် ကျောင်းသားဘဝကနေခဲ့သော အခန်းမှာပင် နေထိုင်လျက်ရှိသည်။ ထူးခြားလာသမျှမှာ သူသည် တစ်ခန်းပြီး တစ်ခန်းချဲ့ယူရင်းနှင့် ယခုအခါတွင် ဒုတိယထပ်တစ်ခုလုံးကို ငှားရမ်းထားပြီဖြစ်၏။

အဲဝပက်မှာလည်း ဖိလစ်လိုပုံစံမျိုးပင်ဖြစ်ပါ၏။ အစတော့ သူမသည် သူ့တပည့်မလေးတစ်ယောက်ဖြစ်ပြီး သူ့အား လက်နှိပ်စက်ရိုက်၍

ကူညီလေသည်။ သူမသည် အဲ့ရပြီးသောအခါ၌ အရှေ့တောင်အာရှရာဇဝင်ကို ဖောက်ချ၍ လေ့လာရန်နှင့် ဖိလစ်နှင့်အတူ သုတေသနပြုသွားရန် သန္နိဋ္ဌာန်ချလေသည်။

အခြားလူများအဖို့မူ သူမသည် ဆွဲငင်မှုရှိလူဖြစ်ပါ၏။ အသားဖြူ၍ အရပ်မြင့်လေသည်။ သူမ၏ဘဝသည်ပြည့်စုံ၍ လောကတစ်ခုလုံးတွင် မိမိကိုခံစားရန် အသင့်ရှိလေသည်။ သို့ရာတွင် ဖိလစ်အဖို့မူကား သူမသည် လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ယောက်သာ ဖြစ်ပါချေသည်။ သူမ၏ မျက်လုံးများသည် ပြာသလား ညိုသလားဟုမေးကြည့်ခဲ့လျှင် သူက ဖြေပြနိုင်လိမ့်မည် မဟုတ်ပါချေ။

ထိုနေ့ညတွင် ကျွန်တော်က လေ့ကားအတက်တွင် အဲဗလင်အား တွေ့ပါ၏။ "ဟေ့ ပရာဆက်၊ ဖိလစ်တော့ စာကြည့်ခန်းထဲမှာ ရှင့်ကို စောင့်နေတယ်၊ သူက ကျွန်မကို ညစာချက်ပေးပါဆိုလို့ နောက်တစ်နာရီ နှစ်နာရီလောက်တော့ ရှင်နဲ့မတွေ့နိုင်သေးဘူး" သူမက ပြောလိုက်ပါသည်။

ဖိလစ်နှင့် ကျွန်တော်သည် ပေမူကို စေ့စေ့စပ်စပ် စစ်ဆေးကြပါသည်။ ဤပေမူသည် တာပေတန်ဖိုးမရှိကြောင်းကို ကျွန်တော်တို့နှစ်ယောက်သည် မိနစ်အနည်းငယ်အတွင်းမှာပင် သဘောတူညီကြပါသည်။ အကယ်၍ တန်ဖိုးရှိသည်ဟုဆိုခဲ့လျှင်လည်း ၎င်းတွင်ပါရှိသော အချက်အလက်သတင်းကြောင့်သာ ဖြစ်ချေမည်။ ပထမတွင် ကျွန်တော်တို့သည် ပေတစ်ရွက်ချင်းကို ယူ၍ ဖတ်ကြည့်ပါ၏။ အဓိပ္ပာယ်တစ်မျိုးထက် ပိုထွက်သော ပါဌ်များကို မှတ်သားထားပါ၏။ ပေရွက်ပေါ်တွင် ရေးသားထားသည်များအားလုံးကို နားလည် သဘောပေါက်ကြသောအခါတွင် ကျွန်တော်တို့သည် ပေရွက်ကို ရုပ်ပစ္စည်းအားဖြင့် စစ်ဆေးကြည့်ပြန်ပါသည်။ ပြောင်းလဲပြင်ဆင်ထားသလား၊ အတုအလိမ်လား၊ ဖြည့်စွက်ထားသည်များ ရှိသလားဟုဖြစ်ပါသည်။ နောက်ဆုံးတွင် ကျွန်တော်တို့သည် တစ်ရွက်နှင့်တစ်ရွက် လက်ရေးတူမတူ၊ မင်တူ

မတူကို ကိုက်စစ်ကြည့်ပါသည်။ ပေတာတစ်ထုပ်လုံးကို လူတစ်ဦးတည်း ရေးသားကြောင်း ထင်ရှားသေချာစေပါသည်။

တစ်နာရီကုန်လွန်သွားသည့်တိုင် ဘာမျှထူးခြားသည်ကို မတွေ့ရှိရပါ။ ပျင်းရိဖွယ်ရာသော ရာဇဝင်မှတ်တမ်းတစ်ခုသာဖြစ်ပါသည်။ ၁၇၆၇ ခုနှစ် အယုဒ္ဓယမြို့ကျဆုံးသည်မှစ၍ တက္ကသိန်ဘုရင် အောင်မြေနှင်းသည်ထိ ရေးသားထားသည်ဖြစ်ပါ၏။ ရာဇဝင်ကို ကိုင်းပြည်နေရာအသီးသီးတွင် ဖြစ်ပွားသည်အလိုက် ခွဲခြားတိတည်ထားပါသည်။ အခန်းတစ်ခု၏အဆုံးပိုင်းတွင် 'ဖန်' သည် ပထမဦး ဘုရင်ခံအဖြစ် ကြေညာပြီးနောက် 'နက်တောင်းဆာဂမ်'နှင့် 'ပီသနုလုက်' မြို့များ၏ဘုရင်အဖြစ် ခံလေသည်တို့ကို ဖော်ပြထား၏။ ဤကား ကျွန်တော်တို့သိပြီးသားထက် ဘာမျှမပိုပါချေ။ သူ၏ ရက်စက်ယုတ်မာမှုများကြောင့် ကိုင်းသူပြည်သားတို့က သူ့အား အမုန်းကြီးမုန်းကြလေသည်။ ၁၇၇၀ ခုနှစ်တွင် တက္ကသိန်ဘုရင်က သူ့အား ချီတက်တိုက်ခိုက်သောအခါတွင် လူထုကြီးသည် ရက်စက်ကြမ်းကြုတ်သော ဘုရင်ဆိုးအောက်မှလွတ်မြောက်သည်ကို ဝမ်းသာကြပြီး ဖန်ကမူ အသက်ကို လု၍ ထွက်ပြေးတော့ရာ သေသည်ရှင်သည်ကို မကြားရတော့ပါပေ။

ဖန်အကြောင်း ရေးထားသော ထိုအခန်း၏ နောက်ဆုံးတစ်ရွက်ကို ဖတ်ရှုကြရပြန်သည်။ ပထမခြောက်ကြောင်းတွင် သူပြေးသွားရာ၌ ချန်ထားပစ်ခဲ့သော အရာများကြောင်းကို ရေးထားလေသည်။ ထို့နောက် ထူးဆန်းသော ဂါထာတစ်ခုကိုတွေ့ရသည်။ ၎င်းမှာ 'မိခင်၏ညီမနားသို့ သမီးထွေးချည်းကပ်သောနေရာ'ဟူ၍ဖြစ်ပါသည်။ ထို့နောက် ဂါထာနှစ်ခုကို ဆက်လက်၍ တွေ့ရပြန်သည်။ ၎င်းတို့သည်လည်း ထူးဆန်း၍ တစ်ခုနှင့်တစ်ခု မဆက်စပ်ကြပါချေ။

“ဒါက ဘယ်လိုမဟုတ်တရုတ်တွေလဲ”

ကျွန်တော်က ဖိလစ်အား မေးလိုက်သည်။ ဖိလစ်သည် ၎င်းစာကြောင်းများအား တပင်တပန်းကြည့်လျက်ရှိ၏။

http://www.cherrythitsar.org



"ကိုယ်လည်း မသိဘူး၊ ဒါဟာ မဟုတ်တရုတ်တွေ ဖြစ်ရင်ဖြစ်၊ ဒါမှ မဟုတ် ပေမူရဲ့ အရေးအကြီးဆုံးအပိုင်း ဖြစ်ရင်ဖြစ်မယ်၊ သေသေချာချာ ကြည့်ပြီး မှောင်ရင် ဘယ်လိုထင်တယ်ဆိုတာ ပြောစမ်းပါ"

ကျွန်တော်က ပေရွက်ကိုယူ၍ အလင်းရောင်နား ကပ်ကြည့်လိုက်ပါသည်။ ခြားနားကွဲပြားမှုတွေ ရှိလေသည်။

"ခင်ဗျားပြောတာမှန်တယ် ဖိလစ်၊ ဒီစာကြောင်းတွေဟာ ပေမူနှင့် လက်ရေးတစ်ခုတည်း မဟုတ်ဘူး၊ သေသေသပ်သပ် တူပြီးရေးထားတဲ့ဟာ တစ်ခုပဲ၊ တစ်ယောက်ယောက်က ဖြည့်ထားတာပဲ"

ထိုအချိန်တွင် ညာဘအသင့်ဖြစ်ကြောင်းကို အဲဗပက်က ဝင်လာ ပြောလေသည်။

စားချင့်စဖွယ်သော ညစာဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော်တို့ က ပေရွက်များကို ယူလာလေသည်။ အဲဗပက်ကိုယ်တိုင်ပင် စိတ်ဝင်စား နေ၍ ကျွန်တော်တို့ ဘာစား၍စားမိမှန်းမသိသည်ကို သူမက ခွင့်လွှတ် လေသည်။

"ဒီဥစ္စာကို စာကြည့်ခန်းမှာ စစ်ကြည့်မှပဲ၊ နောက်မှ ထပ်ထည့် ထားတယ်ဆိုတာတော့ သေချာပါတယ်၊ ဒါပေမဲ့ ဒါကြောင့်လည်း အရေး ကြီးတယ်လို့တော့ ထွက်လို့မရဘူး"

ဖိလစ်က ပြောလိုက်သည်။

"ကျွန်မတော့ ရှင့်လိုမတွက်မိဘူး ဖိလစ်၊ ဒီဥစ္စာဟာ ကမျော်ကမည် ရေးထားတာမှန်း၊ ဒီပြင်လူတစ်ယောက် ရေးထားတာမှန်း သိသာရင်တော့ အရေးမကြီးဘူးပေါ့၊ ဒါပေမဲ့ ဒါကိုရေးတဲ့လူဟာ ဖုံးဖုံးဖိဖိ ရှိတယ်၊ သူက မူလလက်ရေးလို တူနိုင်သမျှ တူအောင်လိုက်ရေးထားတယ်"

အဲဗပက်က ပြောလေ၏။

အဲဗပက် ပြောသည်ကို ကျွန်တော်တို့က သဘောတူကြရလေသည်။ ကျွန်တော်တို့သည် စာကြည့်ခန်းသို့ပြန်ကာ ကော်ဖီသောက်ရင်းနှင့် စာရွက်

ကြောင်း၏ အဖိပ္ပာယ်ကို ဖော်နိုင်ရန် ကြိုးစားကြလေသည်။ နာရီဝက် လောက် ကျွန်တော်တို့က ငြင်းခုံဆွေးနွေးကြပါသည်။ ဤတစ်ချိန်လုံးမှာပင် အောက်ခန်းမှ လူတစ်ယောက်သည် တယောက်ယိုးသင်လျက်ရှိလေသည်။ ဒီမောင့်လက်သံက အနှောင့်အယှက်ဖြစ်လာသဖြင့် နောက်ဆုံးတွင် ကျွန်တော် က ဖိလစ်အား ပြောတော့သည်။

"ခင်ဗျားအောက်ဆင်းပြီး သူ့ကို တော်ပါတော့လို့ မပြောနိုင်ဘူး လား၊ အနှောင့်အယှက်မရှိဘဲနဲ့ကို ဒီမှာ ပျမ်းပစ်နေပြီ"

"ဘယ်အချိန်ရှိပြီလဲ"

ဖိလစ်က မေးသည်။

"ရှစ်နာရီ မိနစ်ငါးဆယ်၊ ဘယ်အချိန်တော့ ဘာဖြူ့သေးလို့လဲ"

ကျွန်တော်က ပြန်ဖြေရင်း ပြောလိုက်သည်။

"ဒါဖြင့် ရစ်ချက်ကို နောက်ထပ်ဆယ်မိနစ်ခွင့်ပေးလိုက်ပါ၊ ဆယ် မိနစ်ပြည့်ရင် သူတော်မှာပါ၊ သူဟာ ညတိုင်း ရှစ်နာရီကနေ ကိုးနာရီအထိ လေ့ကျင့်နိုင်တယ်လို့ ကိုယ်တို့သဘောတူထားကြတယ်၊ ဒီနောက် သူဟာ လမ်းအောက်ပိုင်းမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အခန်းမှာသွားပြီး နောက်ထပ် တစ်နာရီလေ့ကျင့်တယ်၊ ကဲ အခုဒီအရှက်ကို အသာထားပြီး ကျန်တဲ့ဟာတွေကို ကြည့်ကြဦးတို့"

ကျန်ရှိနေသော ပေမူများကို ဖတ်အောကြည့်သော်လည်း ဘာမျှ ထူးဆန်းသည်ကို မတွေ့ရှိရပါ။ ထိုအချိန်တွင် မိုးချုပ်လာပြီဖြစ်၍ ကျွန်တော် က အိမ်ပြန်ရန်သင့်ပြီဟု တောက်မေလိုက်၏။ အပြင်ဘက်ကားထဲတွင် ကားတစ်အား အထိုင်ခိုင့်ထားရသည်မှာ ဆိုးဝါးလာပေသည်ဖြစ်ပါ၏။

"ကျွန်တော် ကားတစ်ဆီ ပြေးဆင်းသွားပြီး သူအိမ်ပြန်ဖို့ အသင့်ဖြစ် မဖြစ် မေးချေဦးမယ်၊ တကယ်လို့ သူက အသင့်ဆိုရင် ကျွန်တော်ပြန်လာပြီး တက္ကစီတစ်စီးကို ဖုန်းဆက်မှာမယ်၊ ဘယ့်နှယ်လဲ"

"ကာဖေနူညတော့ ကိုယ်ကို ဖြေရှင်းနိုင်ကြမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မောင်ရင် ကားတစ်ဆီ သွားတွေ့နေတုန်း အဲ့ဒီပက်ကို တစ်ခါထပ်ကြည့်နိုင်ဦးမယ်၊ ပြီးတော့မှ တစ်ခါ မနက်ဖြန်မနက်ကျ ပြန်စကြတာပေါ့"

ကားတစ်သည် သူ့ကားကို ကိုက်ဝါးဆယ်ခန့်အကွာ လမ်းမီးတိုင်နှစ်ခုကြား မှောင်ရိပ်ကလေးတွင် ဆိုက်ထားလေသည်။ အားလုံးကောင်းပါသည်ဆိုကြောင်းကို ပြသည့်အနေဖြင့် သူဟွန်းတီးမည်ကို စောင့်စားရင်း ကျွန်တော်က ခပ်ဖြည်းဖြည်းလျှောက်သွားပါသည်။ သို့သော်လည်း သူ့ထံမှ ဘာအရိပ်အခြည်မျှ မပြပါ။

ပလက်ဖောင်းဘက်ရှိ ကားပြတင်းသည် ပိတ်လျက်ရှိပါ၏။ သို့သော်လည်း ကားတစ်သည် လက်ကိုင်နောက်၌ ထိုင်နေသည်ကို ကျွန်တော်က မြင်ရပါသည်။

"ကဲ... အင်စပိတ်တော်မင်း ကျွန်တော်တော့ သွားဖို့အသင့်ပဲ"

ကျွန်တော်က ပြောလိုက်ပါသည်။ ကားတစ်ကမလှုပ်ပါ။ "တော်တော်မကောင်းတဲ့ တုံ့ပြောက်ပဲ၊ ဘာပန်ကျချိက်မှာ သို့နေတယ်" ကျွန်တော်က တွေးလိုက်သည်။

ကျွန်တော်က ကုန်း၍ ကားတံခါးကို ဖွင့်လိုက်သည်။ သို့တိုင်အောင် သူက မလှုပ်ချေ။

"ကားတစ် ခင်ဗျား အဆင်သင့်ပဲလား" ကျွန်တော်က ပြောလိုက်ပြီး လက်တစ်ဖက်ဖြင့် သူ့အားလှုပ်လိုက်ပါသည်။ သူ၏ကုတ်အင်္ကျီတော်လာသည် စေးထန်းနေ၏။ ကျွန်တော်က လက်ကို လျင်မြန်စွာရုပ်လိုက်သည်။ သူ့အား ကားလက်ကိုင်ကိုမှီ၍ကန်ထားခြင်းဖြစ်၏။ အကြောင်းမူ ကျွန်တော့်လက်ကို ရုပ်လိုက်သောအခါတွင် သူသည် ဘေးဘက်သို့ လဲကျသွားလေတော့၏။ ကျိုးနေသောဓားသွားသည် သူ့ကျောမှထွက်လျက်ရှိ၏။ သူကား သေလေပြီတည်း။

"ဖိလစ်"

ကျွန်တော်က အလန့်တကြား အော်လိုက်မိသည်။

"နောက်ထပ် အသံမထွက်ပါနဲ့ ခွန်ပရာဆက်" ကျွန်တော့်နောက်မှ တည်ငြိမ်သောအသံတစ်ခု ပေါ်ထွက်လာသည်။ "ကားထဲက ထွက်လာခဲ့ပါ၊ ကျွန်တော့်လက်ထဲမှာ ဓားရှိတယ်၊ နားလည်လား၊ အသံမထွက်နဲ့နော် ထွက်ရင်တော့ အသေပဲ"

ကျွန်တော့်ကျောအား ဓားဦးချွန်နှင့် ထောက်ထားသည်ကို သိရပါ၏။ ကျွန်တော်က ဘာမျှမတတ်နိုင်။ နာခံရုံသာ ရှိတော့၏။

* * *

http://www.cherrythitsar.org

## အခန်း ၃

# အန္တရာယ်ကျရောက်ခြင်း

ကျွန်တော်က ခါးကိုမတ်၍ လက်ကိုမြှောက်ရင်း ပြုလိုက်သည်။

"လက်ကို ခင်ဗျားရှေ့မှာပဲထားပါ ခွန်ပရာဆက်၊ တစ်ယောက်ယောက် သတိပြုမိသွားမှာကို ကျွန်တော်တို့မလိုလားပါဘူး၊ ကဲ ကိုက်နှစ်ဆယ်လောက်ကို မြန်မြန်လျှောက်ပြီး ကျွန်တော့်ကားထဲကိုဝင်ပေတော့"

ကားနက်နက်ရှည်ရှည်တစ်စီးက ပလက်ဖောင်းအစွန်းတွင် စောင့်ဆိုင်းလျက် ရှိလေသည်။ ကျွန်တော်တို့ ချဉ်းကပ်သွားသောအခါတွင် ကားသည်စက်နှိုး၍ ကျွန်တော်တို့အားတွေ့ရန် ခုန်ထွက်လာပါသည်။ ကျွန်တော့်အား ကိုက်ခိုက်သူသည် ကျွန်တော့်ရှေ့မှကုန်း၍ ကားနောက်တံခါးကို လျင်မြန်စွာ ဆွဲဖွင့်လိုက်လေသည်။ ကျွန်တော်က အထဲသို့ဝင်ရန် ရှေ့သို့ကုန်းလိုက်သည်။ ထိုသို့အကုန်းလိုက်တွင် ထိုသူက ကျွန်တော့်ဇက်ပိုးအား လက်ဝါးစောင်းပြင်းပြင်း ရိုက်လိုက်သည်။ "ပရာဆက် မောင်ရင် ဘယ်ရောက်နေလဲ" အဝေးမှ ဖိလစ်၏အသံကို ကြားရသည်။ ထို့နောက် မှောင်အတိကျသွားလေသည်။ ကျွန်တော် လိမ့်၍ကျကျသွားနေသည်ဟု သိနေပါသည်။

ကျွန်တော် သတိပြန်ရလာသောအခါတွင် ဇက်ပိုးနှင့်ကျောကွင် နာနာကြည်းကြည်း ခံစားနေရပါသည်။

http://www.cherrythitsar.org



ကျွန်တော့်ပါးစပ်တွင် ပလက်စတာတစ်ခု ကပ်ထားပါသည်။

ကျွန်တော်က ခေါင်းကိုလှုပ်ရှားလိုက်သောအခါတွင် ပလက်စတာသည် နောက်ပိုးဆံပင်များအားပင် ကပ်ထားကြောင်းကိုတွေ့ရ၏။ ကျွန်တော့်လက်များကိုလည်း အောက်သို့ချ၍ ခြေထောက်ရောက်သည်အထိ ပက်နောင်၍ ကုပ်ထားပါသည်။

ကျွန်တော် သတိရပြီးနောက် ဆယ်မိနစ်လောက်ထိ ကားကိုမောင်းသွားနေပါသည်။ ထို့နောက် ကားကို အရှိန်လျှော့၍ ညာဘက်သို့တွေ့ပါသည်။ ကျွန်တော် ဘာမျှမလှုပ်ရှားနိုင်ခင်မှာပင် ဆားမှုလူတစ်ယောက်သည် ကျွန်တော့်မျက်လုံးအား အဝတ်ဖြင့် ဖျက်ကနဲစည်းလိုက်ပါသည်။ ကျွန်တော်က ဘာမှမမြင်ရတော့ပါချေ။ မိနစ်အနည်းငယ်ကြာသောအခါတွင် ကားသည် အရှိန်သတ်လိုက်ပြီး ရပ်သွားလေ၏။

ကားမောင်းသူက ဆင်း၍ ဂင်းတံခါးကို ဖွင့်လေသည်။ ထို့နောက် ကျွန်တော်တို့သည် အတွင်းသို့ မောင်းဝင်လာကြောင်းကို သိရပါသည်။ ကားဘီးများသည် ကျောက်ခဲများကိုကြိတ်၍ ကားသည် မညီညာသောလမ်းပေါ်တွင် ဆောင့်လျက်ရှိချေသည်။

ကားသည်ရပ်၍ ကျွန်တော်က ခြေထောက်တွင် ထုံထုံရှရှနာကျင်မှုကို ခံစားရပါသည်။ သွေးက တစိမ့်စိမ့်ယိုစီးလျက် ရှိပါသည်။

"ဆင်း ပရာဆက်၊ ခင်ဗျား ခြေထောက်တွေကို ဖြေလိုက်ပြီ"

အသံတစ်ခုက ပြောပါသည်။

"နှစ်ထပ်တက်ရမယ်" သူက ပြော၏။ ခဏအကြာတွင် ကျွန်တော်တို့သည် အိမ်တစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ "လှေကားကို ရောက်ပြီ တက်ပေတော့၊ မင်းနောက်မှာ ငါရှိတယ်ဆိုတာ သတိထား"

ကျွန်တော်က လှေကားကို တောင်တိုက်မြောက်တိုက်နဲ့ တက်နိုင်ခဲ့ပါသည်။ ထို့နောက် ကျွန်တော့်အား အခန်းတစ်ခုထဲသို့ တွန်းပို့လိုက်ပြီး သစ်သားလက်တင်ကုလားထိုင်တစ်လုံးတွင် ထိုင်စေပါသည်။ ကျွန်တော့်

ခြေထောက်များကို ကုလားထိုင်နှင့် ပူးချည်လိုက်ပါသည်။ လူနှစ်ယောက်သည် အခြားအခန်းတစ်ခုထဲသို့ ဝင်သွားသံကြားရပါသည်။

"မင်းခေါ်လာတာ ဘယ်သူလဲ"

အာဏာပိုင်အသံက မေးလိုက်၏။

"ပရာဆက်၊ သူ့ကို ကျွန်တော်တို့နဲ့အတူ ခေါ်လာပါတယ် ဒေါက်တာ ဗွန်"

ကျွန်တော့်အား ဖမ်းဆီးလာသူက ဖြေလိုက်ပါသည်။

"ဒါဖြင့် ကိုယ်ဟာ ပေမှုကိုရပြီပေါ့၊ ယာ်…"

တစ်ယောက်က အောင်မြင်ဝမ်းသာစွာနှင့် မေးလိုက်၏။ ထို့နောက် တံခါးကိုပိတ်လိုက်၍ ယာ်၏ပြန်ဖြေသံကို မကြားရတော့ချေ။ သို့သော် ကျွန်တော်က တစ်ခုတော့ လေ့လာမိပေပြီ။ ဒေါက်တာဗွန်နှင့် ယာ်သည် ပေမှုကိုရရန် အင်္ဂလန်အထိပင် လိုက်သည်ဟု ကန့်ဖိုးရှိပေသည်။ သူတို့လက်ထဲတွင် ကျွန်တော့်အသက်သည် ပုရွက်ဆိတ်တစ်ကောင်ပမာဖြစ်နေမှန်း ရိပ်မိသောအခါတွင် ကျွန်တော်က ခဏာမျှကြာအောင် ထိတ်လန့်တုန်လှုပ်သွားမိပါသည်။

ဒေါက်တာဗွန်၏ ဒေါသကြီးအသံက ပေါ်ထွက်လာလေသည်။

"ပရာမိုးက ဒီလူကို သတ်ပစ်လိုက်တယ်ပေါ့၊ ဟုတ်လား။ ဒီလူက မင်းကိုမသင်္ကာဘူးဆိုတာ ပရာမိုးက ဘယ့်နှယ်လုပ်သိသလဲ၊ သူက ဆေးလိပ်မီးလိုချင်ရုံပဲ မဟုတ်လား။ မင်းတို့ဟာ တော်တော်မိုက်မဲတဲ့လူတွေပဲ၊ ပြီးတော့ မင်းတို့ဟာ ပရာဆက်ကို ဖန်ရဲ့ လျှို့ဝှက်မှုမပါဘဲနဲ့ ဒီကိုခေါ်လာတယ်၊ သူ့ကို ငါက ဘာလုပ်ရမှာလဲ"

ကျွန်တော့်အား ဒေါက်တာဗွန် လာ၍မတွေ့မိ ဇာတ်လမ်းတစ်ခုတော့ မြန်မြန်ဆင်ထားမှဟုသဘောပေါက်လေသည်။ ဖိလာ်လက်ထဲတွင် ပေမှုရှိနေမှန်းသိလျှင် သူကခိုးယူပေလိမ့်ဦးမည်။ အကယ်၍ ဖိလာ်က ကားဆီး

ပိတ်ပင်ခဲ့လျှင် သူကိုသည် သူ့ကိုသတ်ရန် လက်နေးကြမည်မဟုတ်ကြောင်း ကျွန်တော်က သိပါ၏။

တစ်ဖက်ခန်း တံခါးကိုဖွင့်၍ ခြေသံများ ကျွန်တော့်ထံ လာနေသည်ကို ကြားသည်ထိ သူကို့အား ဘယ်လိုပြောရမည်ဟု မပိုင်းဖြတ်ရသေးပေ။

"ကောင်းသောညပါ ခွန်ပရာဆက်" ယခုအခါ ဒေါက်တာဗွန်၏ အသံမှန်း ကျွန်တော် သိနေပြီဖြစ်သော အသံကပြောလေ၏။ "အခုလို ခင်ဗျားကို အဆင်မပြေဖွယ်ရာတွေ လုပ်ထားတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်၊ ယစ်…သူ့ပါးစပ်ကိုပိတ်ထားတာ ဖြုတ်လိုက်ပါ၊ ဒါမှ တို့စကားပြောနိုင်ကြမှာ"

ယစ်သည် ကျွန်တော်နောက်ဘက်သို့ လှည့်ပတ်၍ လာလေသည်။

"ခင်ဗျားပါးစပ်က ပိတ်ထားတာကို ယစ် ဖြုတ်လိုက်တဲ့အခါမှာ တော်တော်တော့ နာကောင်းနာလိမ့်မယ်၊ အဲဒါ အောင့်ချင်လို့ရှိရင်တော့ အောင့်သာအောင့်ပေတော့၊ ကျုပ်တို့ဟာ အနီးဆုံးလမ်းကနေ အနည်းဆုံး နှစ်မိုင်လောက် ဝေးတယ်၊ ဒါကြောင့်မို့ ခင်ဗျားအော်တာကို ဘယ်သူမှ ကြားမှာမဟုတ်ဘူး"

အတော်ပင် နာပါသည်။ သို့သော်လည်း မည်မျှပင်နာကျင်စေကာမူ ဒေါက်တာဗွန်က ရှင်းပြထားသည်ဖြစ်၍ ကျွန်တော်က မအော်တော့ပါ။

"ခင်ဗျားက သူရဲကောင်းပါလားဗျို့။ ပရာဆက်၊ အခု ခင်ဗျားမှာ ပေမှုမပါတာကိုတော့ ကျုပ်သိပြီ၊ ခင်ဗျားဆီမှာ ပါမလာခဲ့ရင် ဒီညစ္စာဟာ ဒေါက်တာမာကင်ဆီမှာပဲ ရှိရမှာပဲ၊ ဟုတ်တဲ့လား၊ ပေမှု အခုဘယ်မှာ ရှိတယ်ဆိုတာကို ခင်ဗျားကျုပ်ကို ပြောပြကောင်းပါတယ်"

"ကျွန်တော့်အဖေရဲ့ ပေမှုပဲ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး"

ကျွန်တော်က ပြန်ပြောလိုက်သည်။ ဒေါက်တာဗွန်က မကျေနပ်ကြောင်း ညည်းညူလိုက်သံကို ကျွန်တော်ကြားလိုက်၏။ ကျွန်တော့်လက်ယာ

ဘက်ဘောကို ရှုတ်ခြည်းဆိုသလိုပင် အနှာတကြည့် အလိုးခံလိုက်ရပါသည်။ ခံနိုင်ရည်ရှိသည်ထက် ပိုမို၍ မေ့ခနဲ ဖြစ်သွားပါသည်။

ကျွန်တော် သတိရလာသောအခါတွင် ဒေါက်တာဗွန်ဇ၏ အသံကို ကြားရပါသည်။

"ခင်ဗျားပြောတာဟာ ပြောသင့်ပြောထိုက်တဲ့ စကားမဟုတ်ဘူး ပရာဆက်၊ ကျုပ်တို့ဟာ လူကြီးလူကောင်းနှစ်ယောက်လို ပြောနိုင်ကြရင် ကောင်းမယ်၊ ယတ်ဟာ ဂျူဂျူဆူ သိုင်းပညာကို ကောင်းကောင်းသင်ဖူးလေတော့ ကျုပ်တို့စကားပြောရာမှာ ကြားဖြတ်လုပ်ငန်းလုပ်ဖို့ရာ သိပ်ကို လက်တွေ့နေပုံပဲ၊ ကျုပ်ဟာ ပေမူကိုရမှဖြစ်မယ် နားလည်လား၊ ပေမူ အခုဘယ်ရောက်နေတယ်ဆိုတာကို ဖုံးဝှမ်းဖို့ ကျုပ်မှာ အချိန်တွေအများကြီး ရှိတယ်"

"ကျွန်တော် သဘောပေါက်ပါတယ်"

ကျွန်တော်က ခပ်လေးလေး ဖြေလိုက်သည်။ ကျွန်တော်သည် မူ့နောက်၍ မတည်းတာမတွေးတောနိုင်ဟန် ဆောင်ပါသည်။ သို့ရာတွင် နာကျင်မှုက ကျွန်တော့်စိတ်ကို လူးဆန်းစွာရှင်းလင်းစေပါသည်။ ကျွန်တော့် အသက်ကို ကယ်ဆယ်ရန်နှင့် ပေမူကိုလုံခြုံစေရန် နည်းလမ်းတစ်ခုတော့ ရှိပေသည်။ သို့ရာတွင် အလေးစိတ်အကွက်ချရန် ကျွန်တော်က အချိန် အနည်းငယ်လိုလေသည်။

"တကယ်လို့ ပေမူဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် ပြောပြရင် ခင်ဗျားက အပြန်အလှန်သဘောနဲ့ ဘာလုပ်ပေးမလဲ"

"ဒါဟာ အတော်ဟုတ်တာပဲ၊ ခင်ဗျားကို နှစ်ဆယ့်လေးနာရီတော့ အကျဉ်းသမားအဖြစ်နဲ့ ဆက်ချုပ်ထားဦးမယ်၊ ဒီနောက်တော့ ခင်ဗျားဟာ လွတ်ပြီပဲ။ ပြီးတော့ ခင်ဗျားဆရာရယ်၊ သူ့မိတ်ဆွေ အဲဝပက်ရယ်နဲ့ ခင်ဗျားအိမ်သားတွေကို ဒုက္ခမပေးပါဘူး ဆိုတာ ကျုပ်ကတိပေးပါတယ်။ ဒါဆို ခင်ဗျား ကျေနပ်ပြီလား"

“ခင်ဗျား ဘာပြုလို့ ပေမူကို လိုချင်တယ်ဆိုတာ ကျွန်တော်တော့ မသိတတ်အောင်ပဲ ဒေါက်တာဝှတ်စန်၊ ကျွန်တော်တို့ စေ့စေ့တပ်တပ် ဖတ်ကြည့်တယ်၊ ဘာမှတန်ဖိုးရှိတာ မတွေ့ဘူး၊ ပြီးတော့ အမှန်ပြောရလို့ရှိရင်တော့ ဒီဥစ္စာဟာ ခုဘယ်ရောက်နေတယ်ဆိုတာကို ကျွန်တော်ကိုယ်တိုင် မသိပါဘူး။ နေဦးလေ ကျွန်တော် ခင်ဗျားတို့ကို လိမ်နေတယ်လို့ မတွက်နဲ့လေ၊ ပေမူကို ခင်ဗျားခိုးယူလိမ့်မယ်လို့ ကျွန်တော့်အဖေက သတိပေးထားတယ်၊ ဒါကြောင့် တနေ့က ကျွန်တော်တို့ဖတ်ပြီးကြတယ်ဆိုရင်ပဲ ပေမူကိုစာတိုက်ကနေ ကျွန်တော့်အခန်းကို ပို့လိုက်တယ်၊ နက်ဖြန်မနက်ဆိုရင် ရောက်သွားမှာပဲ”

“ဒါမဖြစ်နိုင်ဘူး၊ ကျုပ် ယက်ကိုမေးကြည့်ပြီးပြီ၊ ခင်ဗျားတို့ ဘယ်သူမှ ဒေါက်တာမာတင်အခန်းက ထွက်မသွားကြဘူး”

ဒေါက်တာဝှတ်စန်က ပြောလေသည်။

“ကျွန်တော်တို့ကိုယ်တိုင် ထည့်တယ်လို့မပြောပါကလား ဒေါက်တာဝှတ်စန်၊ ပေမူကို တယောသေတ္တာထဲမှာထည့်ပြီး အပြင်ဘက်ကို ထုတ်သွားဖို့ရာ အတွက် မိတ်ဆွေတစ်ယောက်ကို ပေးလိုက်တယ်၊ ဒါမှ စာတိုက်အသွားလမ်းမှာ အခိုးမခံရမှာ၊ သူဟာ ချားရင့်ခရော့ဘူတာရုံနားက စာတိုက်ကို သွားပြီး ...”

ဒေါက်တာဝှတ်စန်က ကျွန်တော့်စကားကိုဖြတ်၍ ယက်အား မေးလိုက်သည်။

“သူပြောတာ ဟုတ်သလား ယက်၊ တယောသေတ္တာကိုကိုင်ပြီး တစ်ယောက်ယောက်များ ထွက်လာတာတွေ့သလား”

ယက် ပြန်မဖြေသေးဘဲ နေသည့်အချိန်သည် နာရီပေါင်းများစွာ ကြာမြင့်သည်ဟု ထင်ရပါသည်။ ခါတိုင်းနေ့များအတိုင်း ရစ်ချက်သည် တယောကိုယူ၍ နောက်ထပ်တစ်နာရီလောက်ကျင့်ရန် သွားမှသွားပါ့မလားဟု ကျွန်တော်က ပူပန်ဆုတောင်းနေမိပါတော့သည်။

http://www.cherrythitsar.org



"ဟုတ်တယ်၊ သေတ္တာတစ်လုံးနဲ့ လူရှယ်တစ်ယောက်ထွက်လာတာ တော့ တွေ့ရတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က သူ့ကို အရေးပါမယ်လို့ မတွက်မိဘူး"

ကျွန်တော်က သဘောကျမဆုံး ရှိနေပါသည်။ ကျွန်တော့် ပြောစကား ကို ပိုမိုခိုင်မာစေရန်အတွက် အမှားတစ်ခုကို ကျူးလွန်ပြောဆိုလိုက်မိ ပါသည်။

"ကျွန်တော် ပြောတာကိုမယုံရင် ကျွန်တော့်အခန်းကို သွားကြည့်နိုင် တယ်၊ အဲဒီမှာ ပေမူလုပ်ပို့လိုက်တဲ့စက္ကူပတ်ကို တွေ့ရလိမ့်မယ်၊ ဟုတ်တယ်၊ တကယ်ပဲ ပုံတွေရေးထားတဲ့ နောက်ဆုံးအရွက်တောင် ရှိသေးတယ်"

"နောက်ဆုံးအရွက် ဟုတ်လား" ဒေါက်တာဝှန်က ပြောလိုက်သည်။ "ဒါဖြင့် ကျုပ်တို့ဘာမှမဆုံးဘူးပေါ့၊ နောက်ဆုံ့တော့ ကိုဟာ သဲလွန်စ တစ်ပက်ကို ရနေပြီပဲ၊ ပရာမိုး မင်းဒီမှာနေရစ်ပြီး ခွန်ပရာဆက် လွတ်မပြေး နိုင်အောင် စောင့်နေ၊ သူနဲ့အတူစောင့်နေ၊ ကို ပေမူကိုရရချင်း ပြန်လာခဲ့ မယ်"

ထို့နောက် ကျွန်တော့်အား ပြော၏။

"ဒီမယ် ပရာဆက်၊ ခင်ဗျား ဒီမှာနေရလိမ့်မယ်၊ ခင်ဗျား ကျုပ် တို့ကို လိမ်မပြောဘူးဆိုတာ သေချာတဲ့အထိပေါ့၊ လိမ်ဗျာ လိမ်ခဲ့ရင်တော့ ခင်ဗျာ ကို ယတ် လက်အပ်ရလိမ့်မယ်၊ အဲဒီအခါကျမှ ခင်ဗျားဟာ အမှန် ကို ထုတ်ပြောလိမ့်မယ်၊ ကဲ ကျုပ်တို့သွားနေတုန်း ခင်ဗျား စဉ်းစားသာ ထားပေတော့"

"ကျွန်တော့်မျက်လုံးကို စီ ထားတဲ့ အပတ်ကို ဖြုတ်ပေးပါလား ဒေါက်တာဝှန်၊ အကာန်းကြီးလိုဖြစ်နေတာ နေလို့မရပါဘူး"

"ခင်ဗျား အန္တရာယ်ပေးမှာတော့ မဟုတ်ပါဘူး" သူက ပြန်ပြော၏။ "ပရာမိုး ကိုသွားတဲ့အခါကျတော့မှ အပတ်ကို ဖြုတ်ပေးလိုက်ပါကွာ၊ ဒါပေမဲ့ ကိုသွားပြီးမှနော်၊ နားလည်ရဲ့လား"

ထိုသို့ပြောပြီးနောက် ဒေါက်တာဗွန်နှင့် ယစ်သည် ထွက်သွားကြလေ၏။ မိနစ်အနည်းငယ်အတွင်းမှာပင် ကားတစ်စီး မောင်း၍ထွက်သွားသံကို ကြားရပါသည်။

* * *

http://www.cherrythitsar.org

# အခန်း ၄

# လွတ်မြောက်ခြင်း

ကားသံဝေးသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်တွင် မျှော်လင့်ချက် ရောင်ခြည် သန်းလာပါတော့၏။

'ပရာမို' ကျွန်တော်က ယိုးဒယားလို ပြောပါသည်။ အိမ်အစေခံ တစ်ဦးအား ပြောလေသည့်လေသံမျိုးနှင့်ဖြစ်ပါသည်။ "အဝတ်ကို လာဖြုတ်ပေးစမ်း"

ပရာမိုးက ခဏတော့ ဆုတ်ဆိုင်းနေသေး၏။ ထို့နောက် ကျွန်တော့် နောက်သို့လာကာ ဖြေလေ၏။ ကျွန်တော့်မျက်လုံးကို လရောင်ထဲတွင် ကျင့်သားရအောင် ခဏမျှ စောင့်ဆိုင်းရသေးသည်။ ထို့နောက် ကျွန်တော့် အား ဖဝေဖဝါနှင့်ကြည့်နေသော သူ့အား တွေ့ရ၏။

"ဟုတ်သွားပြီပရာမို၊ ဒါနဲ့ မင်းလည်း သိတဲ့အတိုင်းပဲ ဒေါက်တာ ဗွန်ဟာ မင်းကို တော်တော်စိတ်ဆိုးနေတယ်၊ အဲဒါကို ငါက အကူအညီပေး ချင်တယ်ကွာ၊ ကို့ ဆေးလိပ်သောက်ကြရအောင်လား၊ ငါ့အတွင်းအိတ်ထဲမှာ စမ်းကြည့်ရင် စီးကရက်ဘူးကို တွေ့ရလိမ့်မယ်၊ အေး ဟုတ်ပြီ၊ ကုတ်အင်္ကျီ ညာဘက်အိတ်ထဲမှာ မီးခြစ်ရှိတယ်၊ ဟုတ်ပြီ၊ ကဲ ငါ့လက်တစ်ဖက်ကို ဖြေပေးကွာ၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ငါ မင်းကို ညာကျဆင်နေတာမဟုတ်ပါ

http://www.cherrythitsar.org



ဘူး၊ မင်းတို့အကြောင်း ကောင်းကောင်းသိသာ့ပဲ၊ ကိုယ့်လိုလူမျိုးတွေဟာ အဖေတခဲ့တွေကို ဘယ်တော့မှမလိမ်ဘူး"

သူက ကျွန်တော့်ကို ယုံကြည်ပုံရပေသည်။ ခဏကြာတော့ သူသည် ကျွန်တော်နှင့် ခပ်လှမ်းလှမ်းမှနေ၍ ညာဘက်လက်မောင်းကို ပတ်ထားသော ပလာက်စတာကို ဖြတ်ပစ်လိုက်လေသည်။

"ကဲ ငါ့ရှေ့မှာ ထိုင်စမ်းပါဦး၊ တို့စဉ်းစားကြရအောင်"

သူက ကျွန်တော့်ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်နေပါသည်။ ကျွန်တော်တို့သည် ဆေးလိပ်သောက်နေကြ၏။ ကျွန်တော်က ဘာမျှမပြောပါ။ သူစိုးရိမ်ပူပန်နေကြောင်းကို ကျွန်တော်က တွေ့ရှိရပါသည်။ ကျွန်တော်က ဆေးလိပ်တိုကို သူ့ရှေ့သို့ပစ်လိုက်ရာ သူက အလိုက်သိစွာနှင့် ခြေထောက်ဖြင့် နင်းချေပါသည်။

"ဒီမယ် နားထောင်၊ ဒေါက်တာဖွန်ဟာ အင်မတန် ရက်စက်ဆိုးယုတ်တဲ့ လူတစ်ယောက်ပဲ၊ တစ်ယောက်ယောက်က အမှားတစ်ခုခုကို ကျူးလွန်မိရင် သူဟာ ဘယ်တော့မှ မေ့မပစ်ဘူး၊ မင်းဟာ မဟာအမှားတော်ပုံကြီးတစ်ခုကို ကျူးလွန်ခဲ့တယ်၊ မင်းဟာ အင်္ဂလန်မှာ လူတစ်ယောက်ကို သတ်ခဲ့တယ်၊ အင်္ဂလိပ်ရဲတွေဟာ တရားခံကို မမိမချင်း နေမှာမဟုတ်ဘူး၊ ဒါကို ဒေါက်တာဖွန်က ကောင်းကောင်းသိတယ်၊ ပြီးတော့ သူဟာ မင်းကို ဒီတိုင်းပြည်ကနေထုတ်သွားလည်း တစ်နေ့ကျ ပုလိပ်တွေက မင်းကိုတွေ့သွားမှာပဲဆိုတာလည်း သူသိတယ်၊ သူတို့ဟာ မင်းကိုတင်မကဘူး၊ သူ့ကိုပါ ပြန်ခေါ်လာလိမ့်မယ်၊ ဒါပေမဲ့ တကယ်လို့သာ ရဲအဖွဲ့က မင်းကိုဖမ်းမိရင် သူ့ကို ဘာမှဒုက္ခပေးနေတော့မှာ မဟုတ်ဘူး၊ ငါပြောတာကို နားလည်ရဲ့လား"

ပရာမိုးက ခေါင်းညိတ်လိုက်သည်။

"ဒေါက်တာဖွန်က ဘယ်လိုလုပ်မယ်ဆိုတာ မင်းကို ငါပြောပြမယ်၊ သူဟာ ပေမူကို မရမချင်း ငါ့အခန်းမှာ စောင့်နေမယ်၊ ပြီးတော့ သူဟာ

ပေးမှုကိုရကာနဲ့တစ်ပြိုင်နက် ယစ်နဲ့အတူ အင်္ဂလန်က ထွက်သွားမှာပဲ၊ သူတို့ဟာ ငါ့ကိုမင်းနဲ့အတူ ဒီမှာထားပစ်ခဲ့မယ်၊ မင်းမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး၊ (ဤကား မှန်းဆချက်သာဖြစ်၏။ သို့သော်လည်း ဒေါက်တာဗွန် သည် သူ့လူတွေအား မည်သို့ဆက်ဆံမည်ကို ကျွန်တော်က သိပါသည်) ပြီးတော့ မင်းဟာ အင်္ဂလိပ်စကားလည်း တစ်လုံးမှမပြောတတ်ဘူး၊ ဟုတ် တယ် မဟုတ်လား"

ပရာမိုးက ခေါင်းညိတ်ပြန်သည်။

"အဲဒီတော့ မင်းဟာ ဒီမှာဘာမှတာဝန်မရှိတော့တဲ့အထိ စောင့် နေရမှာပဲ၊ နောက်ဆုံးတော့ မင်းဟာ အပြင်ထွက်ရမှာပဲ၊ အဲဒီလိုထွက်တာနဲ့ တစ်ပြိုင်နက် ရဲအဖွဲ့က မင်းကိုဖမ်းသွားမှာပဲ၊ မင်းရဲ့အမှားအတွက် အပြစ် ပေးတဲ့အနေနဲ့ ဒေါက်တာဗွန်က ဒီလိုပဲဖြစ်အောင် စီစဉ်တာပဲ၊ မင်းကို ဗြိတိသျှကရားရုံးတော်မှာ စစ်ပြီး ကြိုးပေးမှာပဲ၊ ငါပြောခဲ့တဲ့အတိုင်းပဲ ဒေါက်တာဗွန် ဟာ အင်မတန် ရက်စက်တဲ့လူဖြစ်လေတော့ မင်းအကြောင်း နှစ်ခါပြည့်အောင် ပြန်စဉ်းစားနေမှာမဟုတ်ဘူး၊ ကဲ... စီးကရက်တစ်လိပ် ညှိပါဦး၊ မင်းလည်း တစ်လိပ်သောက်ပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။ မိနစ်အနည်းငယ်မျှ ငြိမ်သက် တိတ်ဆိတ်နေပါသည်။ ပရာမို့က သူ့ဆေးလိပ်ကို ကတုန်ကယင်ဖြင့် သောက်ရင်း ဖုန်ထဲတွင်လူးလဲနေသော သူ့ခြေထောက်ကို စိုက်ကြည့်နေ၏။ ထို့နောက် စီးကရက်တစ်ဝက် ကျိုးသောအခါတွင် သူက ကျွန်တော့်အား မော့ကြည့်လေသည်။ ရက်စက်၍ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုများသည် သူ့မျက်လုံ့တွင် မရှိပါတော့ချေ။ ၎င်းတို့အစား စိုးရိမ်ကြောင့်ကြမှုနှင့် ပင်ပန်းနွမ်းနယ်မှု တို့ကသာ ပေါ်လွင်လျက်ရှိသည်။ သူက ဤလောကကြီး တွင် မည်သူ့အားမျှ ယုံကြည်မှုမရှိတော့သည့်ပုံမျိုးဖြစ်သည်။

"သခင်ပရာဆက်၊ ကျွန်တော် ဘယ်နှယ်လုပ်ရမလဲ"

သူက ရိုးရိုးရှင်းရှင်းပင် မေးလေတော့၏။

"နားထောင် ဂျေရာမီ၊ ဒေါက်တာဗွန်ရဲ့ အကူအညီမရဘဲနဲ့ မင်းဟာ မလွတ်မြောက်နိုင်ဘူး၊ သူဟာ ခုဆိုရင် မင်းကို ကူညီတော့မှာမဟုတ်ဘူး၊ မင်းသာ ငါ့ကိုသွားခွင့်ပြုခဲ့ရင် မင်းဘယ်မှာရှိတယ်ဆိုတာကို မနက်ဖြန်မနက်ထိ ရဲအဖွဲ့ကို ငါမပြောဘူး၊ မင်းထွက်ပြေးချင်တယ်ဆိုရင်လည်း ပြေးနိုင်တာပဲ၊ ဒါပေမဲ့ လွတ်မှာတော့ မဟုတ်ဘူး"

သူက ကျွန်တော့်အား မော့ကြည့်သည်။ ကျွန်တော်က ဘာများ အကြံဉာဏ်ပေးလေဦးမည်နည်းဟု သူက စောင့်စားလျက်ရှိသည်။

"ရဲအဖွဲ့က လာဖမ်းတဲ့အထိ မင်းဟာ ဒီမှာနေမယ်ဆိုရင် မင်းအတွက် ကို့အိမ်က ရှေ့နေကောင်းကောင်းတစ်ယောက် ငှားပေးမယ်၊ ပြီးတော့ မင်းဟာ ငါ့အသက်ကို ကယ်ဆယ်ကြောင်းလည်း ငါသက်သေခံ မယ်၊ ဒီအခါကျရင် အားလုံးအပြစ်တွေဟာ ဒေါက်တာဗွန်အပေါ် ပုံကျမှာပဲ၊ မင်းကို အပြစ်မပေးအောင်တော့ ငါမတတ်နိုင်ဘူး၊ ဒါပေမဲ့ ကြိုးမကျအောင်တော့ ကယ်ပေးမယ်၊ ဒါ့ထက်တော့ ငါလည်း ဘာမှပိုမတတ်နိုင်ဘူး၊ မင်းဟာ လူတစ်ယောက်ကိုသတ်ခဲ့တော့ ပြစ်ဒဏ်တော့ ခံရမှာပဲ၊ ဒါပေမဲ့ ငါ့အစီအစဉ်အရဆိုရင်တော့ မင်းဟာ အပြစ်ပေါ့မှာပဲ၊ မင်း အင်္ဂလန်က လွတ်ထွက်မသွားနိုင်ဘူးဆိုတာကိုတော့ ငါပြောနိုင်တယ်ကွာ"

ခဏမျှကြာအောင် သူက ငြိမ်သက်စွာ ထိုင်နေသည်။ ထို့နောက် သူသည် ကျွန်တော့်ရှေ့တွင် ပစ်လှဲလိုက်ပြီး ငိုယိုကာ သူ့လွတ်မြောက်ရေး အတွက် တောင်းပန်တိုးလျှိုးလေတော့သည်။ သို့ရာတွင် ကားတစ်အား လူအဘယ်ပုံ သတ်ခဲ့သည်အား သတိရသောအခါ ကျွန်တော်က သူ့အား မသနားမိပါ။

တဖြည်းဖြည်းနှင့် ဂျေရာမီသည် ငြိမ်သက်မှု ရရှိသွားလေသည်။ ကျွန်တော်က သူ့ကိုမလောပါ။ ကျွန်တော့်တွင် လွတ်မြောက်ရေးအတွက်

ကြိုးပမ်းရန် အနည်းဆုံးအချိန် ၃–နာရီလောက်ရှိသည်ဟု အောက်မေ့၍ ဖြစ်ပါသည်။ ထိုစဉ်က ကစ်မိနစ်သည် မည်မျှတန်ဖိုးရှိကြောင်း မသိရှိပါ။ သူ့စိတ်သည် အဘယ်မျှမြန်မြန်ဆန်ဆန် ပြောင်းလဲသွားနိုင်ကြောင်းလည်း မသိရှိပါပေ။

သူက သေးသွယ်ရှည်လျားသည့် ဖားကလေးကို ထုတ်လိုက်ပါသည်။ ကားတစ်အား ထိုးသတ်သည့်ဖားမျိုးပင်ဖြစ်ပါသည်။ အနည်းငယ် ဖြတ်လိုက်ရုံနှင့်ပင် ကျွန်တော်က လွတ်လပ်သွားလေသည်။ ကျွန်တော်က သွေ့လျှောက် ကောင် ခြေထောက်အား ပွတ်သပ်လိုက်ပြီးနောက် ထ၍ရပ်လိုက်သည်။ ကျွန်တော်က ယိမ်းယိုင်သွား၍ အခန်းလယ်ရှိ ညစ်ပေသောစားပွဲကို ဖမ်းကိုင်လိုက်ရသည်။ ထိုသို့ ကျွန်တော်ကိုင်လိုက်စဉ်တွင် ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ခုကျသံ ကြားရလေသည်။

ထိုသည်ကား မှောင်ရိပ်တွင်း၌ စားပွဲခြေထောက်တွင် မှီနေသော သားရေအိတ်ကလေးဖြစ်ပါသည်။

"ဒါဘယ်သူ့ဟာလဲ"

ကျွန်တော်က ဒူးထောက်၍ အတွင်းပါပစ္စည်းများကို ကြည့်ရင်း မေးလိုက်သည်။

"ဒါဟာ ခွန်ယစ်ရဲ့ဟာပဲ၊ သူမေ့သွားတာပဲ"

သတင်းစာနှင့် မဂ္ဂဇင်းများမှတစ်ပါး အခြားဘာမျှမပါရှိပါ။ ထို့ကြောင့် ကျွန်တော်က ၎င်းကို ကြမ်းပေါ်တွင် ပစ်ထားခဲ့လေသည်။

"သူကိုပြန်လာမှာပဲ၊ ခင်ဗျားလွတ်သွားတာကို ကျွန်တော် ဘယ်နှယ် လုပ် ရှင်းပြရမလဲ"

ပရာမိုးက ညည်းညူလိုက်သည်။

"ဒီအကွက်တော့ သူကိုပြန်မလာပါဘူး၊ ငါပြောတာတွေကို မမေ့နဲ့၊ ငါ့ကတိ ငါတည်ပါတယ်"

ကျွန်တော်က ပြန်ဖြေလိုက်သည်။

ကျွန်တော် ဆင်းသွားသောအခါတွင် လှေကားသည် ကျိုးကျိုးကြွပ်ကြွပ်မြည်ပြီး ဖုန်များက လုံးခနဲ လုံးခနဲထလာပါသည်။ တံခါးသည် လှေကားရင်းမှာပင် ရှိလေသည်။ ကျွန်တော်က တံခါးဖွင့်ပြီး လှမ်းထွက်တော့မည်ပြုပြီးမှ တစ်စုံတစ်ခုတော့ မှားယွင်းနေပြီဟု သိရှိလိုက်ပါသည်။

ငြိမ်သက်နေသော သစ်ပင်များအကြားရှိ လမ်းကလေးပေါ်သို့ လအရောင်က ထိုးကျလျက်ရှိ၏။ လူတစ်ယောက်မျှတော့ မမြင်မတွေ့ရပါ။ သို့သော်လည်း သွေးလန့်လျက်ရှိပါသည်။ အပြင်ကို ထွက်၍မဖြစ်ကြောင်း ကျွန်တော်သိနေပါသည်။

* * *

http://www.cherrythitsar.org

## အခန်း ၅

## ဒေါက်တာဗွန် ကျွန်တော့်အခန်းသို့သွားခြင်း

အန္တရာယ်ကား အဘယ်နည်း။ ကျွန်တော်ကနောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပရာမိုးသည် လိုက်မလာပါပေ။ သို့တစေလည်း ကျွန်တော်သည် အပြင်ထွက်လိုက်လျှင် အသက်ခံရမည်ဟု တစ်နည်းနည်းနှင့် သိရှိနေပါသည်။

စက္ကန့်များက တစ်ချက်ချက် ကုန်ဆုံးလျက်ရှိ၏။ ကျွန်တော်က အရဲစွန့်၍ အပြင်သို့ထွက်မည်ပြုလိုက်စဉ်တွင် ခေါင်းပေါ်မှ ကြမ်းမြည်သံကြားရ၏။ ထိုအခါကျမှ ကျွန်တော်သည် အန္တရာယ်ကို သိရှိလေတော့၏။ ပရာမိုးသည် ယစ်၏သားရေအိတ်ကိုမြင်သောအခါ ထိတ်လန့်တုန်လှုပ်သွားပြီး စိတ်ပြောင်းသွားလေပြီ။ သူက တံခါး၏အထက် ပြတင်းပေါက်မှ နေ၍ စောင့်ဆိုင်းလျက်ရှိသည်။ ကျွန်တော်က အပြင်ထွက်သွားခဲ့လျှင် သူက နောက်ကျောကို ဓားဖြင့်ပစ်ပေလိမ့်မည်။ ကျွန်တော်က ထွက်ပြေး၍ သူက ပစ်သတ်ရပါသည်ဟု ဒေါက်တာဗွန်အား သူပြောလေမည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်က သွက်လက်စွာ လှည့်ပတ်ကြည့်လိုက်ပါသည်။ ဤအဆောက်အအုံသည် တစ်ကြိမ်က ကျီတစ်ခုဖြစ်ဟန်ရှိပေသည်။ ထူထဲသော

ဖုန်များအောက်တွင် အုတ်လို့မဟုတ် ကျောက်အခင်းရှိလေသည်။ ကျွန်တော်က အသံမထွက်အောင် ကူးဖြတ်နိုင်ပေသည်။ ကုလားထိုင်ဟောင်းတစ်လုံးနှင့် လယ်ကီရီယာတစ်ခုနှစ်ခု ရှိလေသည်။ တခြားမူ ဘာမျှမရှိချေ။

တစ်နည်းနည်းနှင့် ပရာမိုး၏ အာရုံဖူးတိုက်မှုကို ရှောင်ယှက်ပေးမှဖြစ်မည်။ ဤအတွက် ကျွန်တော်က အကြာကြီး စဉ်းစားမနေရပါ။ ဤအချိန်တွင် သူသည် ကြမ်းပေါ်တွင် တွားသွားနေပြီး လှေကားခဲ့သို့ ရောက်နေပေပြီ။ ဤမျှလောက် နီးနီးလေးဆိုလျှင် သူသည် ကျွန်တော့်အား လွဲမည်မဟုတ်ပါပေ။

ကျို၏ တစ်ဖက်တစ်ချက်တွင် ပြတင်းပေါက်များ ရှိလေသည်။ သစ်သားပေါင်များသည် ဆွေးမြည့်နေပြီဖြစ်ပြီး မှန်အနည်းငယ်သာ ကျန်ရှိလေသည်။ ညာဘက်တွင်မြေပြင်သည် သစ်ပင်ချုံပုတ်များမရှိဘဲ ပြန့်ကျယ်လျက်ရှိသည်။ ဘယ်ဘက်တွင်မူကား ကိုက်နှစ်ဆယ်လောက်သာ ကွက်လပ်ဖြစ်ပြီးနောက် သစ်ပင်နှစ်ပင်သုံးပင်ရှိလေသည်။ ကျွန်တော်က လွတ်မြောက်ပြေးလိုလျှင် ဘယ်ဘက်ကိုသာ ရွေးချယ်ရပေမည်။

ကျွန်တော့်တွင် လုပ်ဖို့ရှိသည်က ပရာမို့၏ အာရုံဖူးတိုက်မှုကို တစ်နေရာတွင် လွှဲဖယ်ထားဖို့သာ ဖြစ်ပါ၏။

'ပရာမိုး' ကျွန်တော်က လှမ်းခေါ်လိုက်သည်။ "အိမ်ရှေ့လမ်းထဲကို ကြည့်စမ်း၊ သစ်ပင်တွေထဲမှာ လူတစ်ယောက်လာနေတာကို ငါတွေ့ရတယ်"

ကြမ့်ပြင်က မြည်ပြန်လေသည်။ သူက ပြတင်းတွင် ရှိလျက်သားပင်။

ကျွန်တော်က အခန်းကိုလျင်မြန်စွာဖြတ်၍ ကုလားထိုင်ကို ဆွဲယူလိုက်သည်။ သို့သော်လည်း ကျွန်တော်လုပ်ပုံက သိပ်မြန်လွန်းသွား၏။ ကုလားထိုင်ခြေထောက်တစ်ဖက်သည် အသံမြည်၍ ပြုတ်ကျသွားလေသည်။

ပရာမိုးသည် အခြားပြကင်းတစ်ခုသို့ပြေးသွားသည်ကို ကျွန်တော် ကြားရသည်။ ကစ်တကန့်မျှ အချိန်ဖြုန်းနေ၍မဖြစ်၊ ကုလားထိုင်ကို ကျွန်တော့်ရှေ့တွင် ဒိုင်းသဖွယ် ကိုင်ထားလိုက်ပြီး ပြကင်းပေါက်သို့ ကျွန်တော့်ကိုယ်ကိုခေါင်းနှင့် အရင်ပစ်သွင်းလိုက်ပါသည်။ မှန်နှင့်သစ်သားများသည် ကျွန်တော့်အားပတ်ပတ်လည်တွင် ကွဲကျိုးကုန်တော့၏။ ကျွန်တော်က တလိမ့်ခေါက်ကွေးနှင့် အပြင်သို့ရောက်သွားလေသည်။ ကျွန်တော်က ယခု သစ်ပင်များဆီသို့ ပြေးပါတော့သည်။ ပရာမိုး အပစ်ခက်စေရန်အတွက် ကောက်ဒိုင်သဖွယ်ကွေ့ကောက်၍ ပြေးပါသည်။ ဓားသည် ကျွန်တော့်အား ဂိုခနဲမြည်ကာဖြတ်သွားပြီး မြေကြီးထဲတွင် သွားစိုက်လေ၏။ ကျွန်တော်က အချိန်တော်ပင်သစ်ပင်များဆီသို့ ရောက်သွားပြီး အကြီးဆုံးအပင်၏နောက်သို့ ပစ်ဝင်လိုက်ပြီး အမောဖြေရပါတော့၏။

ကျွန်တော်က နှစ်ပေါင်းများစွာ ကစားခုန်စားမှုများကို မပြုလုပ်ခဲ့မိသည်အတွက် ဝမ်းနည်းနေမိပါသည်။ ကျွန်တော့်တွင် လုံးဝ လေ့ကျင့်မှုမရှိပါ။ ဘာမျှထူးခြားဖြစ်ပျက်ခြင်း မရှိ။ ထို့ကြောင့် ကျွန်တော်က လယ်ကွင်းအဆုံးသို့ ပြေးပါတော့သည်။ ကျွန်တော်က နောက်ပြန်လှည့်ကြည့်လိုက်သောအခါတွင် ပရာမိုးသည် အိမ်ထဲမှထွက်၍ သူ့ဓားကို ကောက်လေသည်။ သူသည် ကျွန်တော့်နောက်သို့ လိုက်လာလေမည်လား။

ရှေ့ကိုက်အနည်းငယ်အကွင်းတွင် ချုံတောလေးတစ်ခု ရှိလေသည်။ ချုံတောထဲသို့ ဖြတ်သွားနိုင်လျှင် ကျွန်တော့်တွင် လွတ်လမ်းရှိလေသည်။ ကျွန်တော်၏ လက်ဝဲဘက်တွင် ချုံပိတ်ပေါင်းများပါးပုံရ၍ ထိုနေရာမှ တိုးဝင်သွားနိုင်မည်ဟု တွက်လိုက်ပါသည်။ ကျွန်တော်က မြောင်းတစ်ခုကို ကပျာကယာ ခုန်ကျော်လိုက်သည်။ သို့သော်လည်း နောက်တစ်လှမ်းမှာပင် ကျွန်တော်က သံဆူးကြိုးများတွင် ငြိတွယ်သွားပါတော့၏။ လယ်သမားက ချုံတောထဲတွင် ချထားသော သံဆူးကြိုးဖြစ်ပါ၏။

http://www.cherrythitsar.org



ယခုအခါတွင် လာအရောင်သည် ကျွန်တော့်ရန်သူဖြစ်ပါ၏။ ယခုအချိန်တွင် ပရာမိုးရောက်လာခဲ့လျှင် ကျွန်တော်က ဘာမျှမတတ်နိုင်ပေ။ ကျွန်တော်က အတင်းရုန်းကန်တွန်းဖြေနေပါ၏။ လက်များလည်း စုတ်ပြတ်ကုန်ချေပြီ။ နောက်ဆုံးတွင်ကား ကျွန်တော်သည် အပေါ်ဆုံးကြိုးကိုနှိမ့်ချနိုင်ပြီး လက်မောင်းနှင့် ဖိထားကာ တစ်ဖက်သို့ လှိမ့်ချလိုက်နိုင်ပါသည်။ ပရာမိုးသည် သံဆူးကြိုးကို တွေ့ပတ်သွားရန် ဖြတ်လမ်းကို မသိရှိခဲ့လျှင် ကျွန်တော်က သူ့ထက် အနည်းဆုံး နှစ်မိနစ်တော့ အကျောရလျက်ရှိပေပြီ။

လွန်ယက်ထားသော လယ်ကွက်ကြီးက ကျွန်တော့်ရှေ့တွင် အပြေကျယ်လျက်ရှိပါသည်။ ထိုလယ်ကွက်အဆုံးတွင်မှ တောကလေးတစ်ခုရှိလေသည်။ ဤတောထဲသို့သာရောက်သွားနိုင်ခဲ့လျှင် ပရာမိုးသည် ကျွန်တော့်အား ရှာဖွေတွေ့ရှိနိုင်ရန် မလွယ်ပါတော့ချေ။ ကျွန်တော့်နောက်မှ သစ်ကိုင်းသံများကြားရသည်။ အချိန်ဖြုန်းနေ၍ မဖြစ်ပေ။ ကျွန်တော်က စတင်ပြေးပါသည်။ ထေးထန်းသောမြေကြီးက ကျွန်တော့်ခြေထောက်အား ငြိကပ်နေပေပါသည်။ လွန်ကြောင်းများကြားတွင် ခြေချွင်လျက်ရှိနေပါသည်။

ဤလယ်ကွက်ကိုဖြတ်ရန် ဆယ်မိနစ်တော့ကြာပေမည်။ ကျွန်တော်က နှလုံးကုန်ရင်ခုန်လျက်ရှိချေ၏။ ယင်းသို့ရှိစေကာမူ ပရာမိုးအား မမြင်မတွေ့ရပါချေ။ အကယ်၍သာ သူသည် ချုံတောကိုကွယ်၍ လယ်ကွက်ကိုကွင်းကာ တောထဲသို့ ရောက်မနေခဲ့လျှင် ကျွန်တော်က လွတ်မြောက်ပေပြီ။

တောလမ်းကလေးတစ်ခုသို့ ရောက်စေသော ခြံစည်းရိုးဝင်းတစ်ခုကို တွေ့ရပါသည်။ ကျွန်တော်က ခြံစည်းရိုးဝကို ခုန်ကျော်၍ လမ်းကလေးအတိုင်း ကိုက်အနည်းငယ် ပြေးသွားပါသည်။ ထို့နောက် ချုံပုတ်တစ်ခုတွင် ပစ်လှဲလိုက်ပါသည်။ အတော်ကလေးကြာအောင်တော့ ကျွန်တော်က ဘာကိုမျှ မကြားရချေ။ ခေါင်းထဲတွင် သွေးတိုးလျက်ရှိချေသည်။ ထို့နောက်မှ တဖြည်းဖြည်းချင်းနှင့် အသက်ရှူမှန်လာပြီး နားစွင့်နိုင်ပါတော့သည်။

လင်းရောင်ခြည်သန်းလာ၍ပင် နေချေပြီ။ ငှက်အချို့သည် တောင်ပံ တဖြတ်ဖြတ်နှင့် လူးလာခတ်လျက်ရှိချေပြီ။ ထိုမှတစ်ပါး အခြားဘာမျှ မရှိချေ။ ကျွန်တော်က လမ်းမကြီးရှိရာသို့ လျှောက်သွားပါသည်။ ငါးမိနစ် လောက်အကွင်းမှာပင် ကျွန်တော်က တောထဲမှထွက်ခဲ့ပါသည်။ လမ်းမပေါ်မှ ကားမီးရောင်များကို မြင်နေရသည့်တိုင် ကျွန်တော်က ထိုနေရာသို့ရောက် အောင် အနည်းဆုံး တစ်နာရီခန့်သွားရပေဦးမည်။ ကျွန်တော့်အဝတ်အစား များသည် စုတ်ပြတ်၍ ရွှံ့များပေကျံနေသဖြင့် ပထမဆုံး တွေ့ရှိသောကား များသည် ရပ်မပေးကြပါပေ။ မိုးတင်တင်လင်းမှပင် လူနှစ်ယောက် မောင်းနှင် လာသော ကားတစ်စီးက ရပ်၍ အကူအညီပေးလေသည်။

သူတို့က ကျွန်တော် ဘာတွေဖြစ်ပျက်လာသည်ကို အင်မတန်သိချင် နေကြသည်။ ကျွန်တော်က ရှည်လျားထွေပြားသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါသည်။ ပါကီပွဲတစ်ခုအပြီးတွင် ကျွန်တော်က ဖြတ်လမ်းမှပြန်ခဲ့ သည်။ ရှေ့မီးပျက်၍ ကျွန်တော်က ကားကိုထားပစ်ခဲ့ရသည်။ ကျွန်တော့် ဇာတ်လမ်း ပြောမဆုံးခင်မှာပင် ကျွန်တော်တို့သည် လန်ဒန်မြို့စွန်သို့ ရောက်ရှိလာလေသည်။

ကျွန်တော်က အငှားကားတစ်စီးကိုမြင်သောအခါ သူတို့အား အရပ် ခိုင်းပါ၏။ ကျွန်တော်သည် ရဲအဖွဲ့သို့အပ်ထိုက်သော ထွက်ပြေးလာသည့် အကျဉ်းသားတစ်ယောက်လေလောဟု သူတို့အား ထင်မြင်အံ့သြစေကာ ချန်ထားရစ်ခဲ့ပါတော့သည်။

ဖီလစ်နှင့် အဲဗလက်ကို နှစ်ယောက်စလုံး စကားထိုင်ပြောလျက်သား ရှိနေလေသည်ကို ကျွန်တော်က တအံ့တအား တွေ့ရှိရပါသည်။ သူတို့သည် ကျွန်တော့်အတွက် ပူပန်လွန်း၍ အိပ်မပျော်နိုင်ပါဟု ဆိုလေသည်။ ရဲဘက်မှ ကျွန်တော့်သတင်းနား ထောင်ရန် ထိုင်၍စောင့်နေကြပေသည်။

မိနစ်အနည်းငယ်အကွင်းမှာပင် ကျွန်တော်က သူတို့အား ပြန်ပေး ဆွဲခံရပုံနှင့် လွတ်မြောက်လာပုံကိုပြောပြလိုက်ပါ၏။ ကျွန်တော် လွတ်မြောက်

လာပြီဖြစ်ကြောင်းနှင့် ဒေါက်တာဗွန်အား ကျွန်တော့်အခန်း၌ တွင် မိနိုင်ကြောင်းကို ဖိလစ်က ချက်ချင်းပင် ရဲဌာနအားဖုန်းဆက်၍ ပြောကြားလိုက်၏။ ပရာမိုးအား မည်သို့မည်ပုံ ဖမ်းဆီးရနိုင်ကြောင်းကိုလည်း ကျွန်တော်က ဖြည့်စွက်ပြောလိုက်ပါသည်။ ကျွန်တော်တို့အမှုအား တာဝန်ယူထားရသော ရဲမှူးက သူ့အား ကျွန်တော့်အခန်းအနီး၌ ရှိလမ်းဝတွင်တွေ့ရန် ပြောပါသည်။

သို့ရာတွင် ကျွန်တော်တို့ကတွေ့ အခန်းသို့ ရောက်ရှိသွားသောအခါ ၌ကား နောက်ကျခဲ့လေပြီ။

“မဟုတ်ဘူး ဆရာ၊ လူဆိုးတွေ လွှတ်ပြေးကြပြီ” ရဲကြပ်တစ်ယောက်က ဖိလစ်အား ပြောပါသည်။

ပေမူ၏ နောက်ဆုံးအရှက်ကို သူတို့ယူသွား မသွားကြည့်ရှုရန် ကျွန်တော်က ပြေးတက်သွားမိပါသည်။ စက္ကူပုတ်သည် ကျွန်တော်နှင့် ကာ.တစ် ထားပစ်ခဲ့သည့်အတိုင်း စာ.ပွဲကလေးပေါ်တွင် ရှိနေဆဲပင်ဖြစ်ပါ၏။ ကျွန်တော်က ဖွင့်လိုက်သည်။ နောက်ဆုံ.တစ်ချပ်ကား မရှိတော့ပါချေ။ စာတစ်ဖောင်ကိုသာ တွေ့ရလေတော့၏။

## ခွန်ပရာဆက်

ခင်ဗျားကို အသေင်သေးမိခဲ့တဲ့အတွက် ကျုပ်ကိုယ်ကျုပ် လွယ်လွယ်နဲ့ ခွင့်လွှတ်နိုင်တော့မယ် မဟုတ်ပါဘူး၊ ကျုပ်တို့ နောက်တစ်ကြိမ်များ တွေ့ကြသေးရင်တော့ ခင်ဗျားဟာ ဒုတိယ အကြိမ်မြောက် လွတ်လွှတ်မပြေ.တော့ရပါဘူး ။

သားရေအိတ်ကိုယူပြီး ယစ်ပြန်လာတဲ့ နောက်ပိုင်.မှာ ကျုပ်ဟာ စာပို့ကိုစောင့်နေဖို့ မလိုက်တော့ပါဘူး။ အယူးအကြောင်းကလည်း ကျုပ်ဟာ ပေမူရဲ့ အရေးအကြီးဆုံးအပိုင်.ကို ရထား.ပြီ မဟုတ်လား။ ခင်ဗျားကို နောက်ထပ် ဒုက္ခမပေးရတော့ဘဲနဲ့ ကျုပ်ဟာ ဖန်ဘုရင်ရဲ့ ရတနာတွေကို ရှာဖွေတွေ့နိုင်နေပြီပဲ။

ခင်ဗျားနဲ့ကျုပ် ဦးနောက်ချင်း ပြိုင်ရတာကတော့ ပျော်စရာ ကြီးပါပဲ။ ပေမှုဟာ စာကိုက်က ပို့လိုက်သလား မပို့လိုက်ဘူး လားဆိုတာကိုတော့ ကျုပ်ဟာ အမြဲတမ်း ဝေခွဲမရဖြစ်နေမှာပါပဲ။

ကျုပ်လက်မှတ်ကိုတော့ ခင်ဗျား သိတဲ့နာမည်နဲ့ပဲ ရေးထိုးခဲ့ ပါမယ်၊ တကယ်တမ်းကျတော့ ဒီနာမည်ဟာ ဘွဲ့အမည်အရည် တစ်ခုဖြစ်ပါတယ်။ သက္ကတဘာသာ "ဝံသီ"ကလာပြီး "နန်းဆက်" လို့ အဓိပ္ပာယ်ရပါတယ်။ ကျုပ်ဟာ ဖန်ဘုရင်ရဲ့ အဆက်အနွယ် တစ်ဦးဖြစ်ပြီး ကျုပ်ရဲ့အမွေကို ရှာဖွေယူရပါလိမ့်မယ်…

**ဗွန်**

နောက်ဆက်တွဲ။ ။ ခြောက် ရဲအဖွဲ့ကြီးကို ပြောပြလိုက်ပါ၊ သိပ်အလျင်မလိုပါနဲ့လို့၊ ဘာ့တစ်ကိုသတ်တဲ့ တရားခံ ပရာမို့ဟာ သူတို့ကို ဟိုအိမ်ကနေ စောင့်နေပါတယ်။

"အင်း… ကျွန်တော်တော့ ဒေါက်တာဗွန်ကို ရှိတုန်းမဲ့တုန်း အကုန်ပေး လိုက်ပြီနဲ့တူတယ်"

ကျွန်တော်က စာကိုဖတ်၍ စိတ်ပျက်လက်ပျက် ပြောမိပါသည်။

"ဘယ်ဟုတ်မလဲ၊ ကိုယ်ကတော့ ဒီလိုမထင်ပါဘူး၊ ဒါပေမဲ့ ကိုယ်တို့ဟာ နောက်ကျမှ ဒါကို သေသေချာချာ ဖတ်ကြသေးတာပေါ့၊ ဒေါက်တာဗွန် ဟာ ဒီစာကို နှုတ်ဆက်တဲ့အနေနဲ့တော့ ဒုက္ခခံမနေဘူး"

ဖိလစ်က ပြောပါသည်။ ထိုစဉ်တွင် တယ်လီဖုန်းသံပေါ်ထွက် လာသည်။

"ဒါ ကျွန်တော့်ဆီလာတာပဲ၊ ကျွန်တော့်လူတွေကို ဖုန်းဆက်ရင် ဒီကို ဆက်ဖို့ မှာထားတယ်"

ရဲမှူးက ပြောလိုက်သည်။ သူက ခဏမျှနားထောင်ပြီး နောက် ညွှန်ကြားချက်များကို တိုတိုတုတ်တုတ်ပေးနေသည်။

http://www.cherrythitsar.org



“ဒေါက်တာဗွန် ပြောတာမှန်တယ်၊ ပရာမိုးကာ ကိုအိမ်ကနေ စောင့်နေတယ်၊ သူနဲ့ ယက်ကော ချကြတယ်နဲ့တူတယ်၊ သူရှုံ့တယ်၊ သူ သေပြီ၊ ကားတစ်လိုပဲ အားလုံးခဲရပြီးတော့ပေါ့”

* * *

http://www.cherrythitsar.org

# အခန်း ၆

# သဲလွန်စကိုလေ့လာခြင်း

ကျွန်တော့်ထံသို့ ကားတစ် ပေမူယူလာသည့် ယမန်နေ့ကဆိုလျှင် မိုး ဖွဲ၍အေးမြလှပေသည်။ သို့ရာတွင် အင်္ဂလန်ပြည်ရာသီဥတုသည် အပြောင်း အလဲ မြန်ဆန်သည့်အလျောက် နောက်တစ်နေ့သည် ခြောက်သွေ့၍ နွေး တထွေ့ထွေ့ဖြစ်ပါသည်။ မိုးရိပ်မိုးခြေ လုံးဝမရှိပါပေ။ လူတိုင်းပင် သဘော တွေ့လာကြသည်။ သာယာသော နွေရာသီညနေခင်းတွင် ပြုံးကြရယ်ကြ နှင့် ဖြစ်ပါသည်။ သာယာချမ်းမြေ့မှုသဘောသည် ကူးစက်တတ်သည့် အလျောက် ကျွန်တော်သည်လည်း တက္ကစီတစ်စီးငှား၍ ဖိလစ်၏ အခန်းသို့ သွားပါသည်။ သဲလွန်စများကို ထပ်မံ၍ စစ်ဆေးကြည့်ရှုကြပြန်ပါသည်။

"ဘယ်နှယ်လဲ၊ မနေ့က တော်တော်အနားယူရရဲ့လား"

ဖိလစ်၏ စာကြည့်ခန်းထဲသို့ ကျွန်တော် ဝင်သွားသည်တွင် အဲဝပက် က ဆီး၍မေးလေသည်။

"အင်း … သိပ်မဆိုးပါဘူး၊ ဒါပေမဲ့ဗျာ ကျွန်တော်တော့ ဒေါက်တာ ဗွန် ခိုးသွားတဲ့ ပေရွက်အကြောင်းကို မစဉ်းစားဘဲ မနေနိုင်ဘူး"

ဖိလစ်က ကျွန်တော့်အား သဘောကျစွာ ကြည့်ပါသည်။

"မောင်ရင် အသက်မသေဘူး၊ ပေတစ်ရွက် ဆုံးတယ်၊ အဲဒါ ဘယ်လို သဘောရသလဲ၊ အသက်ရှင်နေသေးတာကို ဝမ်းသာသလား၊ ဒါမှမဟုတ် ပေမူအတွက် စိတ်ဆင်းရဲခြင်းဖြစ်သလား"

"ဒါကတော့ဗျာ၊ အသက်မသေတဲ့အတွက် ဝမ်းသာတာပေါ့၊ ဒါပေမဲ့ ဒေါက်တာဗွန်ကိုယ်တိုင် တာဝန်ခံထားတယ် မဟုတ်လား၊ အဲဒီ ပေချပ်ဟာ အရေးအကြီးဆုံးအပိုင်းပါလို့၊ အဲဒီတော့ သဘာဝကျကျပေါ့ဗျာ၊ စိတ်လည်း ပျက်တာပေါ့"

ကျွန်တော်က ပြန်ဖြေလိုက်သည်။

"ဒီလိုစိတ်ပျက်ဖို့တော့ မလိုပါဘူး၊ အဲဒီပေမူဟာ မောင်ရင် ပြောပုံအတိုင်းဆိုရင်တော့ မြေပုံလိုဟာမျိုး ဖြစ်မှာပဲ၊ ဒါပေမဲ့ အဲဒီမြေပုံမှာ တပါရမယ့်အစား ဂဏန်းတွေပါနေတယ်၊ ဂျီသြမေတြီပုံစံနဲ့ ဂဏန်းတွေ သာဖြစ်တယ်လို့ မောင်ရင် ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီပေါ်မှာ ဘာမှရေးမထားဘူးဆိုတာ သေချာပါ တယ်"

"ဒါဖြင့် အဲဒီဂဏန်းတွေကဘာကိုရည်ညွှန်းသလဲ၊ မောင်ရင် ဘာမှ စဉ်းစားနေစရာ မလိုဘူး၊ အဲဒီဂဏန်းတွေဟာ ကိုယ်တို့လက်ထဲမှာရှိတဲ့ ပေမူပေါ်က သင်္ကေတစာသားမှာရှိတဲ့ ဂဏန်းတွေပဲ၊ အဲဒါကို တို့ကြည့်ကြရအောင်၊ တို့ အခု ပိုသိလာကာတွေလည်းရှိတော့ အစဖော်နိုင်လိမ့်မယ်လို့ ထင်တာပဲ၊ ဒေါက်တာ ဗွန်ဟာ ကိုယ်တို့လက်ထဲမှာရှိတဲ့ အပိုင်းမပါဘဲနဲ့ ဘာမှလုပ်ဖြစ်မှာ မဟုတ်ပါဘူး၊ ကိုယ်ပြောရဲပါတယ်"

ကျွန်တော်တို့သည် ပေမူကိုထုတ်၍ သင်္ကေတများကို အခြားတစ်ရွက် တစ်ရွက်ပေါ်သို့ ကူးရေးကြပါသည်။ ၎င်းတို့၏ ဘာသာပြန်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

မိခင်၏ညီမနားသို့ သမီးဝေး ချဉ်းကပ်သောနေရာ

ဆင်ကို အလင်းရောင်ဖုံးသော စကြာသခင်နှင့်နေကိုကြည့်

လယ်ကွင်းများနှင့် ဖွားကုပ်ကြီးကိုဖြတ်၍သွား
လက်ဝဲဘက်ကွင်းတမ်း (ရေကွင်း)သည် ဘယ်တော့မှမခန်း
(၉၃၉) ကျွဲကိုင်နေရာ အမှောင်ထဲသို့ ရဲရဲသာသွား၊
အမှောင်မှ အလင်းပြီးတော့ အမှောင်သို့တစ်ကြိမ်
(၉) အမြင့်ဆုံးသည် အကြီးဆုံးဆုကိုပေးလတ္တံ့
(၄) အန္တရာယ်ရှိလျှင် ရေနှင့်အတူ အလင်းရောင်ရှိသည်။

"ကိုယ်တို့ဖက်နေတာ ဘာလဲဆိုတာ အခုမှပဲ သိကြတော့တယ်၊ ဒီဥစ္စာဟာ ဖန်ရဲ့ရတနာတွေရှိရာကို ပြတဲ့သိုက်ဆိုတာ ဘာမှသံသယရှိစရာ မလိုပါဘူး၊ ပထမ သဲလွန်စမှာ ဘာနံပါတ်မှ မရှိတာကို မောင်ရင်တို့ သတိပြုမိလား"

ဖိလစ်က မေးလိုက်သည်။

"တကယ်လို့သာ ပျောက်သွားတဲ့အပိုင်းဟာ မြေပုံဖြစ်ခဲ့ရိုးမှန်ရင် ပထမသဲလွန်စဟာ ဒေသတစ်ခုကိုပြတာပဲ၊ ကျွန်မတို့ ယိုးဒယားမြေပုံကို ယူပြီး သဲလွန်စရဲ့အဓိပ္ပာယ်ကို တောက်ကြည့်ကြရအောင်"

အဲဖပက်က ပြောလိုက်သည်။

ဖန်ဘုရင်သည် ဂိသုနလုတ်မှနေ၍ မြောက်ဘက်သို့ ထွက်ပြေးကာ နောက်ဆုံးတွင် တောင်များအကွင်း၌ ခိုအောင်းနေကြောင်းကို ကျွန်တော်တို့ သိပါသည်။ ဤတောင်များသည် ယခုအခါ ယိုးဒယားနှင့် လောပြည်၏ နယ်နိမိတ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် မြေပုံကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုသောအခါတွင် ဆိုလိုချက်ကို သဘောပေါက်လာကြပါသည်။ ထိုင်း(ယိုးဒယား) ပြည်၏ အလယ်ပိုင်းဒေသတစ်ခုလုံးကို မဲနမ်ချိုဖရားမြစ်က ရေပေးသွင်းလျက်ရှိလေသည်။ 'မဲနမ်ချို'၏ အဓိပ္ပာယ်မှာ 'မိခင်'မြစ်ဟု ဖြစ်ပါသည်။ ထို့ကြောင့် သမီးဆိုသည်မှာ မြစ်လက်တက်ဖြစ်ရပေမည်။

"မဲနန်ဟာ မြစ်လက်တက်တစ်ခုပဲ၊ အဲဒီမြစ်ဟာ တစ်နေရာမှာ နယ်စပ်ကိုကပ်ပြီး စီးသွားတယ်"

ကျွန်တော်က ပြောလိုက်သည်။ ကျွန်တော်က 'ကပ်ပြီ'ဆိုသော စကားကို ပြောလိုက်သောအခါတွင် သဲလွန်စကို သွား၍သတိရမိလိုက်၏။ 'မိခင်၏ညီမနားသို့ သမီးတွေ့ချိန်းကပ်သောနေရာ'။ မိခင်၏ညီမဆိုသည်မှာ မဲခေါင်မြစ်သာလျှင် ဖြစ်နိုင်ပေသည်။ သို့ဖြင့် ကျွန်တော်တို့သည် ရတနာများကို ဖန်ဘုရင်ဝှက်ထားသောဒေသအား တွေ့ရှိပြီနှင့်တူလေ သည်။

သို့ကစေလည်း နောက်ထပ် တစ်နာရီမျှကြာသောအခါတွင်မူကား ကျွန်တော်တို့သည် နောက်ဆုံးပေရှက်ပေါ်မှ မြေပုံမရှိဘဲနှင့် သဲလွန်စများကို မဖြေရှင်းနိုင် သို့မဟုတ် ယိုဒေသတွင် တကယ်သွားရောက်ရှာဖွေ၍မဖြစ်နိုင်ဟု ဆုံးဖြတ်လိုက်ကြပါသည်။

အောက်ပါတို့မှာ ကျွန်တော်တို့၏ ကောက်ချက်များဖြစ်ပါသည်။

သဲလွန်စ ၁။ မဲနန်မြစ်နှင့် မဲခေါင်မြစ်နှစ်ခု အနီးကပ်ဆုံးဖြစ်ရာ ဒေသဟု ကျွန်တော်တို့အားလုံး သဘောတူကြပါသည်။

သဲလွန်စ ၂။ 'ဆင်'ဆိုသည်မှာ တောင်၏အမည် ဖြစ်ရမည်။ ထိုင်းပြည်နှင့် ယိုဒယားပြည်တို့တွင် ဤအမည်နှင့် တောင်ပေါင်းများစွာ ရှိသဖြင့် ကျွန်တော်တို့အဖို့ သိပ်အကူအညီမရပါပေ။

စကြာသခင်ဆိုသည်မှာ ဗုဒ္ဓဖြစ်ရပေမည်။ ဆင်းတုတော်လား၊ ကျောင်းသင်္ခမ်းလား၊ ပုထိုးတော်လား ဆိုသည်ကိုတော့ မပြောနိုင်ပါပေ။

သဲလွန်စ ၃။ လယ်ကွက်များ စသည်တို့ကိုမူ လျှို့ဝှက်သောအဓိပ္ပာယ် ရှိလိမ့်မည်ဟု မယူဆဘဲ စည်ပင်ဝပြောသော လယ်ကွင်းကိုးခရိုင်သာ ဖြစ်ရမည်ဟု မှတ်ယူကြပါသည်။

သဲလွန်စ ၄။ ၎င်းကိုမူ လျှို့ဝှက်အဓိပ္ပာယ် ရှိမရှိကို ကျွန်တော်တို့က မဆုံးဖြတ်ပါပေ။

သဲလွန်စ ၅။ ဂူတစ်ခုသည် ရတနာများသိုဝှက်ရာအဖြစ်ကိုက်ဆုံးပါပင်။ အမှောင်ဆိုသည် ဂူကိုဆိုလိုလေသည်လား။

ကျွဲဆိုသည်ကတော့ ကျောက်တုံး သို့မဟုတ် တောင်ကုန်း သို့မဟုတ် ဗား ကျောက်များ ပေလား။

သဲလွန်စ ၆။ အမှောင်ဆိုသည်မှာ ဂူကိုဆိုလိုခဲ့လျှင် ဂူတစ်ခုကို ဖြတ်သွားပြီးနောက် ဂူတစ်ခုထဲသို့ ဝင်ရပါဦးမည်။

သဲလွန်စ ၇။ အမြင့်ဆုံးသည် အကြီးဆုံး ဆုကိုပေးလတ္တံ့၊ အကြီးဆုံး ဆုဆိုသည်ကား ဖန်၏ရတနာများကိုပင် ဆိုလို၏။ အမြင့်ဆုံးဆိုသည် ကတော့ အမြင့်ဆုံးဂူကိုပြောလေသလား၊ အမြင့်ဆုံးတောင်ကို ဆိုချေသ လော၊ မပြောတတ်ပါချေ။

သဲလွန်စ ၈။ ဤသဲလွန်စ၏အနက်ကိုကား ကျွန်တော်တို့ မသိနိုင်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ဖန်၏ရတနာများကို ညွှန်ပြပြီးသည့်နောက်မှ ဖော်ပြထားသဖြင့် ပို၍ မဆင်ခြင် မသုံးသပ်နိုင်ခြင်းဖြစ်ပါသည်။

"ဒီအချိန်မှာတော့ ဒါထက်ပိုပြီး နားမလည်နိုင်ကြတော့ဘူး၊ ကဲ… ပြောကြစမ်းပါဦး၊ ဒေါက်တာဗွန်ရဲ့ဗားကို ဘယ်လိုသဘောရကြသလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ကြော်… ဒါလား၊ ဒါလည်း ထူးဆန်းတဲ့ ပြဿနာတစ်ခုပဲ၊ သူဟာ အင်မတန် တန်ဖိုးရှိတဲ့သတင်းကို ပေးသွားတယ်၊ ဒီပေမှုဟာ ဖန်ဘုရင်ရဲ့ ရတနာသိုက်ညွှန်းလို့ သူက ပြောသွားတယ်၊ ဒီဗားကိုရေးတာဟာ ရည်ရွယ်ချက်တစ်ခုတော့ ကောင်းကောင်းရှိရမယ်၊ ဒေါက်တာဗွန်ဟာ ကိုယ်တို့ကို ဘန်ကောက်ကို သွားစေချင်တယ်"

ဖိလစ်က ပြောပါသည်။

"ရှင်ဆိုလိုတာက ဒေါက်တာဗွန်ဟာ ကျန်နေတဲ့ ပေမှုကိုလိုချင်နေ တယ်ပေါ့၊ ဟုတ်လား၊ သူဟာ ရဲအဖွဲ့က လိုက်ရှာနေတော့ အင်္ဂလန်မှာ မနေချင်တော့ဘူး၊ ဒါကြောင့် ကျွန်မတို့ကို ဘန်ကောက်သွားစေချင်တာပဲ၊ တကယ်လို့သာ ကျွန်မတို့အဲဒီကိုလိုက်သွားရင် သူဟာ ပေမှုကို တစ်ခါနိုး ပြန်ဦးမှာပဲ"

"အဲလိုသာဆိုရင်တော့ သူ့ရည်ရွယ်ချက် အောင်မြင်တာပေါ့၊ ဘာလို့လဲဆိုတော့ ကနေ့ညနေပဲ ကျွန်တော်ဖုန်းဆက်ပြီး နောက်အပတ်ထဲမှာ ဘန်ကောက်ကိုသွားဖို့ လေယာဉ်ပျံလက်မှတ်သုံးစောင်ယူလိုက်ပြီ၊ ကျွန်တော်ကတော့ သေသေချာချာ သွားမှာပဲ၊ ခင်ဗျား တို့နှစ်ယောက် လိုက်လိမ့်မယ်လို့လည်း မျှော်လင့်တယ်"

ဖိလစ်အား လိုက်ပါရန် အတော်ပြောယူရလေသည်။ သူက အင်္ဂလန်မှနေပြီး ဒေါက်တာဗွန် ဘာလုပ်သည်ကို စောင့်ကြည့်စေလို၏။ သို့ရာတွင် နောက်ဆုံး၌မူ ကျွန်တော်ကသွား ရန် သန္နိဋ္ဌာန်ချပြီးဖြစ်သဖြင့် သူလည်းလိုက်ပါရန် သဘောတူလေတော့၏။ အဲဗပက်အား လိုက်ပါရန် သူကတစ်ဖန် ယပ်မံ၍ အတော်ကလေး ဆွယ်ကရားပြောရချေသေး၏။

ကျွန်တော်တို့ ခရီးမထွက်မချင်း ဒီပေမူကို သူသိမ်းထားမည်ဟု ဖိလစ်က ဆိုပါသည်။

"ဒါနဲ့ စကားမစပ် ဒေါက်တာဗွန်ကိုမြင်ရင် မောင်ရင် မှတ်မိပါမလား"

ကျွန်တော်က ပြန်မည်ပြုစဉ်တွင် ဖိလစ်က မေးပါသည်။

"ခဲယဉ်းတယ်၊ တစ်ချိန်လုံး ကျွန်တော့်မျက်လုံးကို ပိတ်ထားတာပဲ၊ သူ့အသံကိုတော့ မှတ်မိမယ်၊ ဒါတောင် အင်္ဂလိပ်လိုမပြောရင် မှတ်မိဦးမှာ မဟုတ်ဘူး၊ အစအဆုံး ထိုင်းဘာသာနဲ့ပြောကြတာ၊ ကျွန်တော်မှတ်မိနိုင်တဲ့ လူတစ်ယောက်ကတော့ ယစ်ပဲ၊ သူ့ကို ကားထဲမှာ ဖျက်ခနဲ မြင်လိုက်ရတယ်"

"ကဲ ဒါဖြင့် သွားပေတော့၊ ဘာပဲဖြစ်ဖြစ် ယစ်ကိုတော့ သတိထားကြည့်နေ"

ဖိလစ်က ကျွန်တော့်အား နောက်ဆုံးပြောလိုက်သော စကားလုံးများ ဖြစ်ပါ၏။

* * *

http://www.cherrythitsar.org

# အခန်း ၇

# ပေမူ အခိုးခံရခြင်း

အင်္ဂလန်ပြည်တွင်နေသော နောက်ပိုင်းခုနစ်ရက်အကြောင်းတော့ ပြော ပြနေစရာ မလိုပါပေ။ ကျွန်တော်တို့သည် အဝတ်အစားများဝယ်၍လည်း ကောင်း၊ ထုပ်ပိုး၍လည်းကောင်း၊ နှုတ်ဆက်၍လည်းကောင်း၊ သောင်းပြောင်း ဖွေလာ တိတည်၍လည်းကောင်း ခရီးမထွက်ခင် လိုအပ်သည်များကို ပြင် ဆင်လျက်ရှိပါသည်။

လေယာဉ်ပျံထွက်မည့်နေ့မှာပင် ကျွန်တော်က ဝယ်ခြမ်းစရာများ ရှိနေသေး၍ ဖိလစ်နှင့် အဲစပက်အား လေယာဉ်ပျံကွင်းကျမှ ဆုံရပါသည်။

လေယာဉ်ပျံထွက်ရန် အသင့်ရှိသောအခါတွင် ကျွန်တော်တို့အား အကောက်ဘက်နှင့် နိုင်ငံကူးလက်မှတ်ဌာနသို့ ခေါ်ဆောင်သွားပြီး နောက်မှ လေယာဉ်ပျံပေါ်သို့ အခြားခရီးသည်များထက် အရင်တင်ပေးလိုက်ကြပါသည်။

စကောတလန်ယဒ်စုံထောက်အဖွဲ့မှ အင်စပိတ်တော်ကာစ်ယောက် သည် ဖိလစ်သားရေအိတ်ငယ်ကိုယူရန် ရောက်လာပါသည်။

“ဟောဒီမှာ ခင်ဗျားဥစ္စာ၊ ပေမူဟာ လုံလုံခြုံခြုံရှိပါတယ်”

သူက ရှေ့သို့ကုန်း၍ အသံကိုနှိမ့်ပြောပါသည်။ ထိုမှသာ အခြားသူများ မကြားနိုင်မည်ဖြစ်လေသည်။

"ခင်ဗျားတို့နဲ့ အတူသွားမယ့် ခရီးသည်တွေကိုလည်း ကျွန်တော်တို့ တစ်ဆေးကြည့်ပါသေးတယ်၊ ဒါပေမဲ့ လူပေါင်း ခြောက်ဆယ်ကျော်လောက် ရှိနေတယ်၊ ကျွန်တော်တို့ ပြောနိုင်တာကတော့ အဲဒီလူတွေအားလုံးကို ကျွန်တော်တို့ တစ်ယောက်မှမသိဘူး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့အားလုံး အတွက် ဖြောင့်ဖြူးသာယာတဲ့လမ်းခရီး ဖြစ်ပါစေ"

သူက ကျွန်တော်တို့နှင့် လက်ဆွဲနှုတ်ဆက်ပါသည်။ ထို့နောက် နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် ပြုံး၍ လေယာဉ်ပျံပေါ်မှ ဆင်းသွားပါတော့သည်။

အခြားခရီးသည်များ လေယာဉ်ပျံပေါ် တက်လာသောအချိန်တွင် ကျွန်တော်တို့က သူတို့အား ဂရုတစိုက် ကြည့်ရှုကြပါသည်။ သို့ရာတွင် သူတို့အားလုံးသည် အန္တရာယ်ပေးမည့်လူများ ဖြစ်ပုံမရကြပါပေ။ ၎င်းတို့ အထဲတွင် ဗွန်ပါမပါကိုကား ကျွန်တော်တို့သည် မည်သည့်နည်းနှင့်မျှ ပြောမပြနိုင်ပါချေ။

တံခါးများကို ပိတ်လိုက်ပြီ။ စက်သံက ဆူညံစွာထွက်လာပြီး ကျွန်တော်တို့သည် လေယာဉ်လမ်းတစ်လျှောက်တွင် ရှူ့လိမ့်၍ ပါသွားကြလေတော့၏။

မကြာခင်မှာပင် ညအချိန်သို့ ဆိုက်ရောက်လာတော့သဖြင့် ကျွန်တော်တို့သည် ထောင်များကို ခြေထောက်ပေါ်တွင် ဖုံ့အုပ်လိုက်ကြပြီး အိပ်ရန်ကြိုးစားကြပါသည်။ ကျွန်တော်က ဖိလစ်ထက် ပိန်သည်ဖြစ်၍ သားရေအိတ်ကို ကျွန်တော့်ဘေးတွင် တစ်ညလုံးထားရန် ပြောလိုက်ပါသည်။ ထိုညကား လုံးဝ အဆင်မပြေသော ညတစ်ညဖြစ်ချေ၏တော့ တကား။

ရောင်ခြည်ဦးမှာပင် ကျွန်တော်တို့သည် အောက်တည့်တည့်၌ မြေထဲပင်လယ်ကို တွေ့ရပါသည်။ နောက်တစ်နာရီလောက်အကြာတွင်ကား

http://www.cherrythitsar.org



ကျွန်တော်တို့သည် ဘီရှက်မြို့တွင် ဆင်းသက်ရန်အတွက် ဖွဲ့ဝဲလျက်ရှိပါတော့သည်။ မျက်နှာသစ်၍ နံနက်စာစား သောက်နိုင်ရန်အတွက် ထိုမြို့တွင် တစ်နာရီနား ပါသည်။

ဖိလစ်က သားရေအိတ်အား သူယူထားမည်ဟုဆိုပြီး ရှေ့မှ အဲစပက်နှင့်အတူ လျှောက်သွားပါသည်။ တစ်စုံတစ်ယောက်က လုပေးမည့်အေးကို ကြည့်ရင်း ကျွန်တော်က နောက်မှလိုက်ပါသွားပါသည်။ ကျွန်တော်တို့က သတိရှိစွာနှင့် အခြားခရီးသည်များကို ကျွန်တော်တို့ရှေ့မှ သွားစေပါသည်။ ဖိလစ်နှင့်ကျွန်တော် မျက်နှာသစ်ခန်းသို့ရောက်သောအခါတွင် ဖိလစ်သစ်နေစဉ် ကျွန်တော်က သားရေအိတ်ကိုယိုင်ထားရန် ကျွန်တော်က သူ့အားအကြံပေးမိပါသည်။ ထို့နောက် ကျွန်တော့်အလှည့်တွင် သူက တစ်ဖန်ကြည့်ရှုထားရန်ဖြစ်ပေသည်။

သူက လုံးဝ ဆန့်ကျင်လေသည်။

"ဒီမှာ ပရာဆက်၊ သိပ်မပူပါနဲ့၊ ကိုယ်တာဝန်ခံပြီး လုပ်နေပါတယ်၊ ဒီမှာ ဘယ်လောက်ကြာမယ်ဆိုတာ မှောင်ရင် မပြောနိုင်ဘူး၊ လေယာဉ်ပျံကတစ်ခုခုဖြစ်နေရင် သုံးနာရီလောက် ကြာချင်ကြာမယ်၊ ဒါမှမဟုတ် မုန်တိုင်းတစ်ခုလာနေတယ်ဆိုရင် မိနစ်သုံးဆယ်ကညာ်းပဲ ကြာလိမ့်မယ်၊ အဲဒီတော့ ကိုယ်တို့ဟာ မြန်မြန်ဆန်ဆန် လုပ်ကြမှပေါ့"

ကျွန်တော်က မိုးသားတိမ်တိုက်ကင်းစင်သော ကောင်းကင်ပြင်ကြီးအား မော့ကြည့်မိပါ၏။ မုန်တိုင်းတဲ့၊ ဒါပေမဲ့ လူတစ်ယောက်က ဒီလိုမနိုးမတပ်ပြောနေခဲ့လျှင် ဘယ်သူက ဘာတတ်နိုင်ဦးမည်နည်း၊ ကျွန်တော်က တတ်နိုင်သမျှသော သားရေအိတ်ကိုသတိထားနေရသည်။ သို့ရာတွင် ဖိလစ်ကမူ ၎င်းအား နံရံဘေးတွင် ချထားလိုက်ပြီး တောင့်ကြပ်ကြည့်နေပုံ လုံးဝမရပါ။ ထို့နောက် ဖိလစ် ရပ်နေသောအကန်း၏ တစ်ဖက်ထိပ်မှ ကြွေအင်တုံသည် အားလေတော့၏။

သူက သားရေအိတ်ကို ကြည့်မနေခဲ့လျှင် ကြွေအင်ကဲ့ကို ကြည့်နေခြင်းသာဖြစ်ပေမည်။ သူက ကျွန်တော့်အား မော့ကြည့်နေသည်။ သူ့မျက်နှာတွင် ဆပ်ပြာမြှုပ်များ ရှိလေသည်။ အဲဝပက်အား တစ်နေ့လုံး စောင့်နိုင်းထားရန် မဖြစ်နိုင်၍ မြန်မြန်လုပ်ရန် သူက ပူးပူးပါးပါး အော်ပြောပါသည်။

ဤသည်က ကျွန်တော့်အား ကျွဲမြီးကိုဖောပါသည်။ ဖိလစ်သည်လည်း အခြားလူများလိုပင် အဲဝပက်အတွက် ပူပန်လျက်ရှိလေသည်။ အဲဝပက်က သူ့အား ကိတ္တအမျိုးမျိုး၌ နာရီနှင့်ချီ၍ စောင့်ခဲ့ဖူးကြောင်းကို ကျွန်တော် သိပါသည်။ ကျွန်တော်က ဖိလစ်အား ဒေါ်ပွလွန်းလှ၍ ကမ္ဘာပေါ်တွင် ရှိရှိသမျှ သားရေအိတ်များအားလုံးကို ဒေါက်တာဗွန်အား ပေးလိုက်သည့်တိုင် ဂရုမစိုက်နိုင်တော့ပါပေ။ လေကြောင်းခရီးတွင် ဖိလစ်က ယခုအတိုင်းသာ လုပ်နေခဲ့လျှင် ကျွန်တော့်ဘာသာ အင်္ဂလန်သို့ ပြန်ပါတော့မည်။

သို့တစေလည်း မကြာမီမှာပင် ကျွန်တော်က တည်ငြိမ်မှု အနည်းငယ် ရရှိသွားပြီး သားရေအိတ်ကို ပြန်၍ သတိထားမိပါသည်။ ကျွန်တော်က သစ်သီးသုတ်ဗူးနှင့် ဖိလစ်နှင့် တစ်ချိန်တည်းပြီးစေရန် မျက်နှာသစ်ပါသည်။ သားရေအိတ်က နေရာတွင် ရှိမြဲဖြစ်ပါ၏။ ကျွန်တော်တို့မြေကြီးပေါ်တွင် ရှိစဉ်အတွင်း သားရေအိတ်အား ကျွန်တော်က ကြည့်ထားရန် ဖိလစ်က ပြောပါသည်။ ကျွန်တော်က စိတ်သက်သာရာရှိသွားပြီးနောက် သားရေအိတ်ကို ချက်ချင်းပင် ကောက်ယူလိုက်ပါသည်။

ကျွန်တော်က ကောက်ကိုင်လိုက်သည်ဆိုလျှင်ပင် တစ်ခုခုတော့ဖြစ်ပြီ ဆိုကြောင်းကို သိရှိပါတော့၏။ သားရေအိတ်သည် အလွန်လေးလျက် ရှိ၏။ ကျွန်တော်က ကြည့်လိုက်သောအခါတွင် ၎င်းသည် ကျွန်တော်တို့ သားရေအိတ်မဟုတ်ကြောင်းကို အထိတ်တလန့် တွေ့ရှိရပါသည်။ အလွန် တူသော်လည်း ကျွန်တော်တို့ဟာတော့ မဟုတ်ပါချေ။

http://www.cherrythitsar.org



ကျွန်တော်က သေတ္တာကို ဆွဲဖွင့်ကြည့်လိုက်ပါသည်။ အထဲတွင် ဘာမျှမရှိပါချေ။ မဂ္ဂဇင်းစာအုပ်တွေကိုသာ ပေထုပ်နှင့် ကတ်ပုံကတ်ရှယ်ကည်း ရှိအောင် ခေါက်ထားသည်ကို တွေ့ရပါသည်။

"ခိုးသွားပြီဗျို့"

ကျွန်တော်က အော်လိုက်ပါသည်။

"ခိုးသွားပြီ ဟုတ်လား၊ ပေမူကိုပြောတာလား"

ဖိလစ်က မေးပါသည်။

"ပေမူကိုပေါ့၊ လာ လာ ကျွန်တော်တို့ မြန်မြန်လိုက်နိုင်ရင်တော့ မီမှာပဲ"

သို့သော်လည်း ဖိလစ်က သို့သို့သွက်သွက် မရှိလှပါချေ။ သူက သားရေအိတ်ကိုယူ၍ အတွင်းရှိစာရွက်များအားလုံးကို ကြည့်ရှုပြီးမှ ပြန်ချထားလိုက်သည်။

"သူခိုးကိုတော့ မမိမိအောင် ဖမ်းရမှာပဲ၊ ဒါပေမဲ့ တစ်ခုခု အခိုးခံရတယ်လို့တော့ သွားမအော်လိုက်နဲ့၊ ရဲအဖွဲ့ကို အတစ်ခံနေရရင် လေယာဉ်ပျံကို လွတ်သွားလိမ့်မယ်"

"ဒါပေမဲ့ ဖိလစ် ကျွန်တော်တို့ ဒါကိုပြန်ရမှဖြစ်မယ်"

"ဒါကိုဒီနည်းနဲ့တော့ ပြန်ရမှာမဟုတ်တာ သေချာတယ်၊ သူတို့ဟာ ဒါကိုခိုးဖို့ရာအတွက် သေသေချာချာ အကွက်ချထားကယ်ဆိုတာ ရှင်းနေတာပဲ၊ အဲဒီတော့ သူတို့ဟာ ဒီကနေ ဘယ်နည်းနဲ့ မြန်မြန်လွတ်ထွက်သွားနိုင်မယ်ဆိုတာ စီစဉ်ပြီးဖြစ်မှာပဲ၊ တို့ ဒါကိုပြန်ရနိုင်တဲ့ အကောင်းဆုံးနည်းကတော့ ဘန်ကောက်မှာပဲဖြစ်တယ်၊ သူတို့ဟာ ဒါကို ဘန်ကောက်ကို မြန်နိုင်သမျှ မြန်မြန်ပို့လိုက်ကြမှာပဲ"

ကျွန်တော်သဘောတူလိုက်သည်။ ကျွန်တော်က သူ့အား အင်မတန်ဒေါပွနေသည်။ နောက်ဆုံးမှာတော့ ဤသည်မှာ သူ၏အပြစ် လုံးဝသာဖြစ်ချေသည်။ ဤအကြောင်းကို အဲဗပက်အား ပြန်ပြောသောအခါတွင်

ဖိလစ်၌ ကာဂန်ရှိသည်ဟု ကျွန်တော်က အတိအကျမပြောပါ။ သို့ရာတွင် ထိုသို့ကျွန်တော်ယင်နေကြောင်း ကိုတော့ ပေါ်လွင်စေပါသည်။

နံနက်စာကို တိတ်တိတ်ဆိတ်ဆိတ် စားသောက်ကြပါသည်။ လေယာဉ်ပျံပေါ်သို့ ပြန်ရောက်သောအခါတွင် ကျွန်တော်က စာဖတ်ပါသည်။ ဂန်းရှိမွမ်းနယ်လာသောအခါတွင် ကျွန်တော်က အိပ်ပျော်သွားပါသည်။ ဖိလစ်က တောင်းပန်သည့်အလွှင်ရှိပါသည်။ သို့ရာတွင် ကျွန်တော်က ခုထိ စိတ်ဆိုးဒေါပွနေဆဲဖြစ်၍ သူ့အား ခွင့်မလွှတ်နိုင်ပါချေ။

ညသန်းခေါင်တွင် ကျွန်တော်တို့သည် ကာလကတ္တား၌ ဆင်းသက်ပါ၏။ ထိုနောက်တွင်မူ ဘန်ကောက်မြို့သို့ ရောက်ရှိရန် လေးနာရီသာ ပျံသန်းရပေတော့မည်။ လေယာဉ်ပျံက နောက်ကျလျက်ရှိသည်။ ထို့ကြောင့် မြေပြင်ကြီးကို ကျွန်တော်တို့ ဖြတ်သန်းသွားသောအခါတွင် ခြောက်နာရီထိုး နေပြီဖြစ်လျက် နေက ထွက်နေပေပြီ။ ဆေးလိပ်မီးများကို ငြိမ်းသတ်၍ ခါးပတ်များကိုပတ်ထားရန် ပြောကြားသောအချိန်တွင်မှ ဖိလစ်က ကျွန်တော့် ဘက်သို့ ကုန်းညွတ်လိုက်သည်။

“ဒီမယ် ပရာဆက်၊ မောင်ရင် ကိုယ့်ကိုစိတ်ဆိုးနေတယ်ဆိုတာ သိပါတယ်၊ ကိုယ်တောင်းပန်ပါတယ်၊ အခိုးခံရတဲ့အတွက်တော့ မဟုတ်ဘူး၊ ကိုယ်က အခိုးခံရစေချင်တာ”

“ခင်ဗျားက အခိုးခံရစေချင်တယ် ဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ ဒီအကြောင်းကို စောစောက မောင်ရင့်ကို မပြောမိတဲ့အတွက်တော့ တောင်းပန်ပါတယ်”

“ဒါပေမဲ့ ဘာလို့အခိုးခံစေချင်ရတာလဲ”

“အင်္ဂလန်မှာကတည်းက ကိုယ်ဟာ ဒီကိစ္စကို အပြန်ပြန်အလှန်လှန် စဉ်းစားခဲ့တယ်၊ ဒေါက်တာဗွန်အဖို့ စိတ်အချရဆုံးနည်းကတော့ သူက ဘန်ကောက်ကိုပြန်ပြီး ယစ်ကို ထားခဲ့ဖို့ပဲ၊ ယစ်က ကိုယ်တို့ကို စောင့်ကြည့်နေပြီး ကိုယ်တို့ ဘယ်လေယာဉ်ပျံနဲ့ ထွက်တယ်ဆိုတာကို အသိပေးဖို့ပဲ၊

ကိုယ်တို့ဟာ မောင်ရင့် အဖေအိမ်ကို ရောက်သွားတဲ့အခါကျမှဆိုရင်တော့ ပေမူကို ရနိုင်ဖို့ဟာ မလွယ်ဘူးလို့ ဒေါက်တာဗွန်က သိတယ်။ အဲဒီတော့ သူဟာ လမ်းမှာပဲ ခိုးယူဖို့ရှိတယ်၊ လမ်းမှာဆိုတာက လေယာဉ်ပျံကွင်းကနေ မောင်ရင့် အိမ်သွားတာအထိပေါ့"

"သူဟာ ပေမူကိုလမ်းခရီးမှာ မခိုးခဲ့ရင် လေယာဉ်ပျံကွင်းကနေ အိမ်အသွားမှာ ခိုးယူမှာတော့အမှန်ပဲဆိုတာ ကိုယ်သိနေတယ်၊ ရလည့်ရသွားမှာပဲ"

"ဘယ်လိုကြောင့်လဲ"

အဲဗပက်က မေးလိုက်သည်။

"ကိုယ်ဟာ ဒေါက်တာဗွန်လို အသနား အကြင်နာမဲ့တဲ့ လူတစ်ယောက်ဖြစ်ခဲ့ရင် ပေမူကိုမရအရခိုးမှာပဲ၊ ဘယ်လိုလုပ်မလဲဆိုတော့ လော်ရီကားကတ်တီးနဲ့ အလုပ်သမားနှစ်ဆယ်လောက်ကို ငှားမယ်၊ ကားမောင်းတဲ့လူကတော့ ကိုယ့်လူပေါ့၊ သူဟာ ကိုယ်တို့ လေယာဉ်ပျံကွင်းထွက်ကတည်းကပဲ စောင့်နေရမယ်၊ မောင်ရင်တို့ သဘောပေါက်ကြရောပေါ့၊ တို့ကားဟာ ဘယ်လိုကားမျိုးဆိုတာ ဒရိုင်ဘာကို ပြောလိုက်မယ်၊ ကိုယ်တို့လာနေတာ လည့်တွေ့ရော ဒရိုင်ဘာဟာ ကိုယ်တို့ကို ခေါင်းချင်းဆိုင်တိုက်ပစ်လိုက်မယ်၊ အလုပ်သမားနှစ်ဆယ်ဟာ ခုန်ဆင့်ကြပြီ ကိုယ်တို့ကို ကားအောက်ဆွဲထုတ်ကြမယ်၊ ဒရိုင်ဘာကတော့ သားရေအိတ်ကိုယူပြီ့တော့ လစ်ထွက်သွားရုံပဲ၊ ကိုယ်တို့ သေတာရှင်တာဟာ ဒေါက်တာဗွန်လို လူတစ်ယောက်အတွက် ဘာမှ အရေးမကြီးဘူ"

ခဏမျှတော့ ကျွန်တော်က ဘာပြန်ပြောရမှန်း မသိပါ။ ပြီးတော့မှ–

"ဒါဖြင့် ကျွန်တော်က ခင်ဗျားကို ကောင်းပန်ရမှာပဲ ဖိလစ်"

အိမ်သို့သွားသော ဆယ့်ငါးမိုင်ခရီးတွင် ကျွန်တော်တို့သုံးယောက်အနက် ဘယ်သူမျှ စိတ်ဝင်စားမှုမရှိပါ။ သို့ရာတွင် ကျွန်တော်တို့နှင့်အတူ

ပေမူမပါသည်ကို ဒေါက်တာဗွန် သတင်းရပြီးလေပြီ။ အကြောင်းမှာ ကျွန်တော်တို့သည် ဘေးမသိ ရန်မခပါ။

ကျွန်တော့်မိတ်ဆွေများနှင့် အစ်မနှမများသည် ကျွန်တော်တို့အား စောင့်ဆိုင်းလျက်ရှိကြသည်။ ပြောစရာ ဆိုစရာတွေများလှသဖြင့် ကျွန်တော်ရယ် ဖေဖေရယ် ဖိလစ်ရယ်သည် နံနက်စာစား ပြီးကြမှပင် ဥယျာဉ်ထဲ၌ထိုင်ကာ ဒေါက်တာဗွန်အကြောင်း ဆွေးနွေးနိုင်ကြပါတော့သည်။

ကျွန်တော်တို့က ဖေဖေအား သိသမျှနှင့် ဖြစ်ပျက်သမျှအလုံးစုံကို ပြောပြပါသည်။ သူက ဂရုတစိုက်နားထောင်နေပြီးနောက် ဒေါက်တာဗွန်သည် ရူးသွပ်နေသည်ဟု ဆိုပါသည်။

"ဖန်ဘုရင်ရဲ့ရတနာတွေကို တွေ့လိမ့်မယ်လို့ ငါတော့ လုံးလုံးမထင်ဘူး၊ ဖန်ထွက်ပြေးတော့ ဒီရတနာတွေအားလုံးကို သူ့လက်ထဲက ရလိုက်ကြတယ်နဲ့တူတယ်၊ ပြီးတော့ ဒေါက်တာဗွန်ဟာ ဖန်ရဲ့အဆွယ်တော်လို့ ဆိုနေတာလည်း ရူးတာပဲ၊ အိုကွာ ငါတော့ ဘာကိုမှမယုံဘူး"

ရာဇဝင်အရဆိုလျှင်တော့ ရတနာအကြောင်းသည် မခိုင်မာပါချေ။ ကျွန်တော်ထံသို့ ပေးသောစာကို တွေ့ကတည်းက ဒေါက်တာဗွန်သည် စိတ်မနှံ့ဟု သူကသံသယရှိလေသည်။ သို့ရာတွင် အရူးများသည် အန္တရာယ်ကြီးလှကြောင်းကို သူက ထောက်ပြပါသည်။

"ဒါတွေဟာ ခုအခါမှာ ဘာမှအရေးမကြီးတော့ပါဘူး၊ ဒေါက်တာဗွန်ဟာ သဲလွန်စတွေကိုရော မြေပုံကိုရောရသွားပြီး ရတနာတွေကို သူရမရ ကျွန်တော်တို့ သိရတော့မှာ မဟုတ်ပါဘူး"

ကျွန်တော်က ပြောလိုက်ပါသည်။

"သဲလွန်စတွေကို သူရမသွားပါဘူး" ဖိလစ်က သဘောကျစွာပြောလိုက်သည်။ "သဲလွန်စအမှန်တွေကိုတော့ မဟုတ်ဘူးပေါ့ဗျာ၊ ကျွန်တော်တို့ ဒီကိုဘေးကင်းရန်ကင်းရောက်ဖို့ လိုတယ်လို့တွက်ထားတယ်၊ ပြီးတော့ ဒေါက်တာဗွန်ရဲ့ လိုဘကိုမဖြည့်မိဖို့လည်း အရေးကြီးတယ်၊ လန်ဒန်မှာ

မောင်ရင်နဲ့ အဲဒီပက် ငယ်တာခြမ်းတာနဲ့ ဗျာများနေတဲ့အချိန်မှာ ကိုယ်ဟာလည်း အလုပ်ရှုပ်နေတယ်"

"ကိုယ်ဟာ သဲလွန်စပေါ်ကဲ့ ပေမူကို ပြီကီလျှပြကိုက်က ပါမောက္ခချွန်ဆင်ဆီကို ယူသွားတယ်၊ ကိုယ်တို့ဟာ တော်တော်ကလေး ရှာမိတော့ သက်တမ်း အကူကူလောက်ရှိတဲ့ ပေရွက်အလွှတ်တစ်ခုကို တွေ့ရတယ်၊ ပြီးတော့ သူတို့ရဲ့ ဓာတ်ခွဲခန်းလက်ထောက်တစ်ယောက်ကို အရောင်ကူမင်အစပ်ခိုင်းတယ်။ ပြီးတော့မှ ကိုယ်ဟာ ထိုင်းဘာသာနဲ့ သဲလွန်စတစ်မျိုးတွေကို ရေးတယ်၊ ကဲ ဘယ်လောက်ဟန်ကျသလဲ"

"ပေမူအစစ်ကိုတော့ ကိုယ့်ရဲ့ကုတ်အင်္ကျီအတွင်းမှာ ထည့်ချုပ်ထားတယ်၊ ကိုယ့်အင်္ကျီအိတ်တွေဟာ အပေါက်တွေဗရပွဖြစ်လေတော့ ပေမူကို ဆွဲယူဖို့ တစ်မိနစ်တောင် ကြာမှာမဟုတ်ပါဘူး"

သူက အိတ်ထဲကို နှိုက်စမ်းပါသည်။ ပေမူက လွှယ်လွှယ်ကူကူ ဝင်သွားခဲ့သော်လည်း ပြန်ထွက်ဖို့ကိုမူ ငြင်းဆန်လျက်ရှိချေသည်။ နောက်ဆုံးတွင်မူ ကျွန်တော်တို့သည် လိုင်နင်စများကို ဖြတ်၍ ယူရပါတော့သည်။ ဖိလစ်က ဆင်ခြင်သုံးသပ်မှုကောင်းစွာရှိလေသည်။ အဲဒီပက်သည် လိုင်နင်ကို ပြန်ချုပ်သောအခါတွင် အိတ်ထောင်မှအပေါက်များကိုလည်း ဖာရမည်ဟုဆိုပါသည်။

"ကျွန်တဲ့ ပေမူတွေအတွက်တော့ ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျာ" သူက ကျွန်တော့်ဖခင်အား ပြောပါသည်။ "ဒါပေမဲ့ တစ်နေ့ကျရင်တော့ ကျွန်တော်တို့ ပြန်ရပါလိမ့်မယ်၊ ခုလောလောဆယ်အတွက်တော့ အဲဒီပေမူတွေကို ကျွန်တော် ဓာတ်ပုံရိုက်ယူထားပါတယ်"

"ဒါဖြင့် ကျွန်တော်တို့ဟာလည်း ရကနှာတွေကို လိုက်ရှာပြီး ဒေါက်တာဗွန် မရအောင် လုပ်မယ်ပေါ့"

ကျွန်တော်က မေးလိုက်သည်။

“ရာဇဝင်အရ ရတနာတွေရှိဖို့ရာ မဖြစ်နိုင်ပေမဲ့ ကိုယ်တို့ဟာ ရှာတော့ ရှာသင့်တယ်လို့ ထင်တယ်၊ ရာဇဝင်ဆရာတွေဟာ ဟိုတုန်းကလည်း မှားခဲ့ဖူးတာတွေ ရှိပြီမဟုတ်လား၊ ခုတစ်ကြိမ်မှာလည်း သူတို့မှားကြောင်း သက်သေပြနိုင်လို့တော့ ကိုယ်ဝမ်းမနည်းပါဘူး”

ဖိလစ်က သူ့ဆေးတံကို ထုတ်ယူလိုက်ရင်းပြောပါသည်။ သူ့ဟာ သူတော့ သဘောအကျကြီး ကျနေကြောင်းကို ကျွန်တော်က မြင်သိရပါသည်။ သို့ရာတွင် သူ့တွင် ကျေနပ်နှစ်ခြိုက်နေပိုင်ခွင့်ရှိကြောင်းကိုတော့ ကျွန်တော်က ဝန်ခံရပါပေမည်။

* * *

## အခန်း ၈

# ဒေါက်တာဗွန် မည်သူနည်း

အိမ်သို့ရောက်ပြီးနောက် ပထမအပတ်သည် မြန်မြန်ကြီး ကုန်ဆုံးသွားပါ၏။ ကျွန်တော် သွားရောက်လည်ပတ်ရမည့် ဆွေမျိုးများရှိပါသည်။ ကျွန်တော် ပြန်လာသည့်အတွက် ပြုလုပ်သော ဧည့်ခံပွဲများရှိပါသည်။ အားလုံးသည် ကြည်ဖြူ၍ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ကျွန်တော်တို့ ညီအစ်ကို မောင်နှမများတွင် ကျွန်တော့်နောက် ဒုတိယအကြီးဆုံးဖြစ်သော ညီမတော် မင်နီသည် အဲဗပက်အား သဘောကျလှ၍ ကျွန်တော်တို့သုံးယောက်သားသည် အလည်အပတ်သွားလိုက်၊ ရုပ်ရှင်ကြည့်လိုက်နှင့် တတွဲတွဲ ရှိနေကြပါသည်။

ဖိလစ်ကမူ ကျွန်တော့်ဖခင်နှင့် အမြဲတမ်းလို အလုပ်များလျက်ရှိပါသည်။ သူတို့ ဘာတွေလုပ်နေကြသနည်းဟု ကျွန်တော်တို့ မေးသောအခါတွင် ‘ပေမူကို စစ်ဆေးနေသည်’ဟု ပြန်ပြောပါသည်။ တစ်ခါတစ်ရံတွင် ‘ပြတိုက်၌’ သို့မဟုတ် ‘နိုင်ငံတော်စာကြည့်တိုက်’ သို့မဟုတ် ‘ဦးမည်သူ မည်ဝါနှင့်’ ဟု ဖြည့်စွက်ပြောလေ့ရှိပါသည်။ သို့ရာတွင် ဒါထက်တော့ ပို၍ ဘယ်တော့မှ မပြောပါချေ။

ကျွန်တော်တို့ ဘာလုပ်ကြမည်နည်းဟု နေ့လယ်စာ စားပွဲတွင် တစ်နေ့တော့ ကျွန်တော်က မေးမိပါသည်။

"ကျွန်တော့်သဘောကတော့ ရေကန်နားတွေကို မကြာခင်မှာပဲ ရှာသင့်ပြီလို့ ထင်တယ်၊ ကျွန်တော်တို့ အင်္ဂလန်ကို ပြန်ကြရဖို့ နှစ်လလောက်ပဲ လိုတော့တယ်၊ ကျွန်တော်တို့ ဒီမှာနှစ်ပတ်လုံးလုံးလည်း အနားယူပြီးပြီ၊ ဒေါက်တာ ဗွန်ကိုမိဖို့ မကြိုးစားဘဲနဲ့ နောက်ထပ်အနားယူဖို့တော့ ကျွန်တော် အဖို့ မဖြစ်နိုင်တော့ဘူး"

ကျွန်တော်က အကြံဉာဏ်များပေးသော်လည်း ကျွန်တော့်ဖခင်က ရော ဖိလစ်ကရော နားမထောင်ကြပါချေ။ ထိုနေ့ညတွင် ကျွန်တော့်ထံသို့ စာတစ်စောင်သာမရောက်ခဲ့လျှင် ကျွန်တော်တို့သည် ဘယ်တော့မျှ ရှာဖြစ်မည်ဟုမထင်ပါ။ ကျွန်တော်က စာကိုကပျာကယာကြည့်လိုက်ပြီး ဘယ်က လာသနည်းဟု မေးလိုက်ပါသည်။ မည်သူမျှ မသိပါချေ။ ဆိုက်ကားသမား တစ်ယောက် အိမ်သို့လာပို့သွားသည်ဟု ဆိုပါသည်။

ကျွန်တော်က စာကိုပြရန် ဝင်သွားသောအခါတွင် ကျွန်တော့်ဖခင်နှင့် ဖိလစ်သည် စာကြည့်ခန်းထဲတွင် ဆွေးနွေးနေကြပါသည်။ စာတွင်ပါရှိသည်မှာ–

**ခွန်ပရာဆက်**

ခင်ဗျား ရဲ့ ဗွန့်စားခန်းတွေနဲ့ မှုမမှန်တဲ့ ဒေါက်တာဗွန် အကြောင်းအားလုံးကို ကျွန်တော် သိပြီးဖြစ်ပါတယ်။ ကျွန်တော်ဟာ ခင်ဗျားကို ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်အကြံဉာဏ်ကိုလိုချင်ခဲ့လျှင် အိုရီယင်တယ်ဟိုတယ်ကို ကနေ့ည ခြောက်နာရီလာခဲ့ကြပါ၊ မြစ်ဘက်ကိုမျက်နှာပြုနေတဲ့ ဧရန်တာမှာ ကျွန်တော် ထိုင်နေပါမယ်။

ခင်ဗျား မိတ်ဆွေတွေကို ခေါ်ချင်သလောက် ခေါ်ခဲ့ပါ၊ အားလုံးကို ကြိုဆိုပါတယ်။

http://www.cherrythitsar.org



ဒီဟာကိုတော့ အကွင်းရေးအဖြစ် ထားပါဦး၊ ခုအချိန်မှာ ကျွန်တော်ဟာ ဒေါက်တာဗွန်နဲ့ ဆန့်ကျင်ဘက် မဖြစ်ချင်သေးပါဘူး။

## သင်၏ မိတ်ဆွေဖြစ်
## ပရီဒီရာကွန်

“ပရီဒီရာကွန်ကို ဦးသိပါသလား”

ဖီလစ်က ကျွန်တော့်ဖခင်အား မေးလိုက်သည်။

“မောင်ဖြူ မောင်မဲကို သိသလားလို့ မေးဖို့ကောင်းတယ်၊ ဒါပေမဲ့ သူဟာ ကိုယ်သိတဲ့လူတစ်ယောက်သာဆိုရင်တော့ သူ သူ့လိပ်စာကို ပေးဖို့ကောင်းတာပေါ့၊ ပြစမ်း၊ စာကိုကြည့်ရအောင်”

ဖီလစ်သည် တိုးရိမ်ပူပန်နေပုံရပါသည်။

“ကျွန်တော်တော့ သိပ်သဘောမကျဘူး၊ ယောင်ချောက်တစ်ခု ဖြစ်နိုင်တယ်၊ ဒေါက်တာဗွန်ဟာ အိုရီယင်တယ်ဟိုတယ်မှာ တစ်ခုခုမလုပ်ရဲ တဲ့ကိုင်အောင်ပေါ့၊ ဒီဟိုတယ်ဟာ ပေါက်ဝနားကလေး ဒါမှမဟုတ် လမ်းကြို လမ်းကြားမှာ ရှိခဲ့ရင်တော့ မသွားနဲ့လို့ ကျွန်တော်ကတော့ ပြောရမှာပဲ”

သူက ပြောပါသည်။

“စိတ်ချလက်ချသွားနိုင်ပါတယ်” ကျွန်တော့်ဖခင်က ပြော၏။ “ဒါပေမဲ့ ကြိုတင်ပြင်ဆင်မှုအနေနဲ့တော့ အဲဒီကို စုံထောက်တွေ လွှတ်ထားရမယ်၊ တို့ဟာ သူ့ကို ဒေါက်တာဗွန်လို့ ထင်ခဲ့ရင် စုံထောက်တွေကို တစ်ခါတည်း ဖမ်းခိုင်းရမယ်၊ ငါဟာ သူ့ကို တစ်နေ့လုံး မြင်ဖူးလိုက်တော့ ဘယ်နည်းနဲ့မှ လူမမှားနိုင်ဘူး”

“တစ်ခုခက်တာက ငါမှာချိန်းထားတာ တစ်ခုရှိတယ်၊ ၅–နာရီ မိနစ် ၃၀ မှာ၊ ဖျက်လို့လည်း မရဘူး၊ ဒါပေမဲ့ အိုရီယင်တယ်ဟိုတယ်ကို နောက်အကျဆုံး ၆–နာရီ မိနစ် ၃၀ မှာ အရောက်လာခဲ့မယ်၊ ဒီအချိန် ရောက်အောင် မင်းတို့ သူ့ကိုစကားဆွဲပြောနေကြပေါ့”

သို့ဖြင့် တိမ်ကိန်းချကြပါသည်။ ဖိလစ်၊ အဲဗားဂက်၊ မင်နီနှင့် ကျွန်တော်တို့အားလုံး သွားခဲ့ကြလျှင် လုံခြုံစိတ်ချရမည်ဟု တွက်ကြပါသည်။ ကျွန်တော်တို့နှင့်အတူ ရဲသား တစ်ဦး လိုက်လာမည်။ အခြားရဲအဖွဲ့ဝင်များသည် ၅ နာရီ မိနစ် ၃၀ ကကည့်ကပင် ဂရန်ကာနှင့် ဥယျာဉ်တွင်းသို့ ရောက်နေကြရမည် ဖြစ်၏။ ဒေါက်တာဗွန်သည် ကျွန်တော်တို့အား ကောင်းချောက်ဆင်ခဲ့ရိုး မှန်ခဲ့လျှင် လူသည်သာ ညွှတ်ကွင်းထဲသို့ သက်ဆင်း ရပေမည်။

ကျွန်တော်တို့ လမ်းသစ်ကြီးသို့ ရောက်သောအခါတွင် ခြောက်နာရီ ထိုးပေပြီ။ ကျွန်တော်တို့အားလုံးသည် စိတ်ဖောလျက်ရှိကြ၏။ မည်သူမျှ စကားမပြောကြပါပေ။

ကျွန်တော်တို့သည် ခန့်မကြီးကိုဖြတ်ကာ ဂရန်ကာဘက်သို့ ရောက်သွားကြပါသည်။ ထိုသို့ ကျွန်တော်တို့ ရောက်သွားသောအခါတွင် ဂက်စုံဖြူကို ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် ကျွန်တော်တို့ထံ ပြုံးပြုံးကြီးနှင့် လျှောက်လာလေသည်။

"ဪ... ခွန်ပရာဆက်လာ" သူက လက်ကိုဆုပ်ပေးရင်း အင်္ဂလိပ်လို ပြောပါသည်။ "ခင်ဗျားဟာ မိတ်ဆွေတွေနဲ့ ညီမချောကို ခေါ်လာတာကိုး၊ ခင်ဗျားတို့အကြောင်း အားလုံးကြားဖူးထားတော့ ခင်ဗျား တို့ကိုတွေ့ရတာ အင်မတန် ဝမ်းသာပါတယ်"

သူသည် ဒေါက်တာဗွန်ပင် ဖြစ်လေသလော၊ သူစကားပြောနေစဉ် ကျွန်တော်က စကားလုံးတိုင်းကို နား‌ထောင်နေပါသည်။ လန်ဒန်မြို့ဗွန်က အိမ်ဂျက်ကြီးတွင် ကြားခဲ့သောအသံကို ပြန်လည်ဖမ်းလျက် ရှိမိပါသည်။ ဂုတ်လေသလား၊ သူ့အသံနှင့် တူလည်းတူလေသည်။ တူလည်း မတူပါပေ။ ကျွန်တော်က သံသယရှိနေသေးသည့်အတွက် သူ့အား လက်ဆွဲနှုတ်ဆက် ခြင်းမပြုဘဲ ဦးညွှတ်၍သာ နှုတ်ဆက်ပါသည်။ ဖိလစ်တို့လည်း ကျွန်တော့် နမူနာကို လိုက်ပါသည်။

သူက မကျေမနပ်ဖြစ်ပုံ မရပါချေ။

“အား … ကျွန်တော်သိပြီ၊ ခင်ဗျားတို့ဟာ ကျွန်တော့်ကို ဒေါက်တာ ဗွန် ဂိုက်းသားတစ်ယောက်လို့ ထင်နေကြတယ်နဲ့ တူတယ်၊ ခင်ဗျားတို့ကို အမြင်မှန်ရအောင် ကျွန်တော် မလုပ်နိုင်မချင်းတော့ ကြာ့နေရေးပါဒကိုပဲ တိကျကျကျလိုက်နာကြတာပေါ့”

ကျွန်တော်တို့သည် သူ့အား ယုံရမလို မယုံရမလိုနှင့် ထိုင်လိုက်ကြပါသည်။

“ကဲ… ခင်ဗျားတို့ ဘာသောက်ကြမလဲ” သူက အဲဗပက်အား ကြည့်လိုက်သည်။ ထို့နောက် မင်နီအား ကြည့်သည်။ ကျွန်တော်တို့ ဘာသောက်မည် ပြောလိုက်သောအခါ သူက ဆိုင်ဖေးအား မှာကြားလျက်ရှိပါသည်။ ဆိုင်ဖေးထွက်သွားမည်အပြုတွင် သူက ရပ်ခိုင်းလိုက်၏။

“ကျွန်တော်တို့ ဘေးပက်လည်မှာ ထိုင်နေကြတဲ့ ရဲဗွမ်းသတ္တိရှိကဲ့ ပုလိပ်တွေကိုလည်း ကျွန်တော်တို့ တစ်ခုခုတိုက်ကြဦးမှပေါ့၊ သူတို့ဟာ နာရီဝက်လုံးလုံး ဘီယာလေးတစ်ဖန်ခွက်နဲ့ နေကြရရှာတာ၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ သူတို့ကို မသိချင်ယောင်ဆောင်နေတာပဲ ကောင်းပါတယ်”

သူက ဤသို့ပြောပြီးနောက် ဆိုင်ဖေးအား သွားရန်လက်ပြလိုက်ပါသည်။

ထိုအချိန်ထိတော့ ကျွန်တော်က သူ့အား မည်သို့မျှ မဆုံးဖြတ်ကတ်သေးပေ။ သို့သော်လည်း ချက်ချင်း ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော် သူ့ကိုမကြိုက်ပါ။ သူက ပါးနပ်လွန်းသည်။ သူက ကျွန်တော်တို့အားလုံးအားသိနေပြီး ကျွန်တော်တို့က သူ့အား မြင်ပင်မမြင်ဖူးကြပါချေ။ သူက ခုအချိန်ထိပင် အင်္ဂလိပ်လိုပြောနေသေး၍ ယိုးဒယားလိုပြောလျှင် သူ့အသံ ဘယ်လိုနေမည်နည်းဟု မခန့်မှန်းတတ်ပါပေ။ သူသည် ဒေါက်တာ ဗွန် ပင် ဖြစ်ကောင်း၏။ သူ့အား ယိုးဒယားလိုပြောစေရန် ဖန်တီးရပေမည်။

"ကျွန်တော့်နာမည်ကတော့ ခင်ဗျားကို သိပြီးဖြစ်တဲ့အတိုင်း ပရိဒီရာကွန်ပဲ၊ ခင်ဗျားကို ကြားဖူးချင်လည်း ကြားဖူးမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်တော့ သိပ်မထင်ပါဘူး၊ ကျွန်တော့်မှာ သွင်းကုန်ပို့ကုန်လုပ်ငန်းတိုက်တစ်ခု ရှိတယ်၊ ခုတကျူတက်တစ်လုံးတည်းမလို့ လုပ်နေတယ်၊ နောက်နှစ်ထဲမှာ ဆောက်မယ်၊ ဒါကြောင့် ကျွန်တော်ဟာ ပြည်တွင်းသစ်တွေကို အသုံးချနိုင်ဖို့ သိပ်ပြီး စိတ်ဝင်စားနေတယ်၊ ဒီကိစ္စအတွက်ပဲ ကျွန်တော်ဟာ မြောက်ပိုင်းဒေသ ကို အတော်ကလေး နှံ့နှံ့စပ်စပ် သွားဖူးတယ်၊ အဲဒါကြောင့်လည်း ကျွန်တော်ဟာ ဒေါက်တာဗွန်နဲ့ ဆက်သွယ်မိတာပဲ"

ထိုအချိန်တွင် ဆိုင်စေပြန်လာ၍ ပရိဒီရာကွန်က ရပ်လိုက်၏။ ဆိုင်စေပြန်သွားမှ သူက ဆက်ပြော၏။

"အဲဒီလို သစ်ရှာဖွေရေးအတွက် ကျွန်တော်ဟာ လူအမြောက်အများကိုလွှတ်ပြီး ဈေးနှုန်း စနည်းနာခိုင်းရတယ်၊ သစ်ဖျောနိုင်မယ့် မြစ်ကို အရှာခိုင်းရတယ်၊ မော်တော်တွေဟာ ဘယ်နေရာကစပြီး ဖောင်ဆွဲနိုင်တယ်ဆိုတာ လေ့လာရတယ်၊ ပြီးတော့ ပွဲမဝင်ခင် ဖြင်က ကျင့်ပရတာတွေ အများကြီးပေါ့ဗျာ၊ လွန်ခဲ့တဲ့ သုံးလလောက်တုန်းကတော့ ကျွန်တော့်လူတစ်ယောက်ဆီက အစီရင်ခံစာရတယ်၊ ဒေါက်တာဗွန်နဲ့ ယစ်ဆိုတဲ့ လူတစ်ယောက်ဟာ မြောက်ပိုင်းဒေသမှာ တုံစမ်းလေ့လာမှုတွေ လုပ်နေတယ်တဲ့၊ ကျွန်တော့်လူကတော့ သူတို့ဟာ သစ်လုပ်ငန်းမှာ အပြိုင်လုပ်မယ့် လူတွေပဲဆိုပြီး ထိုးရိမ်တာပေါ့၊ ကျွန်တော်လည်း အစတော့ ဒီလိုပဲ ထင်တာပဲ၊ ဒါနဲ့ စကားပုက တုံယောက်တွေကိုလွှတ်ပြီး အတုံစမ်းခိုင်းရတယ်၊ တစ်လလောက်တော့ ဘာသတင်းမှ မကြားရသေးဘူး၊ နောက်ကျမှ ဒေါက်တာဗွန်နဲ့ သူ့လူတွေဟာ ဂူတစ်ခုကိုရှာနေကြကြောင်း သိရတယ်၊ ဒီဥစ္စာဟာ အတော်ထူးဆန်းနေလေတော့ ကျွန်တော်က တုံယောက်တွေကို ဆက်ပြီး တုံစမ်းစေတယ်၊ အင်္ဂလန်ကိုလိုက်ပြီး တုံယောက်စေတယ်၊ ဒါကြောင့် ကျွန်တော် ခင်ဗျားကိုအကြောင်းတွေ သိနေတာပေါ့"

http://www.cherrythitsar.org



ဖြစ်နိုင်သော ဇာတ်လမ်းတစ်ခုပါပေ။ သို့သော်လည်း ကျွန်တော်က သူ့အား ယုံရမလား မယုံရမလား တော့ မပြောတတ်ပါပေ။ ဖိလစ်နှင့် အမျိုးသမီးနှစ်ယောက်သည်လည်း ဘာဝင်မကျကြောင်း ယင်ရှာနေပါသည်။

သူက ဆက်ပြောသည်။

"ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ ရတနာတွေကို ရခဲ့ရင်လည်း အစိုးရနဲ့ ဆိုင်တယ်၊ ကျွန်တော်တို့ မျှော်လင့်နိုင်တာက ဆုငွေပဲ၊ ဆုငွေတော့ ကောင်းကောင်းရမယ်၊ ခင်ဗျားတို့ဟာပိုက်ဆံအတွက် ရတနာတွေ ရှာကြတာမဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ ခင်ဗျားတို့ ဘန်ကောက်ကို လာတဲ့ ရည်ရွယ်ချက်ဟာ သုတေသနလုပ်ဖို့နဲ့ ဒေါက်တာဗွန်ကို ဥပဒေ လက်အပ်ဖို့ပဲ မဟုတ်လား၊ ကျွန်တော်ပြောတာ ဟုတ်တဲ့လား"

ကျွန်တော်တို့က ဟုတ်မှန်ကြောင်းဖြင့် ခေါင်းညိတ်ကြပါသည်။ ကျွန်တော်တို့ကိုယ်တိုင်ပင် ယခုလို ဘာကြောင့် လိုက်လံရှာဖွေနေသည်ကို မပြောမိကြပါ။ သို့သော်လည်း ကျွန်တော်တို့သည် မိမိတို့၏ရည်ရွယ်ရင်း အကြောင်းကို ပရိဒီရာကွန်ယက်တော့ တိုတိုကုတ်ကုတ် ရှင်းရှင်းလင်းလင်း ပြောပြနိုင်ကြမည် မဟုတ်ပါပေ။ သူကား လိမ္မာပါးနပ်လှပေသည်။

"ဒါဖြင့် ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ ဘာလဲ၊ ဒါဟာ ခင်ဗျားတို့ စိတ်ထဲမှာရှိနေတဲ့ မေးခွန်းပဲ၊ ကျွန်တော် ရိုးရိုးပဲ ဝန်ခံပါမယ်၊ ကျွန်တော့်ရည်ရွယ်ချက်က ခင်ဗျားတို့လောက် မကြီးမားပါဘူး၊ ကျွန်တော်က တီးမှုတ်ရေးသမားတစ်ယောက်ပဲ၊ ကျွန်တော်က ချမ်းသာတယ်၊ တီးမှုတ်ဖြစ် နေတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ တီးမှုတ်ရေးသမားတိုင်းမှာရှိတဲ့ ဆန္ဒအတိုင်းပဲ ကိုယ့်လုပ်ငန်းကို ကြီးသည်ထက် ကြီးစေချင်ပါတယ်"

"တကယ်လို့ ကျွန်တော်တို့ဟာ ရတနာတွေကို တွေ့ခဲ့လို့ရှိရင် ကျွန်တော်က ဆုငွေကို မမျှော်လင့်ပါဘူး၊ ဒီလိုပြောလိုက်တော့ ခင်ဗျားတို့ အံ့ဩသွားသလား၊ မအံ့ဩနဲ့ ကျွန်တော် ရှင်းပြပါမယ်၊ ကျွန်တော့်ပေတုကို

လျှို့ဒါန်ပစ်မှာပဲ၊ ဒီလိုရှာကဲ့အတွက် ဘယ်လောက်ပဲ ကုန်ကုန်ကျကျပေါ့ဗျာ၊ ကောင်နဲ့သောင်းနဲ့ချီပြီး ကုန်ပါစေ၊ ကျွန်တော်က တစ်ပြားမှ ပြန်ရကောင်းလေးလို့ သဘောမထားပါဘူး"

ကျွန်တော်တို့အားလုံးသည် အံ့သြနေကြသည်၊ သို့မဟုတ် မယုံကြည်နိုင်ဘဲ ရှိနေကြသည်။

"ကကယ်ပါ၊ ကျွန်တော်ပြောတာယုံပါ၊ ဒီလိုလုပ်တာဟာ စိတ်ထားကောင်းလို့ မျိုးချစ်စိတ်ရှိလို့တင်တော့ မဟုတ်ပါဘူး၊ ကျွန်တော့်ပေတုကို လျှို့ဒါန်ပစ်လိုက်လို့ရှိရင် သတင်းစာတွေက အသားပေးရေးကြလိမ့်မယ်၊ လူတွေက ပြောမဆုံးရှိကြလိမ့်မယ်၊ ဒါဟာ ကျွန်တော့်စီးပွားရေးလုပ်ငန်းအတွက် အမြတ်ပါပဲ၊ နောက်ဆုံးတစ်ချက်ကတော့ ခင်ဗျားဟာ ကိုယ့်ကောင်းကျိုးတင်မက ကိုယ်ယုံကြည်မှုကိုပါ အကျိုးရှိစေကဲ့နေရာမှာ မသုံးခဲ့ရင် ပိုက်ဆံရှာတာ ဘာလုပ်တော့မှာလဲ"

သူက ပြန်ထိုင်လိုက်သည်။ ကျွန်တော်တို့အား ပြုံးကြည့်သည်။ နဖူးကို သုတ်သည်။ လက်ကိုင်ပဝါကို သေသေချာချာခေါက်ကာ ပြန်ထည့်ထားလိုက်ပြီး ကျွန်တော်တို့အပြောကို စောင့်စား၍နေလေသည်။

ခဏမျှကြာအောင်တော့ ကျွန်တော်တို့အနက် ဘယ်သူကမျှ ဘာမျှ မပြောပါချေ။ ထို့နောက်မှ ဖိလစ်က သူ့အား မော့ကြည့်လိုက်သည်။

"ခင်ဗျား ကျွန်တော်တို့ကို ဒီကိုခေါ်ကာ ဒါတွေပြောပြရုံတင်တော့ ကမယ်မထင်ဘူး၊ ခင်ဗျားအနေနဲ့ ကျွန်တော်တို့ကို အလုပ်ခိုင်းချင်တာ တစ်ခုတော့ရှိရမယ်၊ ဟုတ်ကဲ့လား၊ ကျွန်တော်ပြောတာ"

ဤသို့ပြောလိုက်၍ ပရိဒ်ရာကွန်သည် အနည်းငယ်တော့ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရပေသည်။

"ခင်ဗျားဟာ အင်္ဂလိပ်လူမျိုး ဝိသာပါပေတယ် ဒေါက်တာမာတင်၊ ခင်ဗျားပွင့်လင်းပုံမျိုးကတော့ တဲ့ကိုးကြီးကျလှတယ်ဗျာ၊ ကျွန်တော်က ဒါလောက် ဖြောင့်ကျကျကြီး မပြောပါဘူး၊ ဒါပေမဲ့လေ ခုမှတော့ ပြော

ရတော့မှာပေါ့၊ ခင်ဗျားပြောတာမှန်ပါတယ်၊ ကျွန်တော်လိုချင်တာ တစ်ခု ရှိပါတယ်"

သူက အပိုပြောလေသည်လား တကယ်ပြောလေသည်လားကိုတော့ ကျွန်တော်က မဝေခွဲနိုင်ပါ။

"ကျွန်တော်ကြားရတဲ့အတိုင်းဆိုရင်တော့ ဒေါက်တာဗွန်ဟာ ပေမူ တစ်ခုလုံးကို ရသွားပြီ၊ ဒါပေမဲ့ သူဟာ အဖိဖွာက်တောက်မှားနေပုံရတယ်၊ ဘာလို့လဲဆိုတော့ သူဟာ အခုဆိုရင် ကလွဲမှာသွားရှာနေတယ်၊ အဲဒီတော့ ကျွန်တော် အကြံပေးချင်တာကတော့ တပ်ပေါင်းစုလုပ်ကြရအောင်ပဲ၊ ကျွန်တော့်မှာက ပိုက်ဆံပဲရှိတယ်၊ ခင်ဗျားတို့မှာက ဦးနှောက်ရှိတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ဟာ ပေါင်းပြီး ရတနာတွေကို တွေ့နိုင်တယ်၊ အတိုးရကို ပေးနိုင်တယ်၊ ကျွန်တော်တို့ရှာနေတဲ့သတင်းကို ဒေါက်တာဗွန် ကြားသွားရင် ကျွန်တော်တို့ ဟာ သူ့ကိုလည်း မိနိုင်တယ်၊ ပုလိပ်လက်ကို အပ်နိုင်တယ်"

ကျွန်တော်က ပြောမည်ရှိနေစဉ်မှာပင် ကျွန်တော့်ဖခင် အခန့်ဝင်ခွဲ ရပ်နေသည်ကို မြင်တွေ့ရပါသည်။ သူသည် ပရိဒ်ရာကွန်အား စူးစိုက် ကြည့်နေပါသည်။ ကျွန်တော်တို့ စကားပြောနေသူသည် ဒေါက်တာဗွန် လော၊ ညနေဆည်းဆာချိန်ရောက်ပြီဖြစ်၍ ဂရန်ကာမှ မီးများကိုဖွင့်လေပြီ။ ဒေါက်တာဗွန်သာ ဖြစ်ရိုးမှန်လျှင် ကျွန်တော့်ဖခင်က မမှတ်မိနိုင်စရာ အကြောင်းမရှိပါပေ။

ဖိလစ်နှင့် ကျွန်တော်ကယ၍ သူ့အား ပရိဒ်ရာကွန်နှင့် မိတ်ဆက် ပေးပါသည်။ သူကိုနှုတ်ယောက် မျက်နှာချင်းဆိုင်မိကြသော အခါတွင် ကျွန်တော့်ဖခင်သည် စိတ်သက်သာရာရသွားပုံကို ကျွန်တော်က မြင်တွေ့ လိုက်ရပါသည်။

"ကျွန်တော် ခင်ဗျားအကြောင်း ကြားဖူးပါတယ် ပရိဒ်ရာကွန်၊ ဒါပေမဲ့ ခင်ဗျားတာကိုဖက်ရကုန်းကတော့ ခင်ဗျားလို့ မထင်မိဘူး၊ ကျွန်တော်

http://www.cherrythitsar.org




တို့ဟာ အရင်တုန်းကတော့ မတွေ့ကြဘူးလို့ ထင်ပါတယ်၊ ကျွန်တော့် သားနဲ့ သူ့မိတ်ဆွေကရော ကျွန်တော်ကိုယ်တိုင်ကရော ခင်ဗျားကိုသံသယ ရှိနေခဲ့ကြတယ်၊ အဲဒါအခု ကျွန်တော်တို့ တောင်းပန်တာကို ကျေနပ်ပါ"

ကျွန်တော့်ဖခင်က သူ့အား လက်ခံဆက်ဆံပြီးသည့် နောက်ပိုင်းတွင်တော့ သူသည် ဒေါက်တာဗွန် မဖြစ်နိုင်တော့ပါပေ။ ထိုသို့ဆိုလျှင် ဒေါက်တာ ဗွန်သည် မည်သူဖြစ်ချေသနည်း။ ရက်သတ္တပတ်များစွာကြာမှ ဤအဖြေကိုရရှိပါသည်။ သို့ရာတွင် ပရိဒိရာကွန်၏ အကူအညီဖြင့် ကျွန်တော်တို့သည် ချက်ချင်းဆိုသလိုပင် ရတနာအရာလွှက်နိုင်ပေတော့မည်။

* * *

http://www.cherrythitsar.org



# အခန်း ၉

# စတင်ရှာဖွေခြင်း

ညကျတော့ ကျွန်တော့်ဖခင်က ပြောပါသည်။

"မင်းတို့ရဲ့ ဖွတ်မရအားမဆုံးလုပ်ငန်းမှာ ပရိဒီရာကွန်လို လူတစ်ယောက်ရတဲ့အတွက် ဖေဖေ တော်တော်ပဲ စိတ်သက်သာရာရသွားပါတယ်၊ သူဟာ ဘန်ကောက်မြို့မှာ နာမည်ကြီးနေတဲ့ တိပွာရေးသမားတစ်ယောက်ပဲ၊ ပြီးတော့ မင်းတို့တတွေ မိုက်ရူးရဲမလုပ်အောင်လည်း သူက ထိန်းသွားပါလိမ့်မယ်၊ ပြီးတော့ ဥက္ကရဒ်တွိကနေ အရှေ့မြောက်ဘက် မိုင်မြောက်ဆယ် လောက်အကွာမှာ စခန်းတစ်ခု ကောင်းကောင်းဆောက်ထားမယ်လို့ သူ ပြောတယ်၊ အဲဒီနေရာထိအောင် အဲစပက်နဲ့ မင်းနဲ့ကို လည့်လိုက်ဖို့ သူက ပြောတယ်၊ အားအန္တရာယ် မရှိဘူးဆိုလို့ ဖေဖေကလည့်လိုက်ဖို့ သဘောတူလိုက်တယ်" ပရိဒီရာကွန်နှင့် ကျွန်တော်တို့ ပူးပေါင်းသည်ကို ဖိလစ်သည် သိပ်သဘောကျပုံမရပါချေ။ ကျွန်တော်လည်း ထို့အတူပါပင်၊ ကျွန်တော်တို့အား ထောက်ခံမည့်သူ ရှိလေဦးမည်လားဟု ကျွန်တော်က အေးဘီကို လှည့်ပတ်ကြည့်မိပါသည်။ ပြီးတော့ ကျွန်တော်တို့သည် ဒေါက်တာဗွန် အကြောင်း အတော်အတန်သိထားဖူးပြီဖြစ်၍ ခြေတစ်လှမ်းမှားသွားခဲ့လျှင် တစ်ခါတည်း ကိစ္စချောသွားနိုင်ပေသည်။

ကျွန်တော်နှင့်အတူ ဆူဂမ်ဆိုသော အစေခံတစ်ယောက်ကို ခေါ်သွားရန် အဖေက ခွင့်ပြုပါသည်။ ကျွန်တော်က ဆူဂမ်အား ငယ်ငယ်ကလေးကတည်းက သိရှိခဲ့ပါ၏။ ကျွန်တော်က နောက်တစ်ယောက် မတောင်းလိုတော့ပါ၊ ကောင်းခဲ့လျှင်လည်း ကျွန်တော်ကိုလုပ်ငန်းသည် ဘေးအန္တရာယ်များသည်ဟု သူကတွက်မိပြီး ကျွန်တော့်ကိုအား လွှတ်ချင်မှ လွှတ်ပေတော့မည်။

ကျွန်တော်က သူငယ်ချင်းအချို့နှင့် စကားပြောကြည့်သည်။ သို့သော်လည်း သူတို့သည် ကျွန်တော်နှင့် တစ်ချိန်တည်းလောက်မှာပင် တက္ကသိုလ်ကထွက်၍ အလုပ်အကိုင်များ လုပ်နေကြပြီဖြစ်၍ မအားကြပါပေ။ ကျွန်တော်ကိုအဖွဲ့ဝင် လူတိုးချဲ့ရေးအစီအစဉ်ကို လက်လျှော့ရတော့မလို ရှိနေစဉ်မှာပင် ကျွန်တော့်မိတ်ဆွေတစ်ဦးက ဖုန်းဆက်ပါသည်။

"မင်းတို့နဲ့အတူလိုက်ဖို့ လူတစ်ယောက်ရပြီလား" သူက မေးသည်။ "မနေ့ညကတော့ ငါစဉ်းစားလို့ မရဘူး၊ ဒါပေမဲ့ ကနေ့မနက်တော့ စာရေးတစ်ယောက် ငါ့ကိုလာတွေ့တယ်၊ ငါနဲ့ မင်းနဲ့ သူငယ်ချင်းမှန်း သူသိလို့ပဲ၊ အဲဒါ သူ့ကို မင်းတို့နဲ့အတူခေါ်ဖို့ ပြောပေးစမ်းပါတဲ့"

"ငါ့အထင်တော့ သူဟာ မင်းတို့သဘောကျမယ့်လူမျိုးပဲ၊ သူ့မိဘတွေဟာ ဆင်းရဲတယ်၊ ဒါပေမဲ့ ကျောင်းမှာစာသိပ်တော်တယ်၊ သူဟာ တက္ကသိုလ်ကို တက်ရောက်နိုင်ခဲ့တယ်၊ သူဟာကျောင်းတက်ရင်း အချိန်ပိုမှာ အလုပ်လုပ်ခဲ့သေးတယ်၊ ဒါပေမဲ့ သူ့အဖေကလည်း အလုပ်မလုပ်နိုင်တော့ဘူး၊ အိမ်ထောင်ကလည်းကြီးပြီ အခြားအခက်အခဲတွေကလည်း ရှိလေတော့ သူဟာ ကျောင်းဆက်မတက်နိုင်တော့ဘူး၊ သူဟာ ကျန်ခဲ့တဲ့တစ်နှစ်လောက်က ငါ့ကိုဆီမှာ လာပြီ အလုပ်ဝင်တယ်၊ အလုပ်ကောင်းကောင်း လုပ်တယ်၊ ကလောကတော့ နေမကောင်းလို့ဆိုပြီ အလုပ်က ခွင့်ယူဖူးတယ်၊ မင်းတို့နဲ့ အတူသာလိုက်ခွင့်ရခဲ့ရင် သူ့အဖို့ အခွင့်အလမ်းအများကြီးသာလိမ့်မယ်လို့ သူက ပြောတယ်"

“ဘယ်နှယ်လဲ၊ သူ့ကိုခေါ်မလား၊ ငါ့အဖေကိုတော့ ပြောပြီးပြီ၊ သူ့ကို လာတာနဲ့ ခွင့်တစ်လပေးမယ်တဲ့၊ ဪ... ဒါနဲ့ ပြောထားရဦးမယ်၊ သူ့နာမည်က ကိုပ်တဲ့၊ မင်းကလည်းသူ့ကို ကိုပေးတဲ့လစာအတိုင်း ပေးလိမ့်မယ်လို့ ငါပြောထားတော့ သူကအတော်ဝမ်းသာနေတယ်၊ ဪ နောက်ပြီးတော့ သူကပြောတာတစ်ခုရှိသေးတယ်၊ သူကတက္ကသိုလ်မှာ ကျောင်းတက်ရင်းနှင့် မင်းအဖေဆီမှာ အချိန်ပိုင်းအတွင်းရေးမှူး လုပ်ဖူးတယ်တဲ့၊ အဲဒီတော့ မင်းတို့ဟာ သူ့အကြောင်းကို စစ်ဆေးကြည့်ဖို့ လွယ်တာပေါ့”

ကျွန်တော်က ချက်ချင်းပင် သူ့အားလက်ခံလိုက်ပါသည်။ သူ၏ကျောက်စာပညာလေ့လာထားမှုများက ကျွန်တော်တို့အား သိပ်အထောက်အပံ့ပေးလိမ့်မည်ဟုတော့ မထင်ပါ။ အကြောင်းမှာ သူကတက္ကသိုလ်မှထွက်သည်မှာ ဆယ့်ငါးနှစ်ရှိပေပြီ။ သို့ရာတွင် ကျွန်တော်တို့သည် ဒေါက်တာဗွန်နှင့် ရင်ဆိုင်ခဲ့ရလျှင် ကိုယ့်ဘက်မှာ လူတစ်ယောက်တိုးသည်မဟုတ်ပါလော။

ကိုပ်မှာ သူ့အား ခဏတာတွေ့ရရုံနှင့်ပင် သူ့အကြောင်း ကောင်းကောင်းသိသည်ဟု ပြောနိုင်မည့်လူစားမျိုး ဖြစ်ပါသည်။ သူက ရိုးသား၍ ပွင့်လင်းပါသည်။ သူ့ဘဝနှင့် သူ့အိမ်ထောင်အကြောင်းကို တစ်လုံးမကျန်လောက် ပြောပြသော်လည်း သူ့ကိုယ်သူတော့ သူရဲကောင်းတစ်ယောက်ဟု မထင်မြင်ပေပါ။ သူက အသက် ၃၅ နှစ်အရောက်တွင် ပညာရှင်တစ်ယောက်ဖြစ်လာရေးကို လုံးဝလက်လျှော့လိုက်ပြီး ကုန်တိုက်တစ်ခုတွင် စာရေးကြီးတစ်ယောက်ဖြစ်ရန်ကိုသာ အများဆုံး မျှော်လင့်နိုင်လေတော့သည်။

“ဒါပေမဲ့ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့အတူသာ လိုက်ခွင့်ရရင် ကျွန်တော့်ရှေ့ရေး ဘာပဲဖြစ်ဖြစ် အရေးမကြီးတော့ပါဘူး၊ တစ်သက်လုံးစာရေးတစ်ယောက်အဖြစ်နဲ့ အရိုးထုတ်သွားရပါစေ၊ ကျွန်တော့်ရည်ရွယ်ချက်ပြည့်ဝပြီလို့ ယူဆမှာပါပဲ”

“ကျွန်တော်တို့ ဒေါက်တာဗွန်နဲ့တွေ့ရင် ဘယ်နှယ်လုပ်မလဲ”

သူ့အား ကျွန်တော်က မေးလိုက်ပါသည်။

http://www.cherrythitsar.org



"မပူပါနဲ့ ခွန်ပရာဆက်၊ ကျွန်တော့်ကိုယ် ကျွန်တော် ကာကွယ်နိုင်ပါတယ်၊ ပြီးတော့ ခင်ဗျားတို့ကိုလည်း အကူအညီပေးနိုင်ပါတယ်"

ဥတ္တရဒိတ္ထိတွင် ပရိဒိရာကွန်သည် ကားနှစ်စင်းကို အသင့်ပြင်လျက် ကျွန်တော်တို့အား စောင့်ဆိုင်းနေ၏။ သူ့လူများကိုလည်း အစောင့်အကြပ်များအဖြစ် ဖန်တီးထား၏။ သူတို့ကိုကြည့်ရသည်မှာ ဘာမဆိုသည့်လူစားမျိုးဖြစ်ကြ၏။ သေနတ်များကို ကိုင်ဆောင်လျက် ကားပေါ်တက်လိုက်ကြသောအခါတွင် ကျွန်တော်တို့အား မည်သူကမျှ မနှောင့်ယှက်နိုင်တော့ဟု သဘောပေါက်မိပါတော့သည်။

ဥတ္တရဒိတ္ထိမှနေ၍ ကျွန်တော်တို့သည် ဖာရီရွာသို့ မောင်းသွားကြပါသည်။ ထိုရွာတွင် ကျွန်တော်တို့အတွက် အစားအစာများက အသင့်ရှိနေပြီး ထိုနေ့ညအဖို့ ခန်းမကြီးနှစ်ခုကိုလည်း ငှားရမ်းထားပါလေသည်။

ဖာရီရွာမှနေ၍ မဲနန်မြစ်ကို ဖြတ်ကူးရာ ကူးတို့ဆိပ်သို့ မိုင်လေးဆယ် ဝေးလေသည်။ ထိုမှတစ်ဆင့် ပရိဒိရာကွန်၏ အခြေခံစခန်းသို့ မိုင်နှစ်ဆယ်ဝေးလေသည်။ ဤခရီးလမ်းအတွက်မူ မြင်းများကိုငှားရမ်းထားသည်ဟုဆို၏။ ခရီးတစ်ဝက်တွင် စခန်းတဲတစ်ခုလည်း ဆောက်ထားလေ၏။ နောက်တစ်နေ့ညကို ထိုစခန်းတဲတွင် ကုန်ဆုံးစေရမည်ဖြစ်၏။ ခရီးပြင်းပြင်း နှစ်ရက်ထွက်ရမည်ဖြစ်လေ၏။

နောက်နှစ်ရက်အကြာ နေဝင်ရီတရောတွင် ကျွန်တော်တို့သည် နောက်ဆုံး တောင်ထိပ်ပေါ်သို့ ရောက်ရှိပြီး တောင်ကုန်းပြင်မြင့်ပေါ်တွင် ကျွန်တော်တို့၏စခန်းကို မြင်တွေ့ရပါသည်။ ၎င်းသည် စစ်စခန်းတစ်ခုနှင့်တူ၍ တောင်နှစ်လုံး၏ ခရီးတစ်ဝက်တွင် တည်ရှိပါသည်။ ထမင်းစားတဲကြီးသည် အလယ်ဗဟိုတွင်ရှိ၍ တဲကလေးကိုးလုံးက ၎င်းအား ခြံရံလျက်ရှိပါသည်။

တောင်ကြားအတွင်းသို့ နောက်ဆုံး နေဝွယ်ထိုးသောကာလတွင် စခန်းနှင့် ကိုက်သုံးရာခန့်အကွာ ချောက်ထဲတွင် ရှက်ထည်ထဲကလေး

တစ်လုံးကို ရုတ်တရက်မြင်လိုက်မိကြပါသည်။ ကျွန်တော်တို့သည် ထိုတဲကလေးအကြောင်း စဉ်းစားမရရှိနေစဉ်တွင် တောင်ကြားထဲသို့ ဆင်းလာသော ဟယ်လီကော်ပတာတစ်စီး၏ အသံကို ကြားကြရ၏။ စက္ကန့်အနည်းငယ်အတွင်းမှာပင် ရဟတ်ယာဉ်သည် ကျွန်တော်တို့အား ဖြတ်ကျော်သွားပြီး ပရိဒီရာကွန်က ပြတင်းပေါက်မှ လက်ပြသွား၏။ ၎င်းနောက် ဟယ်လီကော်ပတာသည် စခန်း၏ အောက်ခြေတွင် ပိတုန်းပုံကြီးတစ်ကောင်ပမာ ဆင်းလိုက်ပါသည်။

ထိုအချိန်တွင် ကောင်းကောင်းကြီး မှောင်နေပြီ။ ကျွန်တော်တို့က မြင်းများကို ပြေလျော့သော ဆင်ခြေလျှောအတိုင်း မောင်းဆင်းသွားသည်။ ထို့နောက်တဖန် တောင်ခြေမှစခန်းသို့ ကိုက်နှစ်ရာခန့် သွားကြရပါသည်။

ပရိဒီရာကွန်က မောကြီးပန်းကြီးနှင့် ကျွန်တော်တို့အား ထွက်၍တွေ့ပါသည်။ ကျွန်တော်တို့အား အဝတ်အစားများပင် လဲခွင့်မပေးတော့ဘဲ ထမင်းစားခန်းထဲသို့ ကော်ဖီပူပူကိုသောက်ရန် ခေါ်ဆောင်ပါတော့သည်။

"ခင်ဗျားတို့ အဝတ်လဲပြီးရင် စားစရာ သောက်စရာတွေ အများကြီး ရှိသေးတယ်၊ အဲဒီတော့ လာကြပါ၊ ကျွန်တော့်ဆန္ဒကို လိုက်လျောကြပါ၊ ကျွန်တော့်မှာ ဒီလိုဧည့်သည်ကောင်းတွေ ခဏခဏမရှိပါဘူး။"

ထိုနေ့ညအဖို့မူ ကျွန်တော်တို့သည်ရှာဖွေရေးအတွက် လုံးဝ စိတ်ကူးမထည့်ကြတော့။ ကျွန်တော်တို့သည် ဇိမ်ခံရှင် ပရိဒီရာကွန်အား မယုံတစ်ဝက် ယုံတစ်ဝက်ရှိနေကြပါတော့သည်။

* * *

http://www.cherrythitsar.org

# အခန်း ၁၀

# ပရိဒီရာကွန်ဆုံးဖြတ်ခြင်း

နောက်တစ်နေ့နံနက်တွင် ဟယ်လီကော့ပတာသည် တားနပ်ရီကွာနှင့် ဟော်ဆီများကို သယ်ဆောင်ရန် ဥက္ကရိဂ္ဂိသို့ ပျံသန်းသွားလေ၏။ ဖီလစ်နှင့် ကျွန်တော်သည် တိမ်ကိန်းရေးဆွဲကြတော့၏။

ရတနာများကို မဲနန်နှင့် မဲခေါင်မြစ်နီးကပ်ရာဒေသတွင် ဝှက်ထားသည်ဟု ပထမသဲလွန်စတွင် ဆိုထား၏။ ကျွန်တော်တို့က မြေပုံပေါ်တွင် စတုရန်းကွက် ဆွဲကြည့်၏။ မိုင်သုံးဆယ်ပတ်လည်ရှိ၏။ စတုရန်းမိုင် ၉၀၀ ရှိသော ဒေသဖြစ်၏။ ဤဒေသတွင် ကျွန်တော်တို့သိသလောက်ပင် ဆင်တောင်ပေါင်းငါးဆယ်ရှိလေသည်။ ထို့ပြင် တစ်ရွာရောက်၍ တစ်ခါ မေ့ကိုင်း ဆင်တောင်များက ကိုးများလျက်ရှိလေတော့၏။

“ကိုယ်တို့ဟာ ဒီလုပ်ငန်းကို စနစ်တကျ ပြုလုပ်ကြမှပဲ၊ ဒီစတုရန်းကွက်ကြီးကို ငါးမိုင်ပတ်လည် စတုရန်းလေးပေါင်း သုံးဆယ့်ခြောက်ခုခွဲမှပဲ၊ တစ်နေ့တစ်နေ့မှာ ဒီစတုရန်းလေးတစ်ခုကို ဟယ်လီကော့ပတာနဲ့ သွားမယ်၊ ကိုယ်တို့ဟာ ရွာတိုင်းကိုသွားပြီး တောင်တွေတောင်ကြားတွေ နာမည်ကို စုဆောင်းကြမယ်”

အခြားအခက်အခဲကြီးတစ်ခု ရှိသေး၏။ ၎င်းမှာ ဒေါက်တာဗွန်အား ပေးလိုက်သော သဲလွန်စအများပင်ဖြစ်၏။ ဤကိစ္စကို ကျွန်တော်တို့သည် တိပ်အားပင် မပြောကြားရန်နှင့် ဟန်ဆောင်သုံးစွဲနေကြရန် ဖိလစ်နှင့် ကျွန်တော်က ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမေးအမြန်းထွက်ကြတိုင်း သဲလွန်စအစစ်ကို လျှို့ဝှက်စွာ ထုံးဖမ်းကြရပါသည်။

၎င်းပြင် ကျွန်တော်တို့အားသာ လွတ်လွတ်လပ်လပ် သွားလာမေးမြန်းရသည်ဟူလည်း တစ်ခါမျှ မရှိပါ။ ပရိဂိရာကွန်သည် အကြောင်းတစ်ခုနှင့် မဟုတ်ခဲ့လျှင် အကြောင်းတစ်ခုနှင့် ကျွန်တော်တို့နောက်သို့ လူ့လူများကို ထည့်လျက်ရှိပါ၏။ နေ့တိုင်းပင် ပရိဂိရာကွန်နှင့် တိပ်သည် ကျွန်တော်တို့၏ မှတ်စုများအားလုံးကို ဖတ်ရှုလေ့လာကြပါသည်။ သို့ဖြင့် ဤသည်မှာ လွယ်ကူသော အလုပ်တစ်ခုမဟုတ်ပါပေ။ ရက်သတ္တနှစ်ပတ်လောက် ကြာသောအခါတွင် စိတ်ကျဉ်းကျပ်စ ပြုလာပါတော့သည်။

တစ်ညနေတွင် ရဟတ်ယာဉ်ဆင်းသောနေရာမှ ဖိလစ်တစ်ယောက်ပန်းလျှမ်းဟိုက်စွာဖြင့် လျှောက်လာနေသည်ကိုတွေ့ရသောအခါ ကျွန်တော်က လုံးဝမအံ့သြပါ။

"ကနေ့လည်း မစွံဘူးလား" ဟုခန်းအောက် ပေါင်းဆယ်ကွာလောက်သို့ သူရောက်သောအခါ ကျွန်တော်က လှမ်းအော်မေးလိုက်သည်။

"အမည်စာရင်းတွေ တစ်လဲလောက်ရခဲ့တယ်၊ အဲဒါ စွံတယ်ခေါ်မလား၊ ကိုယ်တို့ရှာနေတဲ့နေရာဟာ တိုင်းပြည်တောင်မှ မှန်မှမှန်ရဲ့လားလို့ ကိုယ်တော့ အောက်မေ့နေပြီ"

သို့ရာတွင် အတော်လေးကြာတော့ သူသည် ကျွန်တော့်တဲထဲသို့ ဝင်လာ၍ ကျွန်တော့်အားခွကာပ်ပြီး ကုတင်ပေါ်တွင် ထိုင်ချလိုက်၏။

"ကိုယ်ပြန်လာတုန်းက အတော်လေး စိတ်ပျက်နေပုံရသလား၊ အဲဒါမှ ဟန်ကျတယ်၊ ဘာလို့လဲဆိုတော့ ကိုယ်တို့ထွက်လာကတည်းက

http://www.cherrythitsar.org



ဒီနေ့လောက် တစ်ခါမှ မပျော်ဖူးသေးဘူး။ ဆင်တောင်ကို ကိုယ်တွေ့ခဲ့ပြီ၊ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ကျောင်းပျက်တွေနားမှာ၊ ‘စကြာသခင်’ဆိုတာ အဲဒါတွေဖြစ်မှာပဲ၊ အင်မတန် စည်ပင်ဝပြောတဲ့ လယ်ယာတွေလည်း ရှိတယ်၊ ဆင်တောင်လည်း ရှိတယ်၊ ဂူတွေ၊ ချောင်းတွေလည်း ရှိတယ်၊ ဒီနေရာပဲ ဖြစ်မှာပဲ၊ နေဦး ဖြတ်မပြောနဲ့၊ ဖြုတ်ဆို တစ်ယောက်ယောက် ရောက်လာနိုင်တယ်၊ ခုထိကိုယ်ဟာ ပရိဒိရာကွန်နဲ့ သူ့လူတွေကို မယုံချင်သေးဘူး၊ အဲဒီတော့ မနက်ဖြန်ကျရင် ကိုယ်သူတို့ကိုပြောမယ်၊ တောင်မလေးတွေ အပန်းဖြေဖို့လိုနေတယ်လို့၊ သူတို့ကို လှည့်ပြီးမယ်လို့ပြောမယ်၊ အဲဒီသဘောက ဟယ်လီကော့ပတာဟာ ပရိဒိရာကွန်ရဲ့ လူတွေအတွက်ရော မောင်ရင့်အတွက်ရော နေရာမရှိတော့ဘူးပဲ၊ မောင်ရင်က ကျွဲမြီးမျှားကိုနေဦးမလား”

ကျွန်တော်က စိတ်မရှိကြောင်း ပြန်ပြောပါသည်။

“ကိုယ်က လေယာဉ်ပျံမောင်းသမားကိုလည်း မယုံဘူး၊ သူက ကိုယ်တို့ဘာလုပ်တယ် ဘာမှတ်တယ်ဆိုတာကို အမြဲတမ်း စောင့်ကြည့်နေတယ်၊ ဒါပေမဲ့ စက်ပြင်ဆရာကတော့ လူရိုးတစ်ယောက်ပဲ၊ အဲဒီတော့ ကိုယ်တို့တောင်ကြားထဲ ရောက်တာနဲ့တစ်ပြိုင်နက် သူ့ကို စက်ပြင်ခိုင်းထားမယ်၊ ကိုယ်ကပြီးဆိုမှ ပြီးရမယ်ပေါ့၊ အဲဒီလိုဆိုရင် ကိုယ်ဟာ အရေးကြီးတဲ့ အချက်တွေ အကုန်လုံးကို မေးနိုင်မြန်းနိုင်မယ်၊ ဂူကိုတောင် တွေ့ချင်တွေ့မယ်”

ဖိလစ်က ကျွန်တော့်မြေပုံကို ဖြတ်ခနဲကောက်ယူလိုက်ပြီး တောင်ကြားဒေသကို လက်ညှိုးထိုးပြ၏။

“ဒီမှာကြည့်၊ စိမ့်မြေရှိတဲ့တောင်ကြားတစ်ခုကို မောင်ရင် ခဏခဏ ဖြတ်ပျံသွားဖူးတာ အမှတ်ရလိမ့်မယ်ထင်တယ်၊ ဒီကနေ အရှေ့မြောက်ဘက် မိုင်နှစ်ဆယ်ကွာလောက်မှာ ရှိတယ်၊ အဲဒီမှာပဲ တောင်ရှိတယ်၊ စိမ့်ကိုဘက်

ကောင်ကြီးအဆုံးမှာ ကျောင်းပျက်နဲ့ လယ်ကွက်တွေရှိတယ်၊ ကောင်မလေး တွေကို ကိုယ်ခေါ်သွားမယ်၊ ဘာကြောင့် မောင်ရင့်ထက် ကောင်မလေးတွေကို ခေါ်သွားရတယ်ဆိုတာ သဘောပေါက်ရဲ့လား"

ကျွန်တော်က သဘောတူလိုက်သည်။ ထိုနေ့ည ညစာစားချိန်တွင် ကျွန်တော်နှင့် အမျိုးသမီးများ သွားကြရန် ဖိလစ်ကပြောပါသည်။ ကျွန်တော် က သူပါသွားရန်ပြောပါသည်။ အကြောင်းမှာ ကျွန်တော်နှင့် ကပ်သည် အနီးမှ စမ်းချောင်းကလေးသို့သွားရန် ပြောထားကြသည်မှာ ကြာလှပေပြီ။ ပရီဒီရာကွန် ကတော့ သူ့အားမခေါ်သည့်အတွက် စိတ်ပျက်နေပုံရပါသည်။ သို့သော်လည်း ကျွန်တော်နှင့် ဖိလစ်သည် နောက်တစ်နေ့ အစီအစဉ်ကို အသေအချာစီစဉ်ထားကြောင်းကိုတော့ သူက လုံးဝ သံသယမဖြစ်ပါပေ။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် ဖိလစ်နှင့်အတူ ရဟတ် ယာဉ်ရှိရာသို့ လျှောက်သွားပါသည်။ ရကနာများကို ရှာဖွေတွေ့နိုင်ရန် လမ်းစရှိသဖြင့် ကျွန်တော်တို့နှစ်ယောက်စလုံး စိတ်လှုပ်ရှားလျက်ရှိပါ သည်။

"နေ့ခင်းဘက်မှာ ဝိုင်ယာလက်တဲနားမှာနေဖို့တော့ သတိမမေ့နဲ့ ပရာဆက်၊ ကိုယ် မောင်ရင်ဆီကို သတင်းပို့လိုက်နိုင်လိမ့်မယ်"

လေယာဉ်မောင်းသမားသည် နိုင်ငံကကာလုံး ဝိုင်ယာလက်ကို ကိုင်တွယ်သော်လည်း ပရီဒီရာကွန်က မိုင်သုံးဆယ်အတွင်း ပြောကြား နိုင်သော ရေဒီယိုတယ်လီဖုန်းတစ်ခုကိုလည်း တပ်ဆင်ထားပါသေး၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် စကားပြောလိုကြလျှင် ဝိုင်ယာလက် အော်ပရေတာ၏ အကူအညီမပါဘဲနှင့် ပြောဆိုနိုင်ကြပေသည်။

ထိုနေ့မနက်တွင် ကျွန်တော်သည် ဖိလစ်အကြောင်းကို လုံးဝ မေ့လျော့ထားပြီး လုံးဝ အနားယူရန် ဆုံးဖြတ်ပါသည်။ ကျွန်တော်နှင့် ကပ်သည် အနီးအနားစမ်းချောင်းသို့သွား၍ ပရီဒီရာကွန်၏လူများ အကူ အညီဖြင့် စမ်းချောင်းကိုကမ်းကူတ်၍ ရေချိုးရန် နေရာလေးတစ်ခု ပြုလုပ်

http://www.cherrythitsar.org



ပါသည်။ ကျွန်တော်တို့သည် ရေကူးပြီးနောက် ကမ်းပါးပေါ်တွင်ထိုင်ကာ စကားစမြည် ပြောနေကြပါသည်။ ရဟန်းများ တွေ့ရှိနိုင်ပေပြီဖြစ်ကြောင်းကို ကျွန်တော်က တိပ်အား ပြောတော့မည် တကဲကဲဖြစ်နေသည်။ ကျွန်တော့် ပါးစပ်မှ ထွက်တော့မည်ဆဲဆဲတွင် အဖော်ကတစ်ယောက် ရောက်လာပြီး နေ့လယ်စာအသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောပါသည်။ နေ့လယ်စာ စားပြီး သောအခါတွင်ကား ကျွန်တော်တို့သည် ကိုယ်စီကိုယ်ငှ အလုပ်ရှုပ်လျက် ရှိကြတော့၏။

ပရိဒ်ရာကွန်က အတော်ပင်အူရှင်လျက်ရှိ၏။ နေ့လယ်စာ စားနေစဉ်တွင် သူက အနောက်အရှက်များ ကရစပ်ပြောနေပြီး ကျွန်တော်တို့ မှာလည်း တပြုံးပြုံးဖြစ်နေပါတော့၏။ ကျွန်တော်သည် သဲသယများအားလုံး ကို မေ့လျော့သွားပါ၏။ နေ့လယ်စာ စားပြီးသောအခါတွင် ပရိဒ်ရာကွန်က ကျွန်တော်နှင့် တိပ်အား သူနှင့်အတူ ကျွန်တော်တို့ ကော်ဖီကိုသောက်ရင်း ဘရန်ဒီသောက်ရန် ပြောပါသည်။ ပြီးတော့ ဆေးပြင်းလိပ်များ ထုတ် ကည်ပါသည်။ တိပ်ရော ကျွန်တော်ပါ ဆေးပြင်းလိပ်ကို မသောက်ကြပါ။ ကျွန်တော့်တဲတွင် ချောကလက်များရှိကြောင်း အမှတ်ရပါသည်။ ကျွန်တော် က သူတို့အား အခုပဲပြန်လာမည်ဟုပြောပြီး ချောကလက်ယူရန် ပြေးထွက် သွားပါသည်။

ကျွန်တော့်တဲသို့ ပြေးသွားစဉ်မှာတွင် အဖော်ကတစ်ယောက်သည် ပန်းကန် ဇန်းတစ်ခုကိုကိုင်၍ ကျွန်တော်တို့ရောက်စနေ့က မြင်ရသော အထီးကျန်တဲကလေးဆီမှ စခန်းသို့လာနေသည်ကို မြင်ရပါသည်။

ကျွန်တော်က ထမင်းစားတဲသို့ ပြန်ရောက်သောအခါတွင် ထိုတဲ ကလေး၌ မည်သူအား ဖွက်ထားလေသနည်းဟု ပရိဒ်ရာကွန်အား နောက်၍ မေးလိုက်မိပါသည်။ သို့ရာတွင် သူသည် ချက်ချင်းပင် စနိုးစနောင့်ဖြစ်သွားပြီး ဒေါ်ထလာပါသည်။

"ဖွက်ထားတယ် ဟုတ်လား၊ ခင်ဗျားက ဖွက်ထားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

သူက ဒေါနှင့်မေးပါသည်။

"ကျွန်တော်က တကယ်ပြောနေတာ မဟုတ်ပါဘူး၊ အမေစခဲတစ် ယောက် အဲဒီဘက်ကနေ ပန်းကန်တွေကိုင်လာတာမြင်လို့ ပြောတာပါ"

ကိပ်က ပရိဒိရာကွန်အား ကြည့်လိုက်ပြီးမေး၏။

"ခင်ဗျား ဟိုဆားဝက်ခြံတွေဖွက်နေတဲ့ လူအကြောင်း ပရာဆက်ကို ပြောမပြဘူးလား"

ပရိဒိရာကွန်က မော့ကြည့်သည်။

"ဟုတ်တယ်၊ ကျုပ်ပြောမပြဘူး၊ ဒါက ဘာမှလည်း အရေးမကြီး ဘူး" သူက ကျွန်တော့်ဘက်လှည့်၍ ပြော၏။ "ကျုပ်လူတစ်ယောက် ဆားဝက်ခြံတွေ ပေါက်နေတယ်၊ အစားများလို့ ဒါမှမဟုတ် အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ကူးလိုက်ကူးညားဆိုပြီး သူ့ကို တခြား ခွဲထားခဲ့တယ်"

သူက တောတောက အစေ့အရွန်းလေးများကို လက်ဖြင့်နောက် သော်လည်း သူ့စိတ်သည် သိပ်ပေါ်ပါးဟန် မရှိတော့ပါပေ။ ကျွန်တော်က လုပ်စရာ အလုပ်တစ်ခုရှိ၍ တဲသို့ပြန်တော့မည်ဟု ပြောသောအခါတွင် သူက ကျွန်တော့်အား ကျေးဇူးတင်စွာနှင့် ကြည့်ပါသည်။

ကျွန်တော်က ထမင်းစားခန်းမှ အပြန်တွင် ဂိုင်ယာလက်တဲသို့ဝင်၍ ဓာတ်ပရေတာအား ဖိလစ် စကားပြောလျှင် ကျွန်တော့်အား ခေါ်ရန်မှာကြား ခဲ့ပါ၏။ ထို့နောက် ကျွန်တော်က စာအုပ်တစ်အုပ်ကို ယူ၍ဖတ်ပါ၏။ သို့ရာတွင် ကျွန်တော့်စိတ်သည် တဲကလေးထဲမှ လူထံသို့သာ ရောက်နေ ပါတော့၏။ ပရိဒိရာကွန်သည် အဘယ်ကြောင့် အိုးနင်းခွက်နင်း ဖြစ်သွားရ လေသနည်း။ ဤကား ဖိလစ်နှင့် ကျွန်တော် ပူပေါင်း၍ ဖုံစမ်းသောက် လှမ်းရမည့် ကိစ္စတစ်ရပ်ပင် ဖြစ်ချေတော့သည်။

http://www.cherrythitsar.org



လက်ဖက်ရည်သောက်ပြီး အတော်ကလေးကြာမှ ဖိလစ်က ကျွန်တော်အား ပိုင်ယာလက်မှ စကားပြောဖော်။

"ပရာဆက်ရေ... မနေ့ညက ကိုယ်ပြောတဲ့ စက်ပျက်တဲ့ကိစ္စအကြောင်း မှတ်မိရဲ့လား၊ အော ... ခုတော့ တကယ့်ကို ပျက်နေတယ်ဆရာ၊ ဖောက်ဆီမလိုက်ဘဲဖြစ်နေတာ လုပ်လို့ကိုမရဘူး၊ ဖောက်ဆီထဲမှာ ရေပါပုံရတယ်၊ ကနေ့ ညတော့ ကိုယ်တော့ ဘယ်နည်းနဲ့မှ ပြန်မထွက်နိုင်တော့ဘူး၊ စက်ဆရာကတော့ မရမချင်းလုပ်နေတာပဲ၊ ကိုယ်တို့ဟာ မိုးသောက်တာနဲ့ တစ်ပြိုင်နက်တော့ ထွက်လာကြမှာပဲ၊ ပရိဒီရာကွန်ကို ကိုယ်က တောင်းပန်တယ်ဆိုတာ ပြောပြပါ၊ ပြီးတော့ မနက်ဖြန် ကောင်းကောင်းလုပ်ထားပါလို့၊ ဘာလို့လဲဆိုတော့ ဒီမှာဘီစကွတ်ကလွဲရင် ဘာမှစားစရာမရှိဘူး၊ ကျန်တဲ့ သတင်းတွေကတော့ အားလုံးကောင်းပါတယ်ပေါ့၊ ကိုယ်ပြောတာတွေ ကြားရရဲ့လား"

"အကုန်လုံး ကြားရပါတယ် ဖိလစ်၊ ဖောဖောက စက်ပျက်တဲ့ အကြောင်းတုန်းကတော့ သိပ်နားထောင်လို့မကောင်းဘူး၊ နောက်ပိုင်းမှာတော့ အသံကြည်ပါတယ်၊ ကျွန်တော် ဒါ့ထက် ပိုမပြောနိုင်ဘူး ကြားလား ဖိလစ်၊ ကျွန်တော် ၃ နာရီနောက်ပိုင်းမှာ ခင်ဗျားနဲ့ စကားပြောချင်သေးတယ်၊ အဲဒီအချိန်မှာ ခင်ဗျား ရှိမလား၊ ကျွန်တော် နည်းနည်းပူနေတာရှိတယ် ကြားလား"

"လူတွေအများကြီးကြားမှာ ဖောင်ရင် ဘာမှပြောမဖြစ်နိုင်ဘူးဆိုတာ ကိုယ်သိပါတယ်၊ စခန်းမှာ ကိစ္စတစ်ခုခုအတွက် စိတ်ပူနေတယ်ဆိုရင်တော့ ပြောကြတာပေါ့၊ ဒါပေမဲ့ ကိုယ်တို့အတွက်ဆိုရင်တော့ ဘာမှပူနေဖို့ မလိုပါဘူး၊ အားလုံးကောင်းပါတယ်၊ ကြားရဲ့လား"

"ဟုတ်ကဲ့၊ ခုနစ်နာရီလိုးပြီးမှ ပြောကြရအောင်၊ တော်ပြီ"

ထဲအတွင်းသို့ တစ်ယောက်ယောက်ဝင်လာခဲ့လျှင် ကျွန်တော့်မှာ အပြောရခက်မည့်အရေးကို ခန့်မှန်းနိုင်သည့်အတွက် ဖိလစ်အား ကျေးဇူးတင်

http://www.cherrythitsar.org



မိပါသည်။

ကျွန်တော်တို့သည် ညစာကိုတောတောစားလေ့ရှိကြပါသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့အထဲမှ တစ်ယောက်ယောက်သည် မရှင်မပြရှိနေကြလျှင် ကျွန်တော်တို့သည် မြန်မြန်စားသောက်ကြပါသည်။ ယနေ့လုပ်ဖို့ရာတွင်လည်း ပရိဒိရာကွန်သည် ပို၍ပင် စိတ်သောကရှိနေဟန် တူပြီး မေးမြန်းသည်များကို ပြန်လည်မဖြေဆိုသလောက်ပင်။ ညစာစားပြီးသောအခါတွင် ပရိဒိရာကွန်သည် ကျွန်တော်နှင့် ကိပ်အားနှုတ်တောင်း၍ ထွက်သွားလေတော့၏။ ကျွန်တော်က ကဲထဲကလူကိုသွားကြည့်ရန် ကိပ်အားခေါ်မည်ဟု စိတ်ကူးသေး၏။ သို့ရာတွင် ပရိဒိရာကွန်က အမှန်အတိုင်းပြောထားခဲ့လျှင် ကျွန်တော်က အဘယ်မျှ မိုက်လေမည်နည်း။ ထို့ကြောင့် ကျွန်တော်က ကိပ်အား ကျွန်တော့်ကဲသို့ ပြန်တော့မည့်အကြောင်းကိုသာ ပြော၏။ ပြီးတော့ နောက်နာရီဝက်လောက်အကြာတွင် သူ့အား ပြစရာမှတ်စုများရှိ၍ လာရမလား ဟု မေးကြည့်၏။

ထို့နောက် ကျွန်တော်သည် မိမိကဲရှိရာသို့လျှောက်နေရာမှ ဖြုန်းဆိုအားသို့ ကွေ့ဆင်းလိုက်ပြီး အခြားကဲများနောက်မှ လျှောက်သွားနေပါသည်။ ခရီး၏ ပထမပိုင်းကား အခက်အခဲမရှိပါပေ။ မြက်များသည် မိုးတွင်းတုန်းက တောထခဲ့ပြီး ကျွန်တော်က ကျောက်တုံးများကို နေရာမရွေ့ရန် သတိထားပြီး လျှောက်ခဲ့ရာ ကဲနှင့် ကိုက်အနည်းငယ်အတွင်းသို့ ရောက်ရှိခဲ့ပါသည်။ ကျွန်တော်က ကဲရှိရာသို့ ဝပ်တွား၍သွားနေပါသည်။

ကျွန်တော်က အတွင်းသို့ ချောင်းကြည့်နိုင်ရန်ဖြစ်ပါသည်။ သို့ရာတွင် ပရိဒိရာကွန်၏အသံကို ကြား၍ ကျွန်တော်က နားထောင်ရန် ကဲနောက်ဘက်သို့ ကွေ့၍တွားသွားပါသည်။

"ခင်ဗျားတို့ ကျွန်တော့်အခြေအနေကို မသိဘူး" ပရိဒိရာကွန်က ပြောနေပါသည်။

http://www.cherrythitsar.org



“အရေးပေါ်ကိစ္စမရှိဘဲနဲ့ ခင်ဗျားကို ဒီကိုမလာဘူးလို့ ကတိပေးထားတယ် မဟုတ်လား၊ ခုတော့ ခင်ဗျားတို့က ချက်ချင်းပေါက်လာကြတယ်၊ ခင်ဗျားကို သူတို့တွေ့သွားကြရင် ဘယ့်နှယ်ဖြစ်မလဲ၊ ပရာဆက်ဆိုရင် ခင်ဗျားထားနေတဲ့ နေ့လယ်စာပန်းကန်တွေကို တွေ့သွားပြီ။ ခင်ဗျားဟာ အားလုံးကို ဖျက်ဆီးပစ်တာပဲ”

ထို့နောက်တွင်ကား ကျွန်တော်သည် ထိုကဲ့တွင်းသို့ ကြည့်နေစရာ မလိုတော့ပါ။ ပြန်လည်ဖြေကြားပြောဆိုသူ၏ အသံကို ကျွန်တော်က ကောင်းစွာကျက်မိပါသည်။ ယတ်၏ အသံဖြစ်ပါသည်။

“အရေးပေါ်ကိစ္စရှိလို့ပေါ့ဗျ၊ ပြီးတော့ ကျုပ်တို့က ခုဘာကိုဂရုစိုက်နေရဦးမှာလဲ၊ သူတို့ဟာ ကျုပ်တို့ လက်ခုပ်ထဲကရေ ဖြစ်နေပြီပဲ၊ သူတို့ ကျုပ်ကို တွေ့သွားပါစေ၊ သူတို့ ဘယ်သူ့ကို ဘာပြောနိုင်တော့မှာမှ မဟုတ်တာ၊ ခင်ဗျားဟာ လုံခြုံပါတယ်”

“ဒါပေမဲ့ ခင်ဗျား ကတိပေးတာက သူတို့ကို အန္တရာယ်မပေးပါဘူး ဆို”

ပရိဒီရာကွန်က ဖြတ်၍ မေးလိုက်သည်။

“ဒါက ဘန်ကောက်မှာပဲ၊ ကျုပ်တို့က ဒီကတိကို ဘယ်ဒီမှာထိန်းနေနိုင်မှာလဲ၊ ခင်ဗျားမှ လူမိုက်”

ယတ်က ရယ်မောလိုက်ပါသည်။

“ခင်ဗျား ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲ၊ သူတို့ ဘန်ကောက်ကို ပြန်မရောက်ရင် ကျွန်တော့်ဘဝဟာ ပျက်စီးရောပဲ၊ ခင်ဗျား ကြားလား၊ ပျက်စီးရောပဲ၊ ဒေါက်တာဗွန် မလာခင် ကျုပ်သူတို့ကို သတိပေးလိုက်မယ်”

“ဒေါက်တာဗွန်ဟာ ခင်ဗျား ပျက်စီးစေဖို့တော့ လိုလားမှာမဟုတ်ပါဘူး၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါဟာ သဘောကျစရာမကောင်းပါဘူး”

"ဒါဖြင့် ခင်ဗျားတို့ သူတို့ကို အန္တရာယ်မပေးဘူးပေါ့"

ပရိဒိရာကွန်က စိတ်အားထက်သန်စွာနှင့် မေးပါသည်။

"သူတို့ကို အန္တရာယ်မပေးဘူး၊ ဒါမှမဟုတ် ခင်ဗျားဟာ ဘန်ကောက်ကို ပြန်မသွားဘူးဆိုတာက ရှင်းပါတယ်၊ လွယ်ပါတယ်"

"ခင်ဗျားတို့ ဘယ်ဒီလိုလုပ်လို့ရမလဲ၊ ကျုပ်လူတွေက ကျုပ်ကို လက်ဖျားနဲ့မှ အတို့မခံဘူး"

"ခင်ဗျားလူတွေ ဟုတ်လား ဟား ... ဟား ...၊ ခင်ဗျားက ဒီလိုပဲ ထင်နေလား၊ ခင်ဗျားလူတွေတဲ့၊ ဒီမယ် ဒေါက်တာဗွန်နဲ့ ကျုပ်ဟာ ခင်ဗျားလူတွေကို ရအောင်ရှာရတာ ဘယ်လောက်ပင်ပန်းတယ် အောက်မေ့လဲ၊ သူတို့ကို ခင်ဗျားဆီလွှတ်ပြီး ခင်ဗျားလူတွေလုပ်ခိုင်းထားရတာ၊ အေး ခင်ဗျားရဲ့ လက်စွဲတော် တပည့်တွေကတော့ ခင်ဗျားလူတွေဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ သိပ်ပူမနေပါနဲ့၊ ဒေါက်တာဗွန် ခင်ဗျားကို တွေ့ပါလိမ့်မယ်"

"ဒေါက်တာဗွန် လာနေတယ်ဟုတ်လား"

ပရိဒိရာကွန်က မေးလိုက်သည်။

"သူလာနေပြီ၊ ဒါမှမဟုတ် လာပြီပေါ့၊ ဒါပေမဲ့ သူနဲ့တွေ့တော့မှ ခင်ဗျားကို ပြောပြလိမ့်မယ်"

ယတ်က တဲကိုမှီလိုက်ပြီးနောက် တသိမ့်သိမ့် ရယ်မောနေပါသည်။ ကျွန်တော်နှင့် ဖီလစ်က အမြဲတမ်း စိုးရိမ်ကြောက်လန့်ခဲ့သလိုပင် ပရိဒိရာကွန်သည် ကျွန်တော်တို့အား ကတ်ပက်ရိုက်ခဲ့လေပြီ။ သို့ရာတွင် ကျွန်တော်တို့အား အန္တရာယ်မပြုရန်ကိုတော့ သူက ဒေါက်တာဗွန်နှင့် ယတ်ထံမှ ကတိတောင်းခံခဲ့ပါသည်။ ကျွန်တော် သူ့အား ဒေါက်တာဗွန် လက်မှာတော့ အသက်ခံရအောင် ပစ်မထားနိုင်ခဲ့ပါ၊ ယတ်က တဲကိုမှီနေပြီး ကျွန်တော့်မှာက အခွင့်အလမ်းတစ်ခုရှိလေသည်။

"ယတ် မလှုပ်နဲ့၊ မင်းကိုချိန်ထားတယ်"

ကျွန်တော်က ကျယ်ကျယ်ပြောလိုက်ပါသည်။ ကဲအကွင်း၌ တိတ်ဆိတ်သွားပါသည်။

"မလှုပ်နဲ့နော်၊ လှုပ်သံကြားရရင်တော့ တစ်ခါတည်း ပစ်ထည့်လိုက်မှာပဲ၊ မင်းကို မီးရောင်မှာမြင်ရတယ်၊ ပရိဂီရာကွန် သူ့ကို ချည်ဖို့ကုပ်ဖို့ တစ်ခုခုရှာစမ်းပါ၊ ပြီးတော့ ကောင်းကောင်းချည်"

"တစ်ခါကုန်းက မင်းဟာ ငါ့ကို ဒီလိုပဲ ပြောခဲ့ဖူးတာ မှတ်မိသေးရဲ့လား ယစ်" ခွန်ပရိဂီရာကွန်ကို ယုံရချေမည်လား၊ ကျွန်တော်က နံရံပေါ်တွင် လှုပ်ရှားနေသော အရိပ်များကိုသာမြင်ရသည်။ သူက တကယ်မှ ကုပ်နောင်ပါလေ၏။

ပရိဒီရာကွန်သည် ရင်ခုန်၍ အသက်ရှူသံများ မှားနေ၏။ သူက စိတ်လှုပ်ရှား၍ ကြောက်လန့်နေလေသည်။

"ကဲ ကိစ္စကတော့ ပြီးပြီ ခွန်ပရာဆက်၊ သူ အခုလွတ်မပြေးနိုင်တော့ပါဘူး၊ ပြီးတော့ ကျွန်တော် သူ့ပါးစပ်ကို ဆို့ထားခဲ့တယ်၊ ပစ်တော့ မပစ်လိုက်ပါနဲ့၊ အခု ကျွန်တော် ထွက်လာပြီ"

သူက ထွက်လာပြီး ကျွန်တော့်လက်များကို ဆုပ်ကိုင်ပါသည်။

"ဟင်... ခင်ဗျားမှာ သေနတ်မပါပါကလား"

သူက ပြော၏။

ဆွေးနွေးရှင်းလင်းနေစရာ အချိန်မရှိပါ။ ကျွန်တော်က သူ့အား တခန်းသို့ အလောသုံးဆယ် ခေါ်လာခဲ့ပါ၏။ ကျွန်တော်တို့သည် ဒေါက်တာဗွန် မရောက်လာမီ သို့မဟုတ် သူ့လူတစ်ယောက်က ယစ်အား တွေ့ရှိမသွားမီ အရင်လွတ်အောင်ပြေးထားနိုင်မှ ဖြစ်မည်။ ပထမဆုံး လုပ်ငန်းမှာ ဆူဂမ်နှင့် ကိပ်အား တွေ့ရှိရန်ဖြစ်ပေသည်။ သို့ရာတွင် သူတို့အား မရှာဖွေခင်မှာပင် ကျွန်တော်က ဖိလစ်ယံ သတိပေးသောသတင်းကို ပို့ရမည်။

ကျွန်တော်က ပရိဒီရာကွန်အား ကိပ်အားသွားပြောရန် ခိုင်းလိုက်၏။ ထို့နောက် ကျွန်တော်က ဆူဂမ်အား ခေါ်၍ ဘီစကွတ်နှင့် အခြားပစ္စည်းများ

http://www.cherrythitsar.org



ကိုယူ၍ ကိပ်၏ကဲသို့သွားရန်ပြောပါသည်။ ထို့နောက် ကျွန်တော်ပိုင်သော လက်တဲထဲ ဝင်သွားသည်။

ကျွန်တော်က တတ်နိုင်သမျှ တည်တည်ငြိမ်ငြိမ်နှင့် အော်ပရေတာ အား ကယ်လီကော့ပတာသို့ ခေါ်ပေးရန် ပြောပါသည်။ ပိုင်ယာလက် အော်ပရေတာသည် အင်္ဂလိပ်စကားမတတ်ကြောင်း ကျွန်တော် သိပါသည်။ ထို့ကြောင့် ကျွန်တော်က သူများနားမလည်စေရန် အင်္ဂလိပ်လိုပြောရန် ဆုံးဖြတ်လိုက်ပါသည်။

"ပရာဆက်လား၊ ဘယ်နှယ့်လဲ အခြေအနေကောင်းရဲ့လား၊ ကိုယ်တို့ သိပ်စိတ်ပူနေကြတယ်၊ ကြားလား"

"ဒီမယ် ဖိလစ် သေသေချာချာ နားထောင်ပါ၊ ကျွန်တော့်မှာ အချိန်နည်းနည်းပဲ ရတယ်၊ လန်ဒန်တုန်းက ကျွန်တော်တို့ဆီလာလည်တဲ့ မိတ်ဆွေတွေဟာ ခုဒီကိုရောက်နေတယ်၊ ကျွန်တော် အခုသွားတော့မယ်၊ ကျွန်တော်တို့ဟာ စိမ့်ရှိရာဘက် ဆင်ကောင်ခြေရင်းမှာ တွေ့ကြရအောင်၊ ဘယ်သူ့ကိုမှ မယုံပါနဲ့၊ အခုရောက်နေတဲ့ နေရာမှာမနေပါနဲ့၊ ပိုင်ယာလက်နဲ့ ပို့တဲ့သတင်းမှန်သမျှကို မယုံပါနဲ့၊ မြန်မြန်ပြန်ပြောပါ ကြားလား"

"ကောင်းပြီ ကြားတယ်၊ ကံကောင်းထောက်မပါစေ၊ ကိုယ်တို့ အရမ်းစိတ်ပူနေတယ်၊ ချက်ချင်းသွားပါ၊ ကြားလား"

"သွားပြီ ဖိလစ်၊ ပြီးပြီ"

ကျွန်တော်က စကြွန့်အနည်းငယ်သာ အသုံးပြုပါသည်။ ကျွန်တော်က သူတို့ရှိမည့်နေရာသို့ လျင်မြန်စွာ ထွက်ခွာသွားပါသည်။ ပရိဒ်ရာကွန်သည် ကိပ်နှင့်အတူရှိနေသည်။

"ကဲ… ကိပ်၊ ကျွန်တော်တို့ အခုသွားကြမှဖြစ်မယ်၊ ဒေါက်တာဗွန်ရဲ့ ထမင်းစားနေတဲ့ ဒီလူတွေကြားထဲမှာ သိပ်အန္တရာယ်များတယ်၊ ဗွန်ကိုယ်တိုင်လည်း အချိန်မရွေး ရောက်လာတော့မယ်၊ ခင်ဗျား အားလုံးအဆင်သင့်ပဲလား"

"ကျွန်တော် ခုချက်ချင်းတော့ မသွားနိုင်သေးဘူး၊ သိပ်ရိုးသားတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ကို ကျုပ်တို့နဲ့အတူ ခေါ်လာမှဖြစ်မယ်၊ နို့မဟုတ်ရင် ဗွန်က သူ့ကိုသတ်ပစ်လိမ့်မယ်၊ ပြီးတော့ ကျွန်တော်က ခင်ဗျားလောက်လည်း အန္တရာယ်မကြီးပါဘူး၊ ခင်ဗျားကိုသုံးယောက် အခုသွားနှင့်ကြပေါ့၊ ကျွန်တော့်ကို တခန်းအပြင်ကနေစောင့်နေကြ၊ ကျွန်တော် ဆယ်မိနစ်ထက် ပိုမကြာဘူး"

သူက ပြန်ပြောပါသည်။

"ကောင်းပြီ၊ ဒါပေမဲ့ မြန်မြန်လုပ်၊ ကျွန်တော်တို့ကို မတွေ့တော့လို့ ရှိရင်ကောင်ကြားထဲကနေ လှမ်းကြည့်ပြီးလို့တွက်ကြမှာပဲ၊ အဲဒီတော့ ကျွန်တော်တို့က တောင်ပေါ်ကို တက်ကြမယ်၊ ရိုးထဲကိုသွားတဲ့ လမ်းကျဉ်းကလေးကို ခင်ဗျား သိတယ်မဟုတ်လား၊ ခင်ဗျားကို ကျုပ်တို့ တောင်ခါးပန်းနားကနေ စောင့်နေမယ်၊ အဲဒီကနေ ရေကိုဆိုရင် လမ်းဟာ အတော်ကို ပြေပြီးသွားလို့ လွယ်ကူတယ်၊ ကဲ ကံကောင်းထောက်မပါစေ၊ မြန်မြန်သာ လိုက်ခဲ့ပေတော့"

ကျွန်တော်က ဤသို့ တိပ်အား ပြောပြီးနောက် စောင့်နေကြသော ပရိဒိရာကွန်နှင့် ဆူပမ်ဘက်သို့လှည့်၍–

"လာ မြန်မြန်လုပ်ကြစို့"

*     *     *

http://www.cherrythitsar.org

# အခန်း ၁၁

## ရှိုး

တိပ်အား ကျွန်တော်ပြောသော ရှိုးဆိုသည်မှာ ကျွန်တော်တို့နှစ်ယောက်စလုံး တောင်ပေါ်သို့ မကြာခဏလမ်းလျှောက်ခြင်းဖြင့် ကောင်းကောင်းသိနေကြပါသည်။ ၎င်းသည် စခန်း၏အထက် လက်ဝဲဘက် တစ်မိုင်လောက်တွင် ရှိပါသည်။ ၎င်းသည် မိုးရာသီအတွင်း၌ မိုးကြီးလေကြီးကျပြီးတိုင်း စီးဆင်းလာသော တောင်ကျရေတို့ကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်ပေသည်။ တောင်ကျချောင်းသည် ကျောက်ဆောင်နံရံများအား ကိုက်စား၍ စီးဆင်းသွားပြီး ကိုက်တစ်ရာကျော်လောက်တွင် ကမ်းနှစ်ဖက်သည် မြစ်အောက်ခြေထက် ရှစ်ပေမှ ဆယ်ပေထိ မြင့်တက်လျက်ရှိပါသည်။

ကျွန်တော်တို့သည် အခန်းမှ မိုင်ဝက်လောက်ပေါက်လာသောအခါတွင် အော်ဟစ်သံများကို ကြားရပြီး မီးရောင်များ ရွေ့လျားနေသည်ကို တွေ့ရပါသည်။ ယစ်အား သူ့လူတစ်ယောက်က သော်လည်းကောင်း၊ ဒေါက်တာဗွန် ကသော်လည်းကောင်း တွေ့ရှိသွားပေပြီ။

မိနစ်အနည်းငယ်မျှ ဆက်လက်၍ အော်ဟစ်သံများကို ကြားနေရပါသည်။ ထို့နောက် မီးရောင်များသည် စခန်းမှတောင်ကြားထဲသို့ ကရိပ်ရိပ်ပြေးထွက်နေသည်ကို ကျွန်တော် မြင်တွေ့ရ၏။ ကျွန်တော် တွက်ထားသလို

ပင် ကျွန်တော်တို့သည် အလွယ်ဆုံး လမ်းကိုလိုက်လိမ့်မည်ဟု သူတို့က တွေး ထင်ပြီး တောင်ကြားတစ်လျှောက်တွင် ရှာဖွေနေကြခြင်းဖြစ်လေသည်။

သို့ရာတွင် ကျွန်တော်တို့သည် စိတ်မချရသေးပေ။ ကျွန်တော် တို့သည် တောင်ခါးပန်းကိုဖြတ်၍ တစ်ဖက်တောင်ကြားကျယ်ကြီးထဲသို့ အားကောင်းရန်ကောင်း ရောက်သွားသည့်တိုင် မိသွားနိုင်သည့် အလားအလာများ ရှိနေပေသေးသည်။ နောက်ဆယ်မိနစ်တွင် ကျွန်တော်တို့သည် ချိုင်းထဲသို့ ရောက်ရှိသွားကြပါသည်။ ဆူဂမ်မှာ ရှေ့ကသွားသည်ဖြစ်ပြီး ကျွန်တော်တို့ တက်လာရန် သူက စောင့်ဆိုင်းလျက်ရှိပါသည်။

"ဆူဂမ်ရှေ့ကသွား၊ ခွန်ပရိဒ်ရာကွန်က အလယ်ကလိုက်ပြီး ငါက နောက်ဆုံးကနေမယ်၊ တို့ဟာ ချိုင်းထဲကထွက်သွားနိုင်ခဲ့ရင်တော့ အဆိုးဆုံး အပိုင်းဟာ ကုန်ပါပြီ"

ချိုင်း၏ အားတစ်ဖက်တစ်ချက်သည် မတ်စောက်လှပြီး အတွင်းတွင် ပိန်းပိတ်အောင် မှောင်နေပါသည်။ ကျွန်တော်တို့သည် ကျောက်ခဲများ ပြိုမကျအောင် ဖြည်းဖြည်းချင်း တက်နေရ၏။

ထိုသို့မဟုတ်ခဲ့လျှင် ကျောက်တုံးသည် တောင်ခြေတစ်လျှောက် လိမ့်ကျသွားပြီး ကျွန်တော်တို့ရှိရာအရပ်ကို ဖော်ပြနေပေမည်။ သို့ရာတွင် မကြာခင်မှာပင် ကျောက်တုံးတစ်တုံးပြီးတစ်တုံး ကျခြင်းတို့က တိတ်ဆိတ် မှုကို ဖြိုခွင်းလေတော့၏။ အသေးဖွားတောင်ပြိုခြင်းသည် စက္ကန့်အနည်း ငယ်မျှကြာပြီးနောက် တိတ်ဆိတ်သွားပြန်၏။

"ဆူဂမ် မင်းကြောင့်လား"

ကျွန်တော်က ညင်ညင်သာသာ မေးလိုက်သည်။

"မဟုတ်ဘူး ခွန်ပရာဆက်၊ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် ရှေ့က ကပ်လို့ပဲ၊ ကျွန်တော်တို့ရှေ့မှာ တစ်ယောက်ယောက် ရှိလိမ့်ဦးမယ်၊ ကျွန်တော် ထင်တာတော့ သူဟာ ချိုင်းထိပ်ကနေ စောင့်နေတယ်နဲ့တူတယ်"

“ကောင်းပြီ ဆူဇမ်၊ ဆက်သာသွား၊ ဒါပေမဲ့ မင်းတက်နိုင်ရင်တော့ အလဲမထွက်စေနဲ့၊ တို့ကော တစ်ယောက်နဲ့ တစ်ယောက်ကပ်ပြီး ရှိ့ကို ပပ်ပြီး တက်ကြမယ်”

ကျွန်တော်တို့သည် ဆယ်ကိုက်လောက်ရောက်အောင် ငါးမိနစ်ခန့် တက်ကြရပါသည်။ ထိုစဉ်မှာပင် ကျွန်တော်တို့အောက်မှ သေနတ်သံများ ရုတ်တရက် ကြားလိုက်ရပါသည်။ အတော်ကလေး ကြာအောင်ပင် ကျွန်တော်တို့နှင့်ဝခန်း၏ အကြားဆီလောက်မှ ခြောက်လုံးပြူး တစ်လက်အသံ၊ တစ်လုံးကို့ သေနတ်သံများ၊ ရိုင်ဖယ်သံများကို ကြားရပါသည်။ တိပ်အား လိုက်ပစ်နေခြင်း ဖြစ်ခဲ့လျှင် သူသည် အောက်ဆင်ခြေလျှောကို ပတ်နေစဉ်ဖြစ်ပေမည်။ ခြောက်လုံးပြူးသံတစ်ချက်ကို နောက်ဆုံးကြားလိုက်ရပြီး နောက် တိတ်ဆိတ်သွားလေ၏။

“ကျွန်တော့်ကို မိသွားကြပြီ ပရာဆက်” ကျွန်တော်က တိပ်၏ အော်သံကို ကြားရပါသည်။ “ပရာဆက် ပရာဆက်” တောင်များတွင် ပဲ့တင်ထပ်သွားပါသည်။ ထို့နောက် ဆွဲငင်၍ အော်ဟစ်သံကြားရပြီ့ နောက် ရိုင်ဖယ်သံသုံးချက်ကြားရပါသည်။ ကျွန်တော်က ထရပ်လိုက်ပြီး နောက် ကြောင်းကိုပြန်ပြေးကာ တိပ်အား ကယ်ဆယ်မည်စိတ်ကူးလိုက်၏။ ထိုအချိန်မှာပင် တောင်ဖောင်းတစ်ခုလုံးသည် ပြိုကျသွားသည်ဟု ထင်လိုက်ရသည်။ ကျောက်တုံး ကျောက်ခဲများသည် ကျွန်တော်တို့အပေါ် ကျလာတော့၏။ လူတစ်ယောက်၏ ခန္ဓာကိုယ်သည် ကျွန်တော့်ပခုံးပေါ်သို့ ပစ်ကျလာ၏။ သူသည် ကြောက်လန့်တကြားအော်ဟစ်ရင်း ရိုးတစ်လျှောက် လိမ့်ဆင်းကျသွားလေတော့၏။

ကျွန်တော်က တိပ်အတွက် စိုးရိမ်ပူပန်နေရန် အချိန်မရတော့ပါ။ ဆူဇမ်နှင့် ပရီဒီရာကွန်အပေါ်သို့လည်း အခြားလူနှစ်ယောက်သည် ပစ်ကျလာပါသည်။ တစ်ယောက်သည် ပရီဒီရာကွန်အား လည်ပင်းကို ဖက်ထားပြီး

လက်တစ်ဖက်က ဓား တစ်ချောင်းကို ကိုင်ထားသည်အား မိုးကောင်းကင်ကို နောက်ခံပြုလျက်မြင်ရပါသည်။ ကျွန်တော်က ထိုလူ၏ဓားမြှောင်ကိုင်ထားသောလက်ကို ဆုပ်ကိုင်လိုက်ပြီး သူ့အား ချောင်းကမ်းပါးသောနှင့် ဆောင့်မိအောင်ကိုယ်လုံးပစ်တိုက်လိုက်ပါသည်။ ပရိဒီရာကွန်သည် ဒယိမ်း ဒယိုင်ဖြင့် ဒူးထောက်ကျသွားပါသည်။

ဆူဝမ်နှင့် သူ့ရန်သူမှာမူ ရိပ်အမှောင်ထဲတွင်ပျောက်နေပြီး ကျွန်တော်က သူတို့နှစ်ယောက်အား ဘာမျှမမြင်ရပါချေ။ သို့ရာတွင် ကျွန်တော်သည် သူတို့၏ သက်ပြင်းရှူသံများနှင့် ထိုးကြိတ်သံများကို ကြားရပါသည်။ ဆူဝမ်သည် သူ့ကိုယ်သူကာကွယ်နိုင်ကြောင်း ကျွန်တော် သိပါသည်။

ကျွန်တော်က ပရိဒီရာကွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူသည် အခြားလူတစ်ယောက်အပေါ်ခွလဲကျလျက်ရှိလေသည်။ ယောက်ယက်ခတ်နေသော လက်များခြေများအနက် တစ်ခုခုကိုဖမ်းမိစေရန် ကျွန်တော်က အမှောင်ထဲတွင် ကစမ်းတမ်း လှုပ်နေမိပါသည်။ ဖြန်းဆို ပရိဒီရာကွန်သည် တစ်ချက်အော်လိုက်ပြီး ပက်လက်လန်လဲကျသွား၏။ ရန်သူက သူ့အပေါ် ခွစီးလေသည်။ ကျွန်တော်က ရန်သူ၏ခေါင်းကို ဖြတ်ခနဲ မြင်လိုက်ရ၍ သူ့ဇက်ပိုးကို တအားလှမ်းချလိုက်ပါသည်။ ကျွန်တော်က ရှေ့သို့ကုန်းကာ သူ့အင်္ကျီရင်ဘတ်ကို ကိုင်၍ ပရိဒီရာကွန်အပေါ်မှ ဆွဲယူလိုက်ပြီး ပါးချိတ်ကို လက်ဖျံသားမာတစ်ဦး၏ဟန်ဖြင့် ထိုးလိုက်ပါသည်။ နောက်မိနစ်အနည်းငယ်အတွင်းပယ်တော့ သူက ခေါင်းထူနိုင်တော့မည် မဟုတ်ပါပေ။ ပရိဒီရာကွန်သည် တလူးလူး တလွန့်လွန့်နှင့် ညည်းညူလျက်ရှိပါသည်။

ကျွန်တော်ကထကဲ့ပြီး ဆူဝမ်အား ရှာဖွေပါသည်။ လူသဏ္ဍာန်တစ်ခုက ထလာ၍ ကျွန်တော်က ခုခံကာကွယ်ရန် လက်ကို အသင့်ပြင်လိုက်ပါသည်။ 'ဆရာ' ဟိုလူက ပျော့ပျော့လေး ခေါ်လိုက်သည်။ ဆူဝမ်ပင်ဖြစ်လေ၏ ။

“သူကော့ ကိစ္စချောပြီ ဆရာ၊ ကျွန်တော်တို့ ဖော်လိုက်ကြတာ သူ့မှာက ဓားပါတာကိုး၊ ကျွန်တော် သူ့ကိုပစ်တွန်းလိုက်တာ သူ့ဓား ပေါ် ကျသွားတယ်၊ သူ့ကိုယ်သူသတ်တာပဲ၊ ကျွန်တော် သူ့ကိုမသတ်ပါဘူး”

သူ့လက်ကို ကျွန်တော်က ခဏကြာအောင် ဆုပ်ကိုင်ထားလိုက်ပြီး နောက် ပရိဒိရာကွန်အား လှည့်ကြည့်မိ၏။

“မင်းတော့ ဘာမှမဖြစ်ဘူး မဟုတ်လား”

ကျွန်တော်က မေးလိုက်သည်။

“မဖြစ်ပါဘူး ခွန်ပရာဆက်၊ နောက်ထပ် ဘယ်သူမှ ရောက်မလာခင် ကျွန်တော်တို့ ဒီအန္တရာယ်ရိုးထဲက လစ်ကြမှပဲ”

ဆယ်မိနစ်လောက်တော့ ကျွန်တော်တို့သည် တောင်ပေါ်သို့ မြန်နိုင် သမျှ မြန်မြန်တက်ကြပါသည်။ ပရိဒိရာကွန်သည် မောဟိုက်လျက်ရှိလေ၏။ ကျွန်တော်တို့သည် တောင်ကမူလေးတစ်ခုကို ကျော်လွန်ခဲ့ပြီး ဆင်ခြေလျှော တစ်ခုကိုအဆင်းတွင် ပရိဒိရာကွန်သည် ညည်းညူလဲကျသွားပါတော့၏။

ဆုပမ်နှင့် ကျွန်တော်သည်သူ့အား လဲကျရာမှထူမလိုက်ပြီး မြေပြင် ညီတစ်ခုတွင် လဲလျောင်းချထားလိုက်ပါသည်။ ထိုသို့မအယူတွင် ကျွန်တော့် လက်သည် သွေးများပေကျံကုန်ပါတော့၏။ ကျွန်တော်က သူ့အင်္ကျီကို ဆုတ်ပစ်လိုက်ရာ နံဖေးတွင် ဓားဖြင့် နှစ်ချက်တိတိ အထိုးခံထားရသည်ကို တွေ့ရပါသည်။

ကျွန်တော့် ရုပ်အင်္ကျီကို ကပျာကယာ ဆုတ်ယူပြီး သူ့ဒဏ်ရာများ အားပတ်တီးစီးပေးလိုက်ရပါသည်။ ပရိဒိရာကွန်သည် သဲ့သဲ့လေး ညည်းညူ ပြီး မျက်လုံးဖွင့်ကြည့်လိုက်ပါသည်။

“အခြေအနေမလှဘူး ခွန်ပရာဆက်၊ ရိုးထဲမှာကတည်းက ဒါဟာ ကျွန်တော့်ရဲ့ နောက်ဆုံးနေ့ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ထားသာပစ်ခဲ့ကြပါ၊ သူတို့ ကျွန်တော့်ကို ရှာတွေ့ကြမှာမဟုတ်ပါဘူး၊

ကျွန်တော့်အဖို့ ငြိမ့်ချမ်းမှုကောင့်ကောင်းရမှာပါ၊ အခု မနာတော့ဘူး၊ ကျွန်တော် မလှုပ်မရှားနိုင်တော့ဘူး”

ထိုနေ့ နေ့လယ်စာ စားပြီးကတည်းကပင် ကျွန်တော်က သူ့အား သဘောကျလာမိပါတော့၏။ ထိုစဉ်ကသူသည် ကျွန်တော်တို့အား ဆန့်ကျင်လျက်ပင်ရှိနေစေသော်ကာမူ ဟန်ဆောင်မှုနှင့် ညစ်ပတ်မှုများအား ခွာချ၍ သူ၏ ပကတိစိတ်ထားကို ပြသလျက်ရှိချေပါသည်။

“မဖြစ်နိုင်တာပဲ ပရိဂီရာကွန်၊ ခင်ဗျား မသေနိုင်ပါဘူး၊ ကျွန်တော်တို့ ခင်ဗျားကို စောင့်ရှောက်ပါမယ်၊ ဆရာဝန် ခေါ်ပေးပါမယ်”

ကျွန်တော် ညင်သာတို့ညင်းစွာ ပြောလိုက်ပါသည်။

“အကြောင်းမထူးတော့ပါဘူး ပရာဆက်၊ ခင်ဗျားက ဆရာဝန် ခေါ်ပေးနိုင်တယ်ထားဦး၊ ကျွန်တော်က သူမလာခင် သေမှာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် ဇာတ်စုံခင်းပြပါမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကပေါ့ဗျာ၊ ကျွန်တော်ဟာ ဥပဒေနှင့်ဆန့်ကျင်တဲ့ အလုပ်ကိုလုပ်ခဲ့တယ်၊ မရိုးသားတဲ့ လုပ်ငန်းတစ်ခုပေါ့ဗျာ၊ လုပ်ငန်းကတော့ အသေးစားကလေး ပါပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီအချိန်က ပိုက်ဆံတစ်ပြားမှ မရှိတဲ့အတွက် လုပ်မိတာပဲ၊ အဲဒီလုပ်ငန်းကြောင့်လည်း ယခု ကျွန်တော့်လက်ဝယ်မှာရှိတဲ့ လုပ်ငန်းကြီးတွေကို တည်ထောင်နိုင်တာပဲ”

“ဒေါက်တာဗွန်နဲ့ ယစ်ဟာ ဒီဒေသမှာ ရှာဖွေနေကြကြောင်း ကျွန်တော့်လူတွေ တွေ့တယ်ဆိုတာကတော့တကယ်ပါပဲ၊ ဒါပေမဲ့ ကျွန်တော် သိသွားတယ်ဆိုတဲ့အကြောင်းကို သူတို့သိသွားတာကိုတော့ ခင်ဗျားတို့ကို ပြန်မပြောမိဘူး၊ ယစ် ကျွန်တော့်ဆီကိုလာတယ်၊ သူဟာ ကျွန်တော့်ဆီကို မလာခင် ကျွန်တော့်အကြောင်းတွေကိုစုံစမ်းခဲ့တယ်၊ တကယ်လို့ ကျွန်တော်က သူတို့ကို မကူညီနိုင်ခဲ့ရင် ကျွန်တော့်အကြောင်းတွေကို ဖော်ထုတ်ရပါလိမ့်မယ်လို့ သူက ခြိမ်းခြောက်တယ်၊ ဒီသဘောဟာ ကျွန်တော့်ဂုဏ်သိက္ခာကို တစ်ခါတည်း ဖျက်ဆီးခြေမှုန်းလိုက်တာပဲပေါ့၊ ကျွန်တော်ကသူတို့ အင်္ဂလန်

သွားဖို့ ပိုက်ဆံထုတ်ပေးခဲ့ရတယ်၊ သူတို့က ကျွန်တော့်ကို နောက်တစ်ကြိမ် ဒုက္ခမပေးတော့ပါဘူးလို့ ကတိပေးခဲ့တယ်"

"ဒါပေမဲ့ ငွေညှစ်တဲ့လူတွေရဲ့ ထုံးစံအတိုင်းပေါ့ဗျာ၊ သူတို့ဟာ ရလေလိုလေ ဆိုတာမျိုးပဲ၊ ယာစ် အင်္ဂလန်က ပြန်လာတဲ့အခါကျတော့ ဒေါက်တာဗွန်က သူ့ကို ကျွန်တော့်ဆီ တစ်ခါလွှတ်ပြန်တယ်၊ ဒီတစ်ကြိမ် သူတို့ရဲ့တောင်းဆိုချက်ကတော့ ကြီးမားလွန်းလှတယ်၊ ခင်ဗျားကို ကျွန်တော် နဲ့အတူ ခေါ်ဆောင်ခေါ်လာဖို့ပဲ၊ ခင်ဗျားကိုတွေ့ ဘေးအန္တရာယ်မရှိစေဖို့ ကျွန်တော်က ယာစ်ကိုကတိပေးထားတယ်၊ ပြီးတော့ သူတို့ကတိကို စိတ်မချ တာနဲ့ ကျွန်တော်ကကိုယ်ခိုင်းရမယ့် လူနှစ်ယောက်ကိုငှားခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားသိပြီးဖြစ်တဲ့အတိုင်းပဲ ဒေါက်တာဗွန်ဟာ ဘယ်လောက်ပါးသလဲ ဆိုတာ သူ့လူတွေကို ကျွန်တော် ငှားမိအောင်ဖန်တီးခဲ့တယ်"

"ပုလိပ်ကိုတိုင်မယ်ဆိုပြီး ခင်ဗျားက ပြန်မခြိမ်းခြောက်ဘူးလား၊ သူတို့ဟာ လူသတ်မှုနဲ့အလိုရှိတဲ့ တရားခံတွေပဲ"

ကျွန်တော်က မေးလိုက်သည်။

"ခုတော့ အပြောကတော့ လွယ်တာပေါ့၊ ဒါပေမဲ့ သူတို့ဟာ ကျွန်တော့်အကြောင်းကို ထုတ်ပြောကြလိမ့်မယ်၊ ဒါမှမဟုတ် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒေါက်တာဗွန်ဟာ ကျွန်တော့်ကို သတ်လိမ့်မယ်၊ ပရာမိုနဲ့ ယာစ်ကလွဲလို့ သူ့ကို ဘယ်သူမှ တွေ့ဖူးကြတာမဟုတ်ဘူး"

"ကျွန်တော့်အဖေ မြင်ဖူးတယ်လေ"

"မမြင်ဖူးပါဘူး၊ ခင်ဗျားအဖေလည်း မမြင်ဖူးဘူး၊ သူ့ကိုယ်သူ ဒေါက်တာဗွန်လို့ ပြောတဲ့လူက ယာစ်နဲ့အတူလိုက်ဖို့ သူတို့ငှားလာတဲ့ တေလေကြမ်းပိုးတစ်ယောက်ပဲ၊ သူလည်းအခုသေရှာတာပဲ၊ ခင်ဗျား အဖေဆီ လာပြီးနောက် မကြာခင်မှာပဲ သူသေရှာတာပဲ၊ သူ့ကို အသက်နဲ့ကိုယ် အတူထားနေရတာ ဘေးမကင်းဘူးလို့ သူတို့ယူဆလို့ပဲ ဖြစ်မှာပေါ့"

ထို့နောက် ပရိဒ်ိရာကွန်က မိနစ်အနည်းငယ်ကြာအောင် ဆက်ပြော နေပြန်သည်။ ရကနာများကို တွေ့သောအခါတွင် ယစ်နှင့်ဗွန်အား ဖမ်းမည်ဟု သူက တွက်ထားသည်။ ထိုအခါကျမှတော့ သူတို့သည် သူ့အကြောင်းကို ပြောချင်လည်း ပြောကြပေတော့။ တစ်ဖက်က သူ့ဂုဏ်သိက္ခာပျက်စီးသလို တစ်ဖက်မှာလည်း ဤသို့ သူ၏ဆောင်ရွက်မှုဖြင့် သူက ကောင်းကျိုးတစ်ခုကို ပြုခဲ့ပြီမဟုတ်ပါလား။

နောက်ထပ် မိနစ်အနည်းငယ် ဆက်လက်၍ ကျွန်တော်တို့က စကား ပြောနေကြပါသည်။ ထို့နောက် သူသည် အသက်ရှူ ကဖြည်းဖြည်း နေးလာ ပြီး အားထုတ်မှုလည်း မရှိတော့ပါပေ။ သူ၏ သေရေး ရှင်ရေးကာလဖြစ်ကြောင်း ကျွန်တော် သိပါ၏။ ထို့နောက် သူသည် မည်သည့်လက္ခဏာမျှ မပြဘဲနှင့် အသက်ရှူရပ်သွားပါလေတော့သည်။

* * *

# အခန်း ၁၂
# အမဲလိုက်ခံရခြင်း

ဖြစ်သမျှအလုံးစုံကိုတော့ ကျွန်တော်က မမှတ်မိတော့ပါ။ ဆူဂမ်သည် ကျောက်ခဲများကို ပရိဒီရာကွန်၏အလောင်းပေါ်တွင် စုပုံပါသည်။ ကျွန်တော်ကလည်း ကူညီသည်ဟုတော့ ထင်ပါသည်။ ထို့နောက် ကျွန်တော်တို့သည် တောင်နှာမောင်း၏အစွန်းနားတွင် လဲလျောင်းနေကြပြီး ခရီးမဆက်ခင် သေချာစွာ နားစွင့်ကြပါသည်။ တစ်ဖက်တောင်ကြားထဲသို့ ရောက်သွားမည့်လမ်းကို ကျွန်တော်တို့ ရှောင်ဖယ်ပါသည်။ ကျွန်တော်တို့ နာရီကို ကြည့်မိသောအခါတွင် သန်းခေါင်တောင်ပင် မတိုင်သေးသည်ကို အံ့သြစွာ တွေ့ရသည်အားလည်း မှတ်မိနေပါသေး၏။

နောက်ပိုင်းခရီးများကို ကျွန်တော်သည်တစ်ပိုင်းတစ်စသာ မှတ်မိနေပါသည်။ တစ်ခုနှင့်တစ်ခု မဆက်စပ်ပါ။ နောက်ထပ် တောင်နှာမောင်းတစ်ခုကိုတက်ရသည်။ နောက်တစ်ကြိမ်မဆင်းခင် တောင်တစ်လုံးထိပ်နား၌ ကြာမြင့်စွာ နားကြသည်။ တောတစ်အုပ်အတွင်းသို့မရောက်ခင် ကျွန်တော်တို့သည် ကွင်းပြင်ကြီးထဲ၌ တစ်နာရီခန့်သွားကြရပါသည်။ ထို့နောက် ကျွန်တော်တို့သည် ဒေါက်ကာဗွန်၏လူများရန်မှ ရှင်းပြီဟုတွက်မိကြပါ

http://www.cherrythitsar.org



သည်။ နာရီဝက်ခန့်ကြာသော် ကျွန်တော်တို့သည် ရေများပြည့်လျှံနေသော ချောင်းကိုဖြတ်ရန် နေရာရှာသည့်သဘောဖြင့် စုန်ချည်ဆန်ချည် လျှောက်နေကြပါသည်။

ဆုဂမ်သာ မပါခဲ့လျှင် ကျွန်တော်သည် လွတ်မြောက်နိုင်စရာ အကြောင်းမရှိပါပေ။ မသိမသာ ဦးစီးခေါင်းဆောင်မှုပေးနေသူမှာ သူသာလျှင်ဖြစ်ပါသည်။ တစ်ခါတစ်ရံ သူသည် ကင်းထောက်ထွက်ပါသည်။ နား အမြဲစွင့်၍ ပုန်းရန်နေရာ အဆင်သင့်ရှာထားပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် လိုက်လံရှာဖွေသူများနှင့် နီးကပ်သွားမိသည့်တိုင် ကျွန်တော်တို့တွင် ပုန်းအောင်းရန်နေရာ အမြဲကမ်းရှိနေပါသည်။

ကျွန်တော်တို့သည် နားခဲပေသည်။ အကြောင်းမှာ ကျွန်တော်တို့သည် နေမထွက်ခင် ဖိလစ်နှင့် အမျိုးသမီးများအား တွေ့အောင်ရှာဖွေရမည်ဟု သန္နိဋ္ဌာန်ချထားသောကြောင့်ဖြစ်ပါ၏။ ယင်းစေတနာမှု နံနက် ၆–နာရီထိုး၍ နေထွက်လာသည့်တိုင် ကျွန်တော်တို့သည် ဖိလစ်နှင့် အမျိုးသမီးများအား တွေ့ရမည့်နေရာနှင့် ရှစ်မိုင်ဝေးကွာနေဆဲဖြစ်၏။

ထိုအချိန်တွင် ကျွန်တော်တို့သည် ဆင်တောင်ခြေတွင်ရှိသော ဂဇြော သာယာသည့် လယ်ကွက်ကြီးကို ဖြတ်လျက်ရှိပေပြီ။ သစ်ပင်ကြီးများ နည်းပါးသဖြင့် ကျွန်တော်တို့သည် လမ်းအတိုင်းပင် မြန်မြန်လျှောက်သွားရန် ဆုံးဖြတ်လိုက်ကြ၏။ နောက်တစ်နာရီကြာသောအခါတွင် ကျွန်တော်တို့ သည် ခရီးလေးမိုင်ပေါက်လာသည်ကို တွေ့ရ၏။ ငါးမိုင်ပင် ဖြစ်ကောင်းဖြစ်ပေမည်။

ကျွန်တော်တို့သည် တောင်ကြား၏အရှေ့ဘက်သို့ သွားလျက်ရှိပါ၏။ ကျွန်တော်တို့ သိသလောက်ဆိုလျှင် ဟယ်လီကော့ပတာသည် အနောက်ဘက်တွင် ဆင်းသက်သည်ဖြစ်ပြီး ကျွန်တော်တို့နှင့် လေယာဉ်ပျံ၏ကြားတွင် 'ကျွဲ သုံးတောင်တောင်'က ခြားလျက်ရှိပေသည်။ ကျွန်တော်တို့သည် တောင်ကိုနာရီဝက်အတွင်း ဖြတ်သန်းသွားစဉ်တွင် ရဟတ်ယာဉ်

http://www.cherrythitsar.org



တက်နို့သဲကို ခဏတာမျှ ကြားရပါသည်။ ထို့နောက် တက်ပြန်ရပ်သွား၏ ။ ရဟတ်ယာဉ် ထွက်မသွားခင်တွင် ကျွန်တော်တို့သည် ကွင်းပြင်ကိုဖြတ်၍ နေ့ခင်းကြီးတွင် ဆင်တောင်ဆီသို့ သွားရန်မှာ အန္တရာယ်များလှသဖြင့် စမ်းချောင်းတစ်ခုအနီး သစ်ပင်များအောက်တွင် ထိုင်ကြပြီး ကိုယ်လက် အေးအေးကြာကြာပါသည်။

ဆူဇမ်က ကျွန်တော့်အား လဲလျောင်း၍ အနားယူစေပါသည်။ ကျွန်တော်ကား ငြင်းဆန်ပါသေးသည်။ သို့သော် သူပြောသည်မှာ မှန်ကန် ကြောင်း ကျွန်တော်သိပါသည်။ မနေ့ညက အဖြစ်အပျက်များသည် ကျွန်တော့်အား မောပန်းနွမ်းနယ်စေပြီး မိနစ်အနည်းငယ်အတွင်းမှာပင် ကျွန်တော်သည် အိပ်မောကျသွားလေတော့၏ ။

ကျွန်တော် နိုးလာသောအခါတွင် ဆူဇမ်က လှုပ်နိုးနေသည်ကို တွေ့ရ၏ ။

"ကြည့်ကြည့် ခွန်ပရာဆက်၊ သူတို့သွားကြပြီ"

ရဟတ်ယာဉ်သည် ပျံလျက်နေလေပြီ။ ၎င်းသည် မိနစ်အနည်းမျှ ကြာအောင် တောင်ကြားထဲတွင် ကက်လိုက် ဆင်းလိုက်လုပ်နေသည်။ ဖိလစ်နှင့် အမျိုးသမီးများအား ရှာဖွေနေကြောင်းမှာ သိသာထင်ရှားလှ သည်။ ထို့နောက် ၎င်းသည် စခန်းဆီသို့ ပျံသွားလေသည်။

"ကိုယ်တို့ ခုတောင်ဆီကို ဖြတ်ကြတို့၊ ဟယ်လီကော့ပတာဟာ စခန်းကို ပြန်ရောက်အောင် အနည်းဆုံး မိနစ်နှစ်ဆယ်ပျံရမယ်၊ စခန်း ကျရင် ဓာတ်ဆီထပ်ဖြည့်လိမ့်မယ်၊ ဒါကြောင့် သူပြန်မလာခင် တစ်နာရီ အချိန်ရမယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

ကျွန်တော် လက်ပတ်နာရီကိုကြည့်လိုက်ရာ ၈–နာရီ မိနစ် ၂၀ ရှိ ပြီကို တွေ့ရ၏ ။ တိမ့်မြေနှင့်တောင်အစပ်သို့ သုံးမိုင်သာလိုတော့သည်။

ထိုသို့ ကျွန်တော်တို့ ရောက်သွားခဲ့လျှင် ပုန်းကွယ်နိုင်ပေပြီ။ ဖိလစ်နှင့် အမျိုးသမီးနှစ်ယောက်အား ကစ်နေ့လုံး ဆက်လက်ရှာဖွေနိုင်ပေသည်။

တောင်ကြား၏ ဤဒေသသည် တစ်ကြိမ်က ယွန်ယက်ကိုက်ဖျိုးခဲ့ပေသည်။ သို့ရာတွင် နှစ်ပေါင်းများစွာကြာအောင်ပင် ပစ်ထားခဲ့သည်မှာ ထင်ရှားလှ၏။ မြက်ထူထူ ချုံထူထူများသည် အသွားအလာကို ခက်ခဲလှပေသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး အစင်းအထင်းနှင့်ချည်းဖြစ်နေပြီး တောင်ခြေသို့ရောက်သောအခါတွင် ကျွန်တော်တို့အဝတ်များသည် စုတ်ပြတ်၍ကုန်ကြပေပြီ။

ကျွန်တော်တို့သည် တိမ့်နှင့် ကိုက်ငါးရာခန့်အလိုတွင် ဖိလစ်သည် သစ်ပင်တွေထဲမှ ပေါ်လာပြီး ကျွန်တော်တို့ထံ လျှောက်လာနေ၏။

ခကာမျှကြာအောင် သူက တစ်ခွန်းမျှမပြောပါချေ။ ကျွန်တော့်လက်များကိုသာ ဆုပ်ကိုင်ထားလေသည်။

"အခုစကားမပြောကြနဲ့ဦး တို့ ဖိလစ်၊ ကျွန်တော်တို့ တွေ့ရတဲ့အတွက် ဝမ်းသာတယ်ဆိုရင် ခင်ဗျားဟာ ဆုဝမ်ကို ကျေးဇူးတင်ပေတော့၊ သူသာ မပါရင်တော့ ကျွန်တော် ဒီကိုရောက်လာမှာမဟုတ်ဘူး"

ကျွန်တော်တို့သည် သစ်ပင်များဆီသို့ သုတ်ခြေတင်သွားကြပါသည်။ နာရီဝက်ခန့်ကြာသောအခါတွင် ရေမွှေးဆိုးတည်နေသော အမျိုးသမီးများအား တွေ့ရှိရပါ၏။ သူတို့အဖို့လည်း လွန်ခဲ့သည့်ညသည် ဆင်းရဲပင်ပန်းကြီးလှပါသည်။ သူတို့သည် ဆင်တောင်သို့ရောက်အောင် နာရီအနည်းငယ်သာ လာရပါသည်။ ထို့နောက် တိမ့်အတွင်းမှ ထွက်လာကြသော လေးတော်နေသည့် ခြင်များခြံရံလျက် ကျွန်တော်တို့အား စောင့်ဆိုင်းနေကြရတော့သည်။ ရောင်နီပျိုးသောအခါတွင် ဖိလစ်သည် သူတို့အားထားခဲ့ပြီး ကျွန်တော်တို့အား စောင့်ဆိုင်းရန် တောစပ်သို့လာခဲ့လေသည်။

မနေ့ညက အဖြစ်အပျက်များအားလုံးကို ကျွန်တော်က သူတို့အား ပြောလိုက်ပါသည်။ ပရိုဒီရာကွန်အကြောင်းနှင့် ကိုဝ်ကစ်ယောက် သေသည်

ရှင်သည် မသိကြောင်းတို့ကို ပြောပြပါသည်။ ကျွန်တော်တို့ဖြတ်လာခဲ့သော တောင်ကြားကို မနေ့က လူနှင့်အမျိုးသမီးများ ရှာဖွေကြပုံအကြောင်းကို ဖိလစ်က ပြောပြပါသည်။ ရတနာများသည် ဤဒေသတွင်ပင်ရှိမည်ဟု သူက ယုံကြည်လေသည်။ ကျွန်တော်တို့သည် ဆူပမ်တခန့်မှယူလာသော ချောကလက်များကို စား၍ ရေသောက်ကြပါသည်။

ကျွန်တော်တို့သည် ဝိမ့်၏တစ်ဖက်တွင်ရှိသော "ဂဏ္ဍပရာဘက်" ဘုန်းကြီးကျောင်းသို့ မရောက်မချင်း အခြားဘာမျှ စားစရာရှိပေဦးမည် မဟုတ်ချေ။

ကျွန်တော်တို့ ခရီးဆက်သည်။ ဟယ်လီကော့ပတာသည် ပြန်ရောက် မလာသေးပေ။ လေယာဉ်ပျံတော့ တက်ကစ်ခါပျက်နေပြန်ပြီဟု ကျွန်တော်တို့က ထင်နေကြသည်။ ဝိမ့်သည် တစ်မိုင်တင်းကင်း ကျယ်ပြောလေသည်။ ပထမမိုင်တစ်ဝက်တွင်တော့ သစ်ပင်များရှိလေသည်။ နောက်ပိုင်းတွင်တော့ ဝိမ့်သည် ဘယ်လိုနေမှန်း ကျွန်တော်တို့ ပြောမပြတတ်ပါပေ။ အကြောင်းမှာ ကျွန်တော်တို့သည် ဝိမ့်အား ရဟတ်ယာဉ်ပေါ်မှသာမြင်ရပြီး မြက်ရှည်ကြီးများက ဖုံးလွှမ်းနေသောကြောင့်ဖြစ်ပါ၏။

ကျွန်တော်တို့က ဝိမ့်အကြောင်းကို အမျိုးသမီးများအား ကြိုတင်၍ သတိပေးပါ၏။ အကယ်၍သူတို့ပုန်းနေရစ်ခဲ့လိုလျှင် နေရစ်ကြပြီး ကျွန်တော်တို့ချည်း ဖြတ်သွားကြပြီး အကူအညီခေါ်လာမည့်အကြောင်းကို ပြောပါသည်။ သို့ရာတွင် ဒေါက်တာဗွန်၏လူများသည် ရွှံ့နှင့်မြွေများထက် ကြောက်စရာကောင်း၍ သူတို့သည် လိုက်ပါရန် ဆုံးဖြတ်ကြပါသည်။

ပထမတော့ သိပ်မခက်ခဲလှပါ။ သစ်မြစ်များသည် မြေကြီးကို ဖာတင်းစေပြီး တစ်ခါတစ်ရံချော်လဲသည်မှအပ ကျွန်တော်တို့သည် မြန်မြန်ကြီး ခရီးရောက်ခဲ့နိုင်ကြပါသည်။ ထို့နောက်တွင်ကား သစ်ပင်များပါသွားပြီးနောက် မြက်တောအောက် ရွှံ့ပျော့များကိုသာ တွေ့ရပါတော့သည်။ ကျွန်တော်တို့သည် ဖိနပ်နှင့် ခြေအိတ်များကိုချွတ်၍ လည်ပင်းတွင်စီးထား

လိုက်ကြပါသည်။ အကြောင်းမှာရှုံ့များသည် ခြေမျက်စိအထက်ထိ ကက်လာကက်၍ ဖိနပ်များ ဆုံးပါးမည်စိုးသောကြောင့် ဖြစ်ပါသည်။ ဆုဂမ်နှင့် ကျွန်တော်က ရှေ့မှသွားကြပါသည်။ နင်းကောင်းမည့်မြေအကြောင်းကို သိကြသောကြောင့်ဖြစ်ပါသည်။ တစ်ယောက်ကိုတစ်ယောက် ဖေးမသွားနိုင်ကြပါသည်။ ဖိလစ်သည် အဲဗပက်နှင့်အတူလိုက်ပါပြီး မင်နီသည် ဆယ်ကိုက်လောက် နောက်ချန်၍ ပါလာပါသည်။

လမ်းအလျှောက်ရ ကကယ်ခက်လာသည့်အချိန်တွင် အဲဗပက်သည် ဖိလစ်၏ ခြေထောက်သို့ လက်ညှိုးထိုးလိုက်၍ အော်လိုက်ပါသည်။ မျှော့များသည် ကြက်ပေါင်ပိုက်လုံးနက်ကလေးများပမာ စုပြုံကွယ်လျက်ရှိကြ၏။ ထို့နောက် အဲဗပက်သည် သူမခြေထောက်သို့ ငုံ့ကြည့်လိုက်ပြီး မျက်နှာကို ကြောက်လန့်တကြား လက်ဖြင့် ဖုံးအုပ်ထားလိုက်လေတော့၏။ ကျွန်တော်တို့သည် မျှော့များကို ခွာချရုံမှတပါး ဘာမျှမတတ်နိုင်ကြပါပေ။ ထိုသို့ ဖြုန်းနေစရာအချိန်လည်း မရှိပါပေ။

ယခုအခါတွင် ကျွန်တော်တို့သည် တဖွမ်းဖွမ်း တလဲလဲဖြင့် သွားလျက်ရှိကြပါသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်နှင့် ဆုဂမ်သည် လက်မောင်းအထိ မြုပ်သွားကြပါသည်။ ကျွန်တော်တို့သည် ရွှံ့ရွှံ့ဖို၍ ရွှံ့များပေကျံလျက်ရှိပါသည်။ ယင်နှင့်ခြင်များသည် ကျွန်တော်တို့အား ရှုးတေမတတ်ဖြစ်သွားပါသည်။ မျက်စိနှင့်ပါးစပ်များအတွင်းဝယ် တဂိဂိ ရစ်ဝဲလျက်ရှိပါသည်။

ထို့နောက် ကယ်လီကောပတာသံကို ကြားရသည်။ ကျွန်တော်တို့သည် ရွှံ့ထဲသို့ဝပ်ချလိုက်ရာ ရေများသည် ရင်ခေါင်းထိ တက်လာပါသည်။ ကျွန်တော်တို့အား မြင်တွေ့မသွားစေရန် ငြိမ်ငြိမ်လေးနေပါသည်။ ရဟတ်ယာဉ်သည် တောင်ကြား၏အနောက်ဘက်ပိုင်းတွင် ပျံသန်းလျက်ရှိပါသည်။ ကျွန်တော်တို့သည် ၎င်း၏ပျံဝဲနေသံနှင့် ဆင်းသက်သံကို ကြားရပါသည်။ ထို့နောက်တဖန် အသံပြင်းစွာနှင့် ပျံတက်သံကို ကြားရပြန်သည်။

http://www.cherrythitsar.org



မိနစ်အနည်းငယ်ကြာသောအခါတွင် ကျွန်တော်တို့သည် ခရီးဆက်ကြပြန်၏။ ဆယ်မိနစ်လောက်ကြာသောအခါ ဟယ်လီကော့ပတာသံ ကြားရပြန်သည်။ ဤတစ်ကြိမ်တွင်မူ မြောက်ဘက်ကျကျမှ ဖြစ်လေသည်။ ၎င်းသည် တစ်ကြိမ်ဆင့်သက်ပြန်ပြီး ချက်ချင်းဆိုသလိုပင် ပျံတက်လေသည်။ ပထမတော့ ကျွန်တော်တို့သည် ၎င်းဘာလုပ်နေကြောင့်ကို နားမလည်ပါပေ။ ကျွန်တော်တို့ ခရီးဆက်နေနိုင်ကြသေးသည့်အတွက် ဝမ်းမြောက်နေကြသည်။ နောက်ကျမှ ရဟတ်ယာဉ်သည် လူများကိုသယ်၍ တောင်ကြားပတ်ပတ်လည်တွင် လိုက်ချနေကြောင်း ကျွန်တော်တို့ သိရပါတော့သည်။ ဆင်တောင်သို့ ကျွန်တော်တို့က ရောက်ကြောင့် တစ်ယောက်ယောက်မြင်တွေ့သွားပြီး ကျွန်တော်တို့အား ဝိုင်းထားနိုင်ကြောင်း ဒေါက်တာဗွန်က သိလေသည်။

“ကိုယ်တို့ ဆက်သွားကြရဲ့ပဲ၊ နေ့ခင်းကြီးမှာတော့ လမ်းရှာလို့ မတွေ့နိုင်ဘူး၊ ညဆိုရင်တော့ ပြီးရောပဲ၊ ပြီးတော့ အသံတွေကို ကိုဖေးဖေးက ကြားနိုင်တယ်၊ စိမ့်ကိုဘက်ရောက်အောင် ကိုယ်တို့သွားကြပြီး အဲဒီကျမှ မိုးချုပ်တဲ့အထိ စောင့်နေကြမယ်”

ဖိလစ်က ပြောပါသည်။

ဟယ်လီကော့ပတာသည် ကျွန်တော်တို့ အောပတ်ပတ်လည်၌ တောင်ဘက်မှတစ်ပါး လူများကိုချထားပြီးလေပြီ။ မကြာခင်မှာပင် ရဟတ်ယာဉ်က ကျွန်တော်တို့အား အပြန်ပြန်အလှန်လှန် စိတ်တိုင်းကျ ရှာဖွေနိုင်ပေတော့မည်။ အကွယ်အကာနေရာသို့ ရောက်ရှိနိုင်ရန် မိုင်တစ်ဝက်လောက်သာ လိုတော့သဖြင့် ကျွန်တော်တို့သည် မြန်နိုင်သမျှ မြန်မြန်သွားကြပါသည်။

ကျွန်တော်တို့ရှေ့တွင် တောအုပ်ကလေးတစ်ခုရှိလေသည်။ ၎င်းသည် တောင်ဆီသို့ မညီမညာ ပေါက်ရောက်သွားနေလျက်ရှိ၏။ ကျွန်တော်တို့သည် တောအုပ်မှ ကိုက်တစ်ရာခန့်အလိုတွင် ဆင်တောင်ဆီမှ အော်ပြော

သံတစ်ချက် ကြားလိုက်ရသည်။ ခဏအကြာတွင် ရှိုင်ဖယ်သံတစ်ချက် ထပ်ဆင့်လာသည်။ သူ့အနေနှင့် ချိန်ရွယ်ပစ်နိုင်ရန် ကျွန်တော်တို့သည် ဝေးကွာလွန်းသည်ဖြစ်၍ ကျည်ဆန် မည်သည့်အနားကျမှန်းပင် မကြားရပါချေ။ ကံကောင်းထောက်မသဖြင့် မြေကြီးသည် သစ်ပင်များဆီသို့ မြင့်တက်သွားနေသဖြင့် မကြာခင်မှာပင် ကျွန်တော်တို့၏ ဒူးအထိသာ ရေမြုပ်လေတော့သည်။ ရှိုင်ဖယ်သည် ဆက်လက်ပစ်ခတ်နေ၏။ ထို့နောက် ခဏမျှရပ်သွားသည်။ တစ်ဖန် နှစ်ချက်ပစ်ပြန်သည်။ ခဏနား၍ တစ်ချက် ပစ်ပြန်သည်။ ၎င်းမှာ အချက်ပေးနေခြင်းဖြစ်ကြောင်း ထင်ရှားလှသည်။ ခဏကြာတော့ ဝေးသောတစ်နေရာမှ ထိုနည်းအတိုင်း တစ်ပုံစံတည်း ပစ်ခတ်သံကို ကြားရပါသည်။ ကျွန်တော်တို့ တောထဲသို့ရောက်သည် ဆိုလျှင်ပင် ရဟတ်ယာဉ်သည်အပေါ်တွင်ပျံဝဲနေပြီး ကျွန်တော်တို့ လျှောက်ခဲ့ သောလမ်းကို ဖြတ်ပြီးရင်း ပြန်ဖြတ်ရင်းလုပ်နေ၏။ ထို့နောက် တခြားပျံသွား ပြန်လေ၏။

ကျွန်တော်တို့က ဘာမျှမလုပ်နိုင်ပါပေ။ သစ်ပင်များအောက်တွင် ကျွန်တော်တို့သည် အကာအကွယ်ကောင်းရလျက်ရှိပါသည်။ ကျွန်တော်တို့ အမျှော်လင့်နိုင်ဆုံးမှာ ညအထိ ပုန်းအောင်းနေပြီးနောက် ဝိုင်းဝိုင်းလည် နေသော ကင်းသမားများကြားမှ လွတ်ထွက်သွားနိုင်ဖို့ပင်ဖြစ်၏။

နာရီဝက်ခန့်ကြာသောအခါတွင် ဗွန်၏လူများသည် ကွင်းပြင်ထဲသို့ ထွက်လာကြပြီးနောက် တိမ့်အနီးသို့ ချဉ်းကပ်လာကြတော့၏။ ယခုအခါတွင် အလွန်ကရာပူကိုက်လှပြီ။ ကျွန်တော်တို့သည် ရေငတ်လှပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် မီးမဖိုရဲပါ။ မကျိုမချက်ဘဲနှင့် အရဲစွန့်သောက်ရန်လည်း ရေသည် ဘယ်မျှမစီးမဆင်းဘဲ ရေသေသက်သက်ကြီး ဖြစ်ပါ၏။

ခဏကြာတော့ ကျွန်တော်က စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီး ကျွန်တော်တို့သည် မျှော့များကို ခွာချကြရပါတော့သည်။

ရဟက်ယာဉ်သည် တစ်ကြိမ် ပြန်လည်ရောက်ရှိလာပြီးနောက် တောအုပ်ကို ရစ်ပတ်ပျံသန်းလျက်ရှိ၏။ နောက်ဆုံး ကျွန်တော်တို့အပေါ် ရောက်ရှိလာတော့၏။ တံခါးပွင့်လာပြီး ယစ် ပေါ်ထွက်လာလေသည်။ သူသည် ကျွန်တော်တို့ဘက်သို့ ငုံ့လိုက်ပြီးနောက် သစ်ပင်များဆီသို့ သေနတ်ကို ချိန်ရွယ်လိုက်ပါသည်။ ထို့နောက် သူသည် လက်ကိုင်ပဝါ တစ်ထည်ကိုထုတ်၍ ဝှေ့ရမ်းပြလေ၏။

မိနစ်အနည်းငယ်ကြာအောင် ကျွန်တော်တို့သည် စောင့်ဆိုင်းနေမိ၏။ နောက်များ ဘာတွေဖြစ်မည်နည်းဟု အံ့သြနေမိကြ၏။ တကယ်တော့ သူကလက်နက်ချရန် တောင်းဆိုနေခြင်းဖြစ်၏။ ယခုအခါသူသည် ရိုင်ဖယ်ကိုထုတ်၍ တောတန်းထဲသို့ စတင်ပစ်ခတ်လေတော့၏။ ထိုအခါတွင် တောင်ခြေမှ လူများသည်လည်း တောအုပ်ထဲသို့ စတင်ပစ်ခတ်လေတော့၏။

ကျွန်တော်တို့သည် ယောကျ်ားတွေချည်းသာဆိုလျှင်တော့ ဘယ်နည်းနှင့်မျှ မမှန်နိုင်ဟုတွက်ဆကာ ဆက်လက် ပုန်းရှောင်နေကြမည်ဖြစ်၏။ သို့ရာတွင် အဲလပက်နှင့် မင်နီပါရှိနေ၍ လက်နက်ချကြရပေမည်။

ဖိလစ်နှင့် ကျွန်တော်သည် မတ်တပ်ထ၍ တောအုပ်ထဲမှ ထွက်သွားကြပါသည်။ ယစ်က သူ့ရိုင်ဖယ်ကို ချလိုက်သည်။ သူက ကျေနပ်အားရစွာနှင့် ပြုံးလိုက်သည်ကို ကျွန်တော်တို့ မြင်တွေ့လိုက်ရပါသည်။ တခြားလူတွေကလည်း အပစ်အခတ် ရပ်စဲလိုက်ကြပါသည်။ ကျွန်တော်တို့က အဲလပက်နှင့် မင်နီအား ထွက်ခဲ့ရန် အချက်ပြလိုက်ပါသည်။ ဤကားလက်နက်ချခြင်းပင်ဖြစ်၏။ သို့ရာတွင် ကျွန်တော်တို့သည် အကောင်းဆုံးလမ်းကို ပြုလုပ်ခြင်းပင် ဖြစ်ပါ၏။

* * *

http://www.cherrythitsar.org

# အခန်း ၁၃
# လိုဏ်ဂူကိုတွေ့ရှိခြင်း

ဟယ်လီကော့ပတာသည် ကျွန်တော်တို့အား စိမ့်ထဲမှနှုတ်ယူခဲ့၍ သယ်ဆောင်သွားလေသည်။ သို့ရာတွင် တခန်းသို့ ပြန်ခေါ်သွားမည့်အစား တောင်ခြေသို့ ခေါ်သွားပါသည်။ "သူတော်စင်တောင်" ဟုခေါ်ကြောင်း နောက်မှ ကျွန်တော်တို့ သိရပါသည်။

ယတ်သည် အကျေနပ်ကြီး ကျေနပ်လျက်ရှိပြီး သူ အဘယ်မျှပါးနပ် လိမ္မာကြောင်း ကြွားပါသည့်အနေနှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိလေသည်။

"ဒေါက်တာဗွန်ကတော့ ခင်ဗျားတို့ကို အတော်မကျေမနပ်ဖြစ်နေတယ်၊ ကျွန်တော် သူ့ဆီက သတင်းရတယ်၊ တနေ့ညတော့ ခင်ဗျားတို့ ဒီမှာပဲနေကြရလိမ့်မယ်၊ ခင်ဗျားတို့ ကောင်းကောင်းစားပြီး ကောင်းကောင်း အိပ်ရပါလိမ့်မယ်၊ မနက်ဖြန်ဆိုရင်တော့ ရတနာတွေကို ခင်ဗျားတို့တွေ့အောင်ရှာကြရလိမ့်မယ်"

ယတ်က ပြောလေသည်။

http://www.cherrythitsar.org



"မပူပါနဲ့၊ ဘယ်နှယ့်လုပ်ပြီး ရကနာတွေကို မနက်ဖြန်တွေ့နိုင်ပါ့မလဲ၊ ကျုပ်တို့ရှာနေတာ နှစ်ပတ်လောက်ရှိပြီ၊ အနားတောင်မသီသေးဘူး"

ဖိလစ်က ပြန်ပြောလိုက်၏။

"ဒါပေမဲ့ ဒုက္ခတွေ့ရမယ်" ယစ်သည် ဖိလစ်အား မဖော့ကဖော့ကြည့်၍ ပြောလိုက်သည်။

"ခင်ဗျားတို့ တွေ့ကာနီးနေပြီဆိုတာကို ဒေါက်တာဗွန် သိတယ်၊ ဘီရှက်မှာတုန်းက သားရေအိတ်ကိုခိုးယူလို့ရလာတာကော သဲလွန်စ အများတွေမှန်း သူသိသွားပြီ၊ သူက ခင်ဗျားတို့ကို သဲလွန်စအမှန် သုံးပါလို့ အကြံပေးလိုက်တယ်"

"ကျွန်တော်တို့ ခင်ဗျားတို့ကို မကူညီဘူးဆိုရင်ကောဗျာ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဒါလား ဒေါက်တာဗွန်က စဉ်းစားပြီးနေပြီ၊ ကျွန်တော်တို့တတွေကော လူကြီးလူကောင်းတွေလို ဆက်ဆံပြီး လုပ်သွားကြဖို့ ဒေါက်တာဗွန်က ပြောတယ်၊ ဒါမှလည်း အောင်မြင်မှုရကြမှာ၊ ခင်ဗျားတို့အနေနဲ့ ဘယ်နည်းနဲ့မှ ဒီအမျိုးသမီးနှစ်ယောက်ကို အန္တရာယ်ဖြစ်စေချင်မှာ မဟုတ်ဘူး"

သူက ကျွန်တော်တို့အား ကစ်ကြိမ်ပြုံးကြည့်ပြန်သည်။

ဤအချိန်တွင် ရိုင်ဖယ်သေနတ်များကို ကိုင်ဆောင်ထားကြသော လူ့လူများသည် ကျွန်တော်တို့အား ဝိုင်းလာတော့၏။

"ကျွန်တော်တဲတွေကို ယူရအောင်သွားတုန်း ခင်ဗျားတို့ကို တစ်နာရီလောက် ထားပစ်ခဲ့ရလိမ့်မယ်၊ ခင်ဗျားတို့ကော ဟောဟိုစမ်းထက်လွန်သွားခဲ့ရင် ပစ်ဖို့အမိန့် ဒီလူတွေကို ပေးထားတယ်၊ ခင်ဗျားတို့ ရေမိုးချိုးချင်ချိုးကြပေါ့ဗျာ၊ ခင်ဗျားဆန္ဒရှိရင် ခင်ဗျားတို့ အဝတ်အစားတွေကို ယူရအောင်၊ ရူပမ်ကို ကျွန်တော်နဲ့ထည့်လိုက်၊ ဒါပေမဲ့ အချိန်တော့ မဖြုန်းကြနဲ့နော်၊

မနက်ဖြန်ညဆိုရင် ခင်ဗျားတို့ ရတနာတွေကိုတွေ့ရင်တွေ့ ဒါမှမဟုတ် ကျွန်တော် ခင်ဗျားတို့ကို ဘာမှထပ်ပြောနေစရာ မလိုပါဘူး"

ကျွန်တော်တို့အား စောင့်ကြပ်နေသော လူများအား လက်ဟန်ပြလိုက်ပြီးနောက် သူသည် ဆူဂမ်ကိုခေါ်၍ ဟယ်လီကော့ပတာပေါ်သို့ တက်သွားလေတော့၏။

"ကို့တွက်မိတဲ့အထဲမှာတော့ ဒီဥစ္စာဟာ အရေးအကြီးဆုံးပဲ၊ မင်းတို့ ဘယ်လိုသဘောရသလဲ"

ဖိလစ်က မေးပါသည်။

"ကျွန်မသဘောကတော့ ကျွန်မတို့ဟာ အရင်ဆုံး ကိုယ်တွေ လက်တွေ ဆေးကြဖို့လိုတယ်၊ ကျွန်ုပ်နေသေးတဲ့ မြှားတွေကို နွာချဖို့လို သေးတယ်၊ အခြေအနေဟာသိပ်မဆိုးသေးပါဘူးလို့ ကျွန်မတော့ ထင်တယ်၊ ဒါပေမဲ့ ကျွန်မတို့ဟာ သန့်သန့်ရှင်းရှင်း မဖြစ်သေးဘဲနဲ့တော့ ဘာမှလုပ်နိုင်ကြဦးမှာ မဟုတ်ဘူး"

ကျွန်တော်တို့သည် စမ်းချောင်းအနီးရှိ ရေအိုင်ကလေးတွင် စိမ်ကြပါသည်။ ထို့နောက် နေပူစာလှုံကြပါသည်။

"ခုနက ယစ်ဟာ ယိုးဒယားလို ဘာပြောသွားတယ်ဆိုတာ မှတ်မိလိုက်သား ပရာဆက်"

မင်နီက မေးပါသည်။

"ဟင့်အင်း ဘာတဲ့လဲ"

"သူက စမ်းအကြောင်းပြောတယ်လေ၊ ဒီတော့ ကျွန်မက စကုဣသဲလွန်စကို သွားသတိရမိတယ်၊ ဒါဟာ ကံအားလျော်စွာပဲ၊ ဒါပေမဲ့ ရတနာတွေကို ဒီနားမှာတွေ့လိမ့်မယ်လို့ တကယ်ပဲ မတွက်မိဘူးလား"

"နောက်တစ်ခုက ချောင်းဟိုဘက်က တောင်ကို လူတစ်ယောက်က ဆင်တောင်လို့ခေါ်တာ ကျွန်မ ကြားလိုက်မိတယ်"

မင်နီက စိတ်ဇောက်တက်ကြွစွာဖြင့် ပြောဆိုနေပါသည်။

"ဒုတိယသဲလွန်စက ဘာပြောသလဲဆိုတော့ 'ဆင်ကို အလင်းရောင် ဖုံးသော် စကြာသခင်နှင့် နေကိုကြည့်'တဲ့၊ မနေ့က ကျွန်မတို့ တခြား ဆင်တောင်တစ်ခုကို တွေ့ပြီး နေရှိရာအနောက်ဘက်ကို မျက်နှာမူ ခဲ့တယ်၊ ဒါပေမဲ့ အဲဒီတောင်ဟာ ဖန်ဆိုလိုတဲ့ ဆင်တောင်သာဖြစ်ခဲ့ရင် မနက်ပိုင်းမှာသာ နေရောင်ထိုးပြီး ကျွန်မတို့ဟာ အရှေ့ဘက်မှာကြည့် ရမယ်"

"မင်နီပြောတာ မှန်တယ်၊ ဒီလိုသာဆိုရင် ကိုယ်တို့ဟာ ဘက်မှားနေ တာပဲ၊ တို့ရှာနေတဲ့တောင်ကို ဘယ်လိုများ ခေါ်ပါလိမ့်"

ဖိလစ်က ပြောလေသည်။

ကျွန်တော်က လူကစ်ဖယောက်ကို ခေါ်၍မေးကြည့်သည်။ သူက ခဏတော့ ဆုတ်ဆိုင်းနေသေး၏။ ပြီးတော့မှ ပြောသည် 'လူတော်စင် တောင်'။

'လူတော်စင်တောင်' အဲဒီစကားက သဲတူးလိုက်သည်။ "ခဏ နေဦး၊ ဒါဟာ သိပ်အရေးကြီးတယ်၊ ဒီမယ်ကြည့်၊ မင်နီပြောတဲ့စမ်းဟာ သဲလွန်စမှာ ပါတာဖြစ်ခဲ့ရင် ကျွန်မတို့ဟာ မြစ်ကို လက်ဝဲဘက်မှာထားပြီး ဒီတောင်ကို လက်ယာဘက်မှာထားပြီး တောင်ကြားထဲကို ရှာရလိမ့်မယ်၊ ဒါပေမဲ့ ကျွန်မသဘောတော့ ဖန်ဟာ ဒါလောက်လွယ်လွယ်ကလေးပြော ပုံကတော့ ပါးလွန်းတယ်"

"စမ်း(ရေတွင်း)သည် ဘယ်တော့မှမခန်း"ဆိုတဲ့ နေရာမှာ ဖန်ဟာ ဒီတောင်ကို လက်ဝဲဘက်မှာရှိစေချင်တာ မဟုတ်လား။ ဘာသာရေးမှာဆိုရင် ရေကို ရဲဖန်ရဲခါ ထာဝရဂုဏ်အဖြစ်နဲ့ ပြတယ်မဟုတ်လား၊ ဒါကြောင့်မို့လို့ လူတော်စင်ဆိုတာဟာ ရေတွင်းပဲဖြစ်ရမယ်၊ ဒီလိုဆိုရင် ဒီနေရာဟာ"ရေ တွင်း မခန်းချောက်"တဲ့နေရာ ဖြစ်ရမယ်။

"ဒီစိမ့်ကြီးဟာ သာယာစည်ပင်ပြောတဲ့ လယ်တွင်းကိုးချိုင်ဖြစ် ခဲ့ရင်တော့ ကျွန်တော်တို့ဟာ မှန်နေပြီပေါ့"

http://www.cherrythitsar.org



ကျွန်တော်က ပြောလိုက်ပါသည်။

"ဒါဟာ ဖြစ်နိုင်တာပေါ့၊ ကိုယ်တို့သိသ၍ဆိုရင်တော့ ဒီတောင်ကြားကို တစ်ကြိမ်တုန်းက ကမ်းကုတ်ခဲ့တယ်၊ ရေတွေဟာ အပြင်ကို စီးမထွက်နိုင်တော့ဘူး၊ ဒါကြောင့် ကန်ဖြစ်သွားတာပေါ့၊ ကိုယ်တို့ရွာသားတွေကို မေးကြည့်မယ်လေ၊ သူတို့တော့ အသေအချာသိမှာပဲ"

ဖိလစ်က ဝင်ပြော၏။

"ရှင်ပြောတာသာ မှန်ခဲ့လို့ရှိရင်" မင်နီက ဆက်ပြော၏။ "ဒီကန်နဲ့ ကပ်နေတဲ့နေရာဟာ ဟိုမြောက်ဘက်ကိုသွားတဲ့ ချောက်တစ်ခုပဲ ရှိတယ်၊ အဲဒီမှာရှိရင်ရှိ မရှိရင်တော့ ကျွန်မတို့မှားပြီပဲ"

ကျွန်တော်တို့သည် မျှော်မျှော်လေ့လေ့ကြည့် ကောင်းကောင်းသတော ပေါက်လာလေဖြစ်၏။ ထိုအချိန်တွင် ဟယ်လီတော့ပတာ ပြန်လာပါသည်။ ကျွန်တော်တို့က ဈေးဆစ်မည်ဟု တောက်မေ့ထားပါသည်။

ယစ်သည် ကျွန်တော်တို့အတွက် အစားအစာများ ယူလာပါသည်။ ၎င်းတို့မှာ အင်မတန်ကောင်းလေသည်။ ကောင်းလွန်းလွန်း၍ ကျွန်တော်တို့က ဒါမျိုးကို မစားဖူးဘူးဟုပင် ထင်မိပါသည်။ အမှန်တော့ ၎င်းတို့သည် ပရိဒီရာကွန်၏ ပစ္စည်းများဖြစ်သည်။ သူက ကျွန်တော်တို့ အိမ်ရှင်ကောင်းဖြစ်လာရန် ဤသို့ သယ်ဆောင်လာခြင်းဖြစ်ပါ၏။

ကျွန်တော်တို့သည် ရတနာများရှိရာဒေသကို စိတ်ကူးရှိနေပြီဖြစ်ကြောင်း ယစ်အား ပြောပြပါသည်။ သို့ရာတွင် ကျွန်တော်တို့အထဲမှ တစ်ယောက်ယောက်သည် အနီးဆုံးရွာတစ်ရွာသို့ ပထမဆုံး သွားရောက်ဖို့ လိုလိမ့်မည်ဟု ပြောလိုက်ပါသည်။

"ခင်ဗျားတို့ရွာကို မသွားရဘူး၊ ဒါပေမဲ့ ကျုပ် ရွာလူကြီးတချို့ကို ဒီကိုခေါ်လာမယ်၊ ချွင်းချက်နဲ့ပေါ့၊ သူတို့ဟာ ခင်ဗျားတို့အတွက် သိပ်ပူပန်နေကြတယ်၊ ကျုပ်တို့ကို စားပြတွေလို့ ထောက်မေ့နေကြတယ်။ ကနေ့

မနက်မှာပဲ ခင်ဗျားတို့ကို ပတ်သက်ကြလိမ့်မယ်လို့ သူတို့က ထင်နေကြတယ်”

“သူတို့ကို ဒီကိုခေါ်လာတဲ့အခါမှာ ကျုပ်တို့ဟာ ခင်ဗျားတို့မိတ်ဆွေဖြစ်တယ်လို့ ပြောပါ၊ တခြား ဘာမှမပြောပါနဲ့၊ သူတို့က ပတ်သက်သတွေအကြောင်းမေးခဲ့လို့ရှိရင် အမဲလိုက်တာလို့ ပြောရမယ်”

သူပြောသည့်အတိုင်း မဟုတ်ခဲ့လျှင်လည်း ကျွန်တော်တို့သည် လွေးအေးအေးနှင့် သတ်ရဲသည့်လူဆိုးကို ချိုးကျိုးရုံသာရှိတော့၏။ ထို့ကြောင့် ကျွန်တော်တို့က သူ့ချွင်းချက်ကို သဘောတူလိုက်ရသည်။ အကြောင်းမှာ ကျွန်တော်တို့သည် ရတနာများကိုသာ တွေ့ရှိခဲ့လျှင် ဒေါက်တာဗွန်သည် ကြမ်းကြုတ်ရက်စက်ပေလိမ့်မည်ဖြစ်ကြောင်း သိပါ၏။

ကယ်လီတော့ပတာဖြင့် ရွာလူကြီးသုံးယောက်ကို ခေါ်ဆောင်လာပါသည်။ ယင်းသည် မိတ်ဆွေဖြစ်ကြောင်းကို ကျွန်တော်တို့က မပြောလိုလှသော်လည်း သူက ရွာသားများအား ထိုသို့ပြောသောအခါတွင်လည်း ကျွန်တော်တို့က မငြင်းဆိုပါ။

လွန်ခဲ့သည့်တစ်ချိန်က ဤဒေသသည် ဖွံ့ဖြိုးတည်ပင်သော လယ်ယာချောင်းမြောင်းများဖြစ်ကြောင်း ရွာသားများက အတည်ပြုကြပါသည်။ ဤဒေသတွင် လယ်လုပ်ခဲ့သူများအားလုံး သေဆုံးကုန်ပြီဖြစ်ပြီး လူကြီးသူမတစ်ဦးက ဤဒေသသည် ကျိန်စာသင့်နေကြောင်းဖြင့် ရွာသားများအား ပြောကြားခဲ့၏။ ထိုလူကြီးက ရွာသားများအားအတင်းအကြပ်ပင် ချောင်းမြောင်းများ ပိတ်ပစ်စေခဲ့သည်။ ထို့ကြောင့် ဤဒေသသည် တိမ်မြုပ်ပြီးကြီးတစ်ခုဖြစ်လာရခြင်းဖြစ်၏။ ဤနေရာတွင် တစ်ယောက်ယောက် လယ်ပြန်လုပ်ခဲ့လျှင် ထိုသူသည် သေရမည်မုချဟု ထိုလူကြီးက ပြောသွား၏။

ကျွန်တော်တို့က မေးခွန်းအနည်းငယ် ထပ်၍မေးကြသေးသော်လည်း သူတို့သည် ဖြေဆိုနိုင်ခြင်းမရှိတော့၍ သူတို့အား ပြန်လွှတ်လိုက်ပါသည်။

ဂဏန်းသုံးလုံးသာ ဖြေရှင်းစရာ ကျန်ရှိလေတော့သည်။ သဲလွန်စ ၅ ကွင်ပါသော ၉၃၅ ဆိုသောဂဏန်းသည် တောင်နှစ်လုံးကြား ချောက်ထဲသို့လျှောက်ဝင်သွားရန် ခြေလှမ်းအရေအတွက်ဖြစ်ကြောင်း၊ ကျွန်တော်တို့က သေချာပေါက်တွက်ပါသည်။ တခြားဂဏန်းနှစ်လုံး၏ အဓိပ္ပာယ်မှာမူ ကျွန်တော်တို့အထင်တော့ ဂူငါးလုံးရှိတန်ရာသည်။ သဲလွန်စများသည် စတုတ္ထနှင့် ပဉ္စမဂူများကို ရည်ညွှန်းကြောင်း ဂဏန်းများက ပြဆိုလျက်ရှိလေသည်။

မိုးမချုပ်ခင်မှာပင် ဟယ်လီကော့ပတာသည် တစ်ကြိမ်ပြန်လည် ရောက်ရှိလာပြီး စခန်းပေါ်သို့ ဝဲနေလေ၏။ ယတ်သည် သူ့တဲထဲမှ ပြေးထွက်လာပြီး ကျွန်တော်တို့အား ကျွန်တော်တို့တဲများထဲသို့ ချက်ချင်းဝင်ကြရန် အမိန့်ပေးကြပါသည်။

"ထွက်ကြည့်တဲ့လူကို ပစ်သတ်ဖို့ အစောင့်တွေကို အမိန့်ပေးထားတယ်၊ ဒေါက်တာဗွန် ရောက်လာပြီ၊ ခင်ဗျားတို့ သူ့ကိုမတွေ့ရဘူး"

ကျွန်တော်တို့အထက် ကိုက်အနည်းငယ်အကွာတွင် ဤလူဆန်း၏ ကြောက်မက်ဖွယ်ရာကောင်းသော လူရောက်နေမှန်းသိရုံနှင့် ကျွန်တော်တို့အား တဲအတွင်းသို့ မောင်းသွင်းသည်ကတော့ ဆန်းပေသည်။ ထိုလူသည် ကျွန်တော်တို့သိသော လူတစ်ယောက်ဖြစ်ရမည်ဟု ကျွန်တော်က တွက်လိုက်ပါသည်။ ထိုသို့မဟုတ်ခဲ့လျှင်ကား အဘယ်ကြောင့် ဤလျှို့ဝှက်မှုများသည် လိုအပ်ပါချေတော့မည်နည်း။

ကျွန်တော်တို့အား စောင်များပေး၍ တဲတစ်ခုအတွင်းမှာပင် အားလုံးစု၍ အိပ်စေပါသည်။ ကျွန်တော်တို့အတွက် ချမ်းမြေ့နှစ်သက်ဖွယ်ရာကောင်းသော ညတစ်ညမဟုတ်ပါပေ။ အထူးသဖြင့် ဖိလစ်သည် ကျွန်တော်တို့အတွက်နောက်ဆုံးညဖြစ်သည်ဟု စိုးရိမ်ထိတ်လန့်လျက်ရှိပါသည်။ ရတနာများကို တွေ့သည်နှင့်တစ်ပြိုင်နက် ဒေါက်တာဗွန်သည် ကျွန်တော်တို့အား သတ်ပစ်ပေလိမ့်မည်။

ကျွန်တော်တို့အား ခေါ်၍ လက်ဖက်ရည်တိုက်သော အချိန်သည် ကောင်းကောင်းပင် မလင်းပါသေးချေ။

ယတ်သည် အေးအေးဆေးဆေး ပင်ရောက်လာ၏။

"ခင်ဗျားတို့ ကနေ့ရကနာတွေကို တွေ့ကြရတော့မယ်ဆိုလို့ ဒေါက်တာ ဗွန်ကတော့ သဘောကျနေလေရဲ့၊ အဲဒီတော့ ဖိလစ်မှာကင်ရယ်၊ ခွန်ပရာဆက်ရယ်၊ ဆူပမ်ရယ်၊ အခုပဲ သွားကြပေတော့၊ အမျိုးသမီးတွေကတော့ ဒီမှာ နေရစ်ခဲ့ကြလိမ့်မယ်"

"ဘယ်ဖြစ်မလဲ" ဖိလစ်က ဖြုန်းခနဲ ရှေ့တိုးပြီးပြောလိုက်၏။ "ခင်ဗျားတို့ ကျုပ်နဲ့ ပရာဆက်ကို ပစ်သက်နိုင်ကယ်၊ ဒါပေမဲ့ ကျုပ်တို့ဟာ သူတို့ကို ခင်ဗျားတို့လက်ထဲမှာတော့ ထားမပစ်ခဲ့ဘူး၊ နားလည်လား"

ယတ်သည် အံ့အားသင့်သွားပုံရပေသည်။

"ခင်ဗျားတို့ ကျုပ်ပြောတဲ့အတိုင်း လုပ်ရမယ်"

သူက ဟောက်လိုက်ပါသည်။

"ထိုင်ပေဟ့ ပရာဆက်" ဖိလစ်က ယတ်အားကျောပေး၍ ကျွန်တော့်အား ပြောပါသည်။

"သူတို့ကို ဘာမှပြောစရာမရှိဘူး"

ကျွန်တော်တို့ကထိုင်လိုက်ကြပြီး ဆူပမ်က ကျွန်တော်တို့ထံလာပါသည်။ ဖိလစ် ပြောသည်က မှန်ပေသည်။ ဤလိုလူများအား ကျွန်တော်တို့က အပိုအဆာပြောနေစရာမရှိပေ။

"ယတ်" ဒေါက်တာဗွန် နေသောကဲဆီမှ မြင့်ထားသောအသံဖြင့် ခေါ်လိုက်သည်။ ယတ် သွားလေ၏။ အတော်ကလေးကြာအောင် သူတို့ ပြောနေသံများကို ကျွန်တော်တို့ ကြားရသည်။ ထို့နောက် ယတ် ပြန်လာသည်။

"ခင်ဗျားတို့အားလုံး အတူတူသွားနိုင်ကယ်လို့ ဒေါက်တာဗွန်က ပြောကယ်၊ ဒါပေမဲ့ ခင်ဗျားတို့နောက်မှ နောင်နောင်ကရလိမ့်မယ်"

http://www.cherrythitsar.org



ထိုအချိန်ကစ၍ ကျွန်တော်တို့သည် ယစ်အားလည်းကောင်း၊ လူ့လူများအားလည်းကောင်း စကားမပြောကြတော့ပါပေ။ သူတို့ ဒါလုပ်ဆိုလျှင် ကျွန်တော်တို့လုပ်ပါသည်။ ကျွန်တော်တို့သည် ဗိဇာမကြောင်နိုင်ပါ။ ထို့အပြင်တော့ ကျွန်တော်တို့သည် သူတို့အား လုံးဝ အသိအမှတ်မပြုပါပေ။

ကျွန်တော်တို့သည် လူတော်စင်ကောင်အတိုင်း လျှောက်၍ ချောက်ရှိရာသို့ သွားပါသည်။ ချောက်ထဲသို့ ရောက်သွားရာတွင် ၄၃၃ လှမ်းရှိအောင် မည်သည့်နေရာမှစ၍ရေတွက်ရမည်ကို ကျွန်တော်တို့က မသိနိုင်ဘဲ ဖြစ်နေကြပါသည်။ သို့ရာတွင် အဖြေလွယ်ပါပေသည်။ ချောက်ကမ်းပါးသည် မြန်မြန်ကြီး မြင့်တက်လျက်ရှိ၏။ ချောက်ကမ်းပါးသည် ပေသုံးဆယ်ခန့် မြင့်သောနေရာသို့အရောက်တွင် မျက်နှာပြင်တစ်နေရာကို မက်မက်စောက်စောက်ကြီး ထွင်းထားသည်အား တွေ့ရပါသည်။

"ကိုယ်တို့မှာ လုပ်စရာအလုပ်တစ်ခုတော့ရပြီ" ဖိလစ်က ပြောပါသည်။ "ကိုယ်တို့ဟာ ဒီနေရာကစပြီး ၄၃၃ လှမ်းကို ရေတွက်ကြမယ်၊ ပြည့်တဲ့နေရာကြရင် ရပ်ကြပေါ့၊ ဒီသဘောက ကို့အထဲက တစ်ယောက်ယောက်ဟာ ဖန်ဘုရင်ရဲ့ ဒါမှမဟုတ် လူ့လူတစ်ယောက်ယောက်ရဲ့ခြေလှမ်းကို မှီကာ တွေ့ကြရလိမ့်မယ်"

ဤနည်းဖြင့် ကျွန်တော်တို့သည် ကောင်နှစ်လုံးကြား ချောက်ထဲသို့ တက်သွားကြပါသည်။ မကြာခင်မှာပင် ကျွန်တော်တို့သည် အမှောင်ကို သတိထားမိလာကြပါသည်။ ချောက်ကမ်းပါးသည် ကျွန်တော်တို့အပေါ်တွင်မိုးနေပြီး တစ်ခါတစ်ရံတွင် ကမ်းနှစ်ဖက်သည် တစ်ခုနှင့်တစ်ခု ထိနေသည်ဟုပင် ထင်ရပါသည်။ လေသည် အေးမြ၍ ကျွန်တော်တို့အထက်တွင် ဖွတ်တိုလျက်ရှိပါသည်။

မင်းနှင့် ကျွန်တော်သည် တစ်နေရာတည်းတွင် ရပ်လိုက်ကြပါသည်။ ဆူဝမ်က ရှေ့အနည်ငယ်ရောက်၍ အဲစပက်နှင့် ဖိလစ်သည်

ကျွန်တော်တို့ရှေ့ကိုက်နှစ်ဆယ်ခန့် လွန်သွားပါသည်။

ကျွန်တော်တို့သည် မြေလှမ်းဆုံ့ရာနေရာများကို အသေအချာ မှတ်သားကြပြီးနောက် ချောက်ကမ်းပါးနံရံများကို စစ်ဆေးကြည့်ကြပါ သည်။ ကျွန်တော်နှင့် ဆူဇမ်ကြား အလယ်ဝဲဘက်နံရံတွင် ခေါင်းကိုင် ပေါက်ကြီးနှင့်တူသော ကောင်းပတ်ကြားအက်ကြီးတစ်ခု ရှိလေသည်။ ဤကစ်လမ်းသာလျှင် အပေါက်သို့ တက်သွားနိုင်ပေသည်။ ဖိလစ်နှင့် ကျွန်တော်သည် ကျောက်စွန်းပြင်တစ်ခုရှိသော နေရာသို့တက်သွား၏။ ထို့နောက် အခြားသူများအား တက်လာနိုင်စေရန် အကူအညီပေးပါ၏။ နောက်ထပ်ဆယ်ပေခန့် ကုတ်ကတ်တက်သွားသောအခါတွင် ကောင်စွန်း တစ်ခု၏အောက်တွင် ပြန့်ပြူးနေသော ကျောက်စွန်းပြင်တစ်ခုကို တွေ့ရ ပါသည်။ ၎င်းသည် ဂူတစ်ခုတွင်း၌ ပျောက်ကွယ်သွားပါသည်။

"အော… အော… ကိုမှာကွဲ"

ကျွန်တော်က ပြောလိုက်ပါသည်။ ဂူ၏ရှေ့တွင် သဲလွန်စပါပုံကို အကြမ်းဖျင်းလုပ်ထားသည်အား တွေ့ရပါ၏။ ကျွန်တော်တို့ကား မှန်၍နေချေ ပြီ။ ချောက်ထဲသို့ ဝင်လာသည့်နောက်ပိုင်းတွင် အခုမှပင် နေခြည်သည် ရှင်းရှင်းလင်းလင်း ထိုးလေတော့၏။ "ကျွဲကိုင်နေရာအမှောင်ထဲသို့ ရဲရဲ သာသွား" ကျွန်တော်တို့သည် ဂူထဲသို့ ဝင်သွားကြ၏။

မိနစ်အနည်းငယ်ကြာအောင်တော့ ဂူသည် ပြေပြေလေးတက်သွားပြီး ခဏကြာသော် ၎င်းသည်အတွင်းသို့ကွေ့သွား၏။ အကက်သည် မတ်စောက် ၍ အနူရာယ်များလှသည်။ သို့ရာတွင် ကျွန်တော်တို့သည် ဖောက်အတက် ထိပ်သို့ ရောက်သောအခါတွင်ကား ရှေ့တွင် အလင်းရောင်ကို မြင်ရပါသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ကျွန်တော်တို့သည် ဂူထဲမှထွက်၍ တောင်ခြေ လျှောသို့ ရောက်သွားပါသည်။ ချောက်သည် ကျွန်တော်တို့ ညာဘက်တွင် ရှိ၍ ၎င်း၏အစွန်းနှစ်ဖက် ထိမကက်ဖြစ်နေသည်ကို မြင်ရပါသည်။

ကျွန်တော်တို့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော ယစ်နှင့် သူ့လူများသည် မိနစ်အနည်းငယ်အတွင်း မှာပင် ကျဲဂူထဲမှ ထွက်လာကြပြီး နောက် တောင်ခြေလျှောလို့ ရောက်လာကြပါသည်။

ယစ်က သူ့လူတစ်ယောက်အား လှည့်၍ပြောပါသည်။

"ဒေါက်တာဗွန်ကို သွားဖို့သွားပြောချေ၊ သူကော ဘယ်သူမှမတွေ့ ဘဲနဲ့ ကျဲဂူအထိလာနိုင်တယ်လို့"

ကျွန်တော်တို့ ရှေ့အထက်နား တွင် တောင်ခါးပန်းမှ ထွက်ပေါ် လာသော တမ်းတစ်ခုကို မြင်ရပါသည်။ တမ်းသည် တောင်အောက်ပိုင်း သို့ တိုးဆင်းသွားရာ ကျွန်တော်တို့ဝင်ခဲ့သော ဂူမျိုး တစ်ခုထဲသို့ ဝင်ရောက် ပျောက်ကွယ်ပါသည်။

တောင်နံရံတစ်လျှောက်လုံး တွင် အပေါက်များ ဂူငယ်များဖြင့် အကိ ပြီးနေ၏။ ကျွန်တော်တို့ အထက်ပေသုံး ရာခန့် ဂူကြီးလေးခုကို မြင်ရပါသည်။

"အဲဒါပဲ၊ ကိုယ်တို့သွားကြည့်ကြရအောင်"

ဖိလစ်က ပြောပါသည်။ ၎င်းတို့ထံရောက်အောင် အတက်ရခက်လှ ပါသည်။ သို့ရာတွင် နောက်ဆုံး၌ ကျွန်တော်တို့သည် တောင်ကမ်း ပါးညီလေး တစ်ခုပေါ်သို့ ရောက်သွားပြီး ထိုင်၍ အပန်းဖြေကြပါသည်။

နားနေရသည့်အတွက် ယစ်သည်လည်း ကျွန်တော်တို့လိုပင် ဝမ်း မြောက်ဝမ်းသာဖြစ်လျက်ရှိပါသည်။ သူကား မြို့တွင်မွေးဖွားသော လူဆိုး တစ်ယောက်ဖြစ်ပြီး ကားများဖြင့်သာ မြို့တွင်းရာဇဝတ်မှုများကို ကျူးလွန်ခဲ့ သူဖြစ်ချေ၏။ သူ့အနေနှင့် ကိုယ်လက်လှုပ်ရှားခန်း ကောင်းမွန်သူဖူးမည်ဟု ကျွန်တော်မထင်ပါ။ ဂူသည် အမှောင်တွင်းသို့ အများကြီး စူးဝင်သွားပါ သည်။ ကျွန်တော်တို့ တီးကရက်များ သောက်နေကြစဉ်တွင် လူများသည် မှန်အိမ်များကို ထွန်းကြပါသည်။

ယစ်က လူတစ်ယောက်ဘက်သို့ လှည့်၍ ပြောပြန်၏။

“ဒေါက်တာဖွန်ကို ဒီဂူဝထိလာနိုင်တယ်လို့ သွားပြောချေ။ သူရှိ နေတုန်း သူတို့ကို မထွက်စေရဘူး”

ကျွန်တော်တို့သည် စီးကရက်တိုများကို လွှင့်ပစ်လိုက်ကြပြီးနောက် နေရောင်ခြည်ကို နောက်ဆုံးကြည့်ရှုလိုက်ပြီး ရဟန္တာများအတွက် ဂူတွင်းသို့ ဝင်ခဲ့ကြပါတော့သည်။

* * *

http://www.cherrythitsar.org



http://www.cherrythitsar.org

# အခန်း ၁၄
# ထောင်ချောက်

လိုဏ်ဂူသည် ကြီး၏။ ရင်းသည် အစပိုင်းတွင်မြင့်မားလှပြီး မှန်အိမ်မှ အလင်းရောင်တို့သည် အမိုးသို့မထိုးနိုင်ပါပေ။ ထို့နောက် ကိုက်ငါးဆယ်ခန့် သွားမိသောအခါကျမှ ဂူသည် ကဖြည်းဖြည်းနိမ့်လာပြီး ဘယ်ညာတွန့်လိမ်ကွေ့ကောက်လာတော့သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် မသိမသာလေး တက်သွားနေရမှန်းသိပြီး ခဏအကြာတွင် အဆင်းဖြစ်နေပြန်တော့၏။

ယစ်သည် သူ့လူတစ်ဝက်လောက်အား ကူးရှင်းပြားနှင့် သံကူးရှင်းများပေးထား၏။ သူတို့သည် လိုဏ်ဂူအောက်ခြေအား ချိုင်ခလောင်များ ရှိမရှိထုကြည့်ကြ၏။ သို့ရာတွင် တစ်ခါမျှ မကူးမဆွဖူးသော ကျောက်သားပကတိဖြစ်ကြောင်းကို မီးရောင်ဖြင့်ပင် သိသာပါသည်။

သူတို့၏ ဆူဆူညံညံ နေ့နေးကွေးကွေ့နိုင်မှုများက ကျွန်တော်တို့အား အနှောင့်အယှက်ဖြစ်လှသဖြင့် ကျွန်တော်တို့သည် လူတစ်ယောက်ထံမှ မီးအိမ်တစ်လုံးကိုယူ၍ ရှေ့မှသွားကြပါသည်။ ဂူသည် အနည်းငယ်ဆုံး ကိုက်ငါးရာခန့်ရှည်မည်ဟု ကျွန်တော် ထင်ပါသည်။ ထို့နောက်တွင်

http://www.cherrythitsar.org



ဂူသည် လက်ဝဲ လက်ယာနှစ်ခွခွသွားပါသည်။ လက်ယာဘက်တွင် ဂူသည် ကိုက်အနည်ငယ်သာ ဆက်လက်သွားပြီးနောက် ရပ်သွားလေ၏။

ကျွန်တော်တို့သည် နောက်ကြောင်းပြန်ပြီး လက်ဝဲဘက်သို့ သွားကြပြန်၏။ ဤတွင်လည်း တစ်ဖန် ကိုက်အနည်းငယ်သွားမိသောအခါ ဆုံးသွားပြန်၏။ သို့ရာတွင် ဤတစ်ကြိမ်တွင်မူ ဂူအဆုံးရှိ ကျောက်နံရံအောက်ခြေနားတွင် တောင်ခေါင်းတစ်ခုရှိလေသည်။ ၎င်းသည် နှစ်ပေခန့်မြင့်ပြီး အနံကမူ ဂူနှင့်အတူတူပင်ဖြစ်လေသည်။ ကျွန်တော်က အောက်ခြေတွင် ဝပ်၍ ကျဉ်းမြောင်းသောတောင်ခေါင်းပေါက်ထဲသို့ ကြည့်လိုက်၏။ တောင်ခေါင်းပေါက်သည် မြင်ရသလောက်ဆိုလျှင် အောက်သို့မြုပ်ဆင်းသွားလေသည်။ အတော်ဝေးသောနေရာတွင်ကား ရေစီးဆင်းကျနေသံကို ကျွန်တော်ကြားရပါသည်။

"ကိုယ်တို့ ဒီထဲကို ဝင်သွားရင် လေကောင်းလေသန့်ရှိမှာ မဟုတ်ဘူး၊ ကိုယ်တို့ပြန်ကြစို့၊ ဂူနှစ်ခုဖြစ်တဲ့နေရာနား မှာ ကျောက်မဟုတ်ဘဲ မြေကြီးဖြစ်နေတဲ့ နေရာတစ်နေရာရှိတယ်၊ ရတနာတွေကိုသာ မြှုပ်ထားရိုးမှန်ရင်တော့ အဲဒီနေရာမှာပဲ ဖြစ်ရမယ်"

ကျွန်တော်တို့သည် ဂူဆုံသို့ပြန်သွားကြပြီး ယစ်နှင့် လူ့လူများအား စောင့်နေကြ၏။ သူတို့သည် မြေကြီးရှိသောနေရာသို့ ရောက်သောအခါတွင် ရှက်တရက်ဟစ်အော်ကြွေးကြော်လိုက်ကြပြီးနောက် ယစ်က ကူးရှင်းပြားကိုင်များအား စတင်၍တူးရန် အမိန့်ပေးလေတော့၏။ ပထမ တစ်ပေလောက်အနက်ထိတော့ မြေကြီးသည် ဂူအခန်း တစ်ဆုံးရှိလေ၏။ ထို့နောက်တွင်မူ မြေကြီးသည် အချင်းလေးပေခွဲခန့်ရှိသော စက်ဝိုင်းအဖြစ် ကျဉ်းသွားလေတော့သဖြင့် လူတစ်ယောက်သာလျှင် တူးနိုင်လေတော့၏။ ကျင်းသည် နက်လာသောအခါတွင် တူးသူသည် မြေကြီးများကိုဆွပြီးနောက် ကူးရှင်းကို ချ၍ လက်ဖြင့် မြေကြီးများကို ကျုံးပစ်ရပါသည်။

ယတ်သည် ဒေါက်တာဖွန်အား အစီအရင်ခံရန် ပြန်သွားလေသည်။ သူပြန်လာသောအခါတွင် ကျွန်တော့်အား အချက်ပြ၍ခေါ်လိုက်၏။

“ဒီမယ် ဗရာဆက်၊ ခင်ဗျားနဲ့ကျုပ် လက်ဝဲဘက်ဂူအဆုံးက တောင်ခေါင်းထဲကို ဝင်ကြည့်ကြရအောင်၊ ပြီးတော့ ဒေါက်တာဖွန်က ပြောလိုက်တယ်၊ ကျုပ်မပါဘဲ ခင်ဗျားတစ်ယောက်ထဲသာ ပြန်လာရင်တော့ ခင်ဗျားကိုတစ်သိုက်လုံး ခံရမယ်တဲ့၊ လာ သွားတို့”

“မသွားပါနဲ့ ဗရာဆက်” အဲဗပက်က အော်လိုက်သည်။

“အန္တရာယ်သိပ်များတယ်၊ ကျွန်မတို့တော့ ရှင့်ကိုမလွှတ်နိုင်ဘူး”

“သူသွားရမယ်” ယတ်ကပြော၏။ “ဒီမယ်ရိုင်ဖယ်နဲ့သူတွေ အများကြီးရှိတယ်၊ သူတို့အထဲက တစ်ယောက်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် ကျည်ဆန်လွှတ်သွားနိုင်တယ်၊ ဗရာဆက်တစ်ယောက် ကျုပ်နဲ့အတူ လမ်းမလျှောက်တာနဲ့ အမျိုးသမီးတစ်ယောက် အနာတရဖြစ်သွားရတယ် ဆိုရင် စိတ်မကောင်းစရာပါဗျာ”

ကျွန်တော်ဘာမျှမပြောပါ။ မီးအိမ်တစ်ခုကို ကောက်ဆွဲ၍ တောင်ခေါင်းဆီသို့ လျှောက်သွားပါသည်။

ဖိလစ်က ကျွန်တော်နှင့်အတူလိုက်ပါလိုသည်။ သို့ရာတွင် အန္တရာယ်ရှိခဲ့လျှင် တစ်ခုခုလုပ်နိုင်ရန် သူနေရစ်ခဲ့သင့်ကြောင်း ကျွန်တော်က ပြောပါသည်။

ကျွန်တော်က ကုတ်အင်္ကျီကိုချွတ်၍ တောင်ခေါင်းထဲသို့ ဝမ်းလျားထိုးဝင်ပါသည်။ မှန်အိမ်ကိုကျွန်တော့်ရှေ့တွင် ကရွှေ့ရွှေ့တွန်းရင်း ဝင်သွားပါသည်။ ကိုက်အနည်းငယ်ခန့် သွားမိသောအခါ တောင်ခေါင်းသည် စိုက်ဆင်းသွား၏။ ကျွန်တော်က မီးအိမ်ကို ရှေ့သို့တိုးလိုက်သောအခါတွင် မီးတောက်သည် ပြာသွားပြီးနောက် ဝါသွား၏။ နောက် ငြိမ်းသွား၏။

"ဆက်သွားပါ၊ ခင်ဗျား ရောက်သွားရင် ပြောလိုက် ကျုပ်လိုက်လာမယ်"

ယစ်က အော်လိုက်ပါသည်။

"ဒီမှာ လေသိပ်ထိုင်းတယ်၊ အောက်ဆီဂျင်မရှိဘူး ဖိုလစ်"

ကျွန်တော်က အော်ပြောလိုက်ပါသည်။

ကျွန်တော်က အသက်အားရအောင် ရှုလိုက်ပြီးနောက် တောင်ခေါင်းအနိမ့်ထဲသို့ဆင်းလိုက်သွားပါသည်။ တောင်ခေါင်းသည် တစ်ဖန် ပြန်မြင့်တက်သွားကြောင်း ကျွန်တော်က လက်စမ်းကြည့်၍ သိရပါ၏။ ထိုအချိန်တွင် ကျွန်တော့်အဆုတ် ပေါက်ကွဲလုမတတ် ရှိနေတော့၏။ ကျွန်တော်က မြန်နိုင်သမျှမြန်မြန် အကောင်းရှုန်းကန်တွန့်လိမ်၍ ဂမ်းလျှောကို တက်သွားပါသည်။ ကျွန်တော်က ထိပ်သို့ရောက်သောအခါတွင် လေသည် အဆိပ်သင့်ထောကာမူ ရှူရပေတော့မည်။ ကျွန်တော်က ခဏကလေးသာ ရှုရှိုက်လိုက်ရ၏။ လေသည် ကောင်းရုံသာမကပဲ ဂူထဲမှာထက်ပင် ပို၍လန်းဆန်းသန့်စင်လေသည်။

ကျွန်တော်က ခဏတဖြုတ်ထိုင်နေပြီးနောက် ယစ်အား မစောင့်ဘဲ တောင်ခေါင်းအတိုင်းရှေ့ဆက်သွားပါသည်။ ယစ်သည် ကျွန်တော် လှုပ်ရှားသွားလာသံများကြား၍ ကျွန်တော့်နောက်မှ မောကြီးပန်းကြီးနှင့် လိုက်လာနေပါသည်။ တောင်ခေါင်းသည် ဘယ်ဘက်သို့ ကွေ့သွား၏။ ကျွန်တော်က ဆက်လိုက်သွားရာ ရေသံများသည် ကျယ်သည်ထက် ပို၍ကျယ်လောင်လာလေ၏။ ထို့နောက် တောင်ခေါင်းသည် ဖွဲ့ဖြဲဖွယ်ရာ ဆုံးသွားလေ၏။ အမိုးသည် ကျွန်တော့်အထက်တွင်မြင့်တက်နေ၏။ ကျွန်တော်က မီးအိမ်မပါ မြင်ရ၏။

ကျွန်တော်သည် အချင်းဆယ့်ငါးပေခန့်ရှိသော ရေတိုင်စပ်တွင် မတ်တပ်ရပ်လျက်ရှိလေသည်။ ရေတိုင်၏ တစ်ဆယ့်ခြောက်ပေလောက်တွင် မှကားစမ်းတစ်ခုသည် ရေတိုင်ထဲသို့ တိဆင်းကျလျက်ရှိလေ၏။ တစ်ဖြုတ်

http://www.cherrythitsar.org



နှစ်ဖြုတ် ကြာအောင် ကျွန်တော်က ကြက်သေသေ၍ ကြည့်နေမိပါသည်။ ရေပြင်သည် တဖြည်းဖြည်း မြင့်တက်လာမည့်အရေ့ကို စောင့်စားလျက် မြန်နိုင်သမျှ မြန်မြန် နောက်ကြောင်းလစ်ပြေးနိုင်ရန် ပြင်ထားပါသည်။ သို့ရာတွင် ရေများက ကပေါ်ပေါ်ဆက်ကျနေပြီး ရေပြင်က တက်မလာပါချေ။

ထိုအခါကျမှ ချောင်ပေါက်ပါကြီးရှိမှန်း ကျွန်တော်က သဘောပေါက်လေတော့သည်။ ကျွန်တော်တို့လျှောက်လာသော တောင်ခေါင်းပေါက်သည် ရေအိုင်အောက်မှဖြတ်၍ တစ်ဖန် အထက်သို့တက်ကာ နောက်တစ်ကျော့ပြန်နိမ့်ဆင်းသွားရပေမည်။

ထိုအချိန်တွင် ယတ် ရောက်လာ၏။ သူသည် ရေအိုင်ကို ဖျက်ခနဲ တစ်ချက်သာကြည့်လိုက်ပြီးနောက် အထက်သို့ မော့ကြည့်၏။ ရေပြင်အစပ်မှ နေ၍ ကျောက်နံရံသည် မတ်စောက်တက်သွားပြီး ထိပ်တွင် အလင်းရောင်စက်ဝိုင်းပေါက်တစ်ခုဖြစ်နေပါသည်။ ရေအိုင်ပြင်ပတ်လည်တွင် ကျောက်စွန်းကျဉ်းကျဉ်းရှိလေသည်။ ယတ်သည် ကျောက်စွန်းပေါ်တွင် ဖြည်းဖြည်းချင်း လျှောက်သွားနေပြီး အထက်သို့တက်နိုင်ရန် ခြေကုပ်များ ရှာဖွေလျက်ရှိပါသည်။ သူသည် တစ်ဖက်ကနေပတ်သွားပြီး ရေများကျနေသည့် အောက်သို့ ဝင်သွား၏။ ထို့နောက် အခြားတစ်ဖက်မှ ပတ်၍ပြန်လာ၏။

"ဒီမှာတော့ လမ်းရှာလို့ တွေ့မှာမဟုတ်ဘူး၊ ကောင်းပြီ ကျုပ်ရေ့က ပြန်မယ်၊ ကျုပ် တစ်နေလို့ရှိရင် ခင်ဗျားက ကွန်းထုတ်ပေါ့၊ နားလည်လား"

သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး ရှောရှောရှူရှူ ထွက်သွားနိုင်ကြပါသည်။ ယတ်သည် မီးအိမ်ကို မေ့ထားခဲ့၏။ ကျွန်တော်ကလည်း ယူမလာခဲ့ပါချေ။ သူ့ပြောစကားအရဆိုလျှင် ကျွန်တော်တို့အား ရကနာတွေကို မတွေ့မချင်း ဂူထဲတွင် ပိတ်လှောင်ထားမည်ဖြစ်၍ မီးအိမ်သည် အသုံးဝင်ပေလိမ့်မည်။

"သူတို့ ရတနာတွေကို တွေ့ပြီလား"

ကျွန်တော်က ပြန်ရောက်ရောက်ချင်း ဖိုလစ်အား မေးမိ၏။

"မောင်ရင် သွားနေတာ ဘယ်လောက်ကြာတယ်လို့များ ထင်နေလို့လဲ"

သူက ရယ်၍မေးပါသည်။

"မပြောတတ်ဘူး၊ မိနစ်နှစ်ဆယ်လောက် ရှိမှာပေါ့"

ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

"ကိုယ့်နာရီနဲ့ဆိုရင်တော့ ခြောက်မိနစ်တိတိပဲ ကြာတယ်၊ သူတို့တူးရတာ ဒါပဲရှိသေးတာပဲ၊ လာသွား ကြစို့၊ ကောင်မလေးနှစ်ယောက်က မင်းကောင်းကောင်းမွန်မွန် ပြန်လာမှာကို စောင့်နေကြတယ်"

ယခုအခါတွင် ကျင်းသည် လေးပေခန့်နက်နေပေပြီ။ လူတွေက ကျင်းကို ဝိုင်း၍ရပ်နေကြသည်။ သူတို့၏မျက်လုံးများသည် စိတ်လှုပ်ရှားမှုဖြင့် အရောင်လက်နေသည်။ မြေတစ်ကော်ရောက်လာတိုင်း လက်ချောင်းများဖြင့် ဖြေးလှူးမွှေနှောက် ရှာဖွေကြပါသည်။

မကြာမြင့်မီပင် လူတစ်ယောက်သည် အရှူးအမူး ဟစ်အော်လိုက်လေတော့၏။ သူ့လက်ထဲတွင်ကား ဝိုင်းဝိုင်းမှိုင်းမှိုင်း အပြားတစ်ချပ်ဖြစ်လေသည်။ သူ့လက်ထဲမှ လူတစ်ယောက်ကယူ၍ မြေကြီးတွင် ပွတ်သပ်ကြည့်လေသည်။ ယင်းသည်ကား ရွှေပင်ဖြစ်ပါ၏။

ချက်ချင်းပင် လူများသည် ကျင်းကိုဖိ၍ ဝိုင်းကြပါတော့သည်။ လေ့ဘက်ယောက်၍ ရတနာကို အရင်ရှာဖွေတွေ့ရှိနိုင်ရန် ပြင်ဆင်ကြပါသည်။

ဒုတိယ၊ တတိယနှင့် စတုတ္ထ ဒင်္ဂါးများကို တွေ့ရှိကြလေ၏။ ထို့နောက်တွင်မူကား သူတို့သည် ရွှေဒင်္ဂါးများတွင် သိပ်စိတ်မဝင်စားလှတော့။ ရတနာသေတ္တာများကိုသာ စောင့်စားလျက်ရှိကြတော့၏။ ခဏကြာအောင်

http://www.cherrythitsar.org



တော့ မြေကြီးကိုတူးဖော်လျက်ရှိသေး၏။ မြောက်ပေခန့်အနက်သို့ ရောက်သောအခါတွင်မူကား ကူ့ရှင်းသည် တစ်တုံတစ်ခုကို တောင့်မိတော့၏။

လူတွေကား ရူ့မကက်ဖြစ်နေကြလေပြီ။ မြေကြီးများကို ဦးထုပ်ဖြင့် သယ်ယူပစ်ကြ၏။ သို့ရာတွင် မကြာခင်မှာပင် သူတို့၏ စိတ်အား ထက်သန်မှုသည် ကျဆင်းသွားပြီး စိတ်ပျက်အားလျော့၍ ဒေါပွလာကြတော့၏။ သူတို့သည် ရတနာသေတ္တာကို သွား၍ တောင့်မိခြင်းမဟုတ်ပါပေ။ မာကျောသော ကျောက်ထုကို တွေ့ရှိခြင်းသာဖြစ်လေသည်။ သူတို့က ကျောက်သားပြင်ကို လျှို့ဂှက်ကျင်းများ ရှိလေမည်လောဟု သဲကူးရှင်းနှင့် ထုနက်ကြပါသည်။ ကျင်းနံဘေးပတ်လည်တွင် လျှို့ဂှက်တံခါးရှိမရှိကို ကုတ်ခြစ်ရှာဖွေကြပါသည်။ ရတနာများသည် တစ်ကြိမ်က ဤနေရာတွင် မြှုပ်နှံထားခဲ့လျှင် ကြာမြင့်ဖွာကပင် တစ်နေရာသို့ရွှေ့သွားလေပြီဖြစ်ကြောင်း သူတို့အနေနှင့်ရော ကျွန်တော်တို့အနေနှင့်ရော သိသာထင်ရှားလှပါသည်။

"အင်း... ဒေါက်တာဖွန် တစ်ယောက်ကတော့ ရွှေဒင်္ဂါးလေးလေးပြားရမယ့်အရေး ဒုက္ခသုက္ခတွေ ခံလိုက်ရတာနော်၊ ကျွန်မတို့ကတော့ ဂူထဲကထွက်ပြီး အိမ်ပြန်နိုင်ကြပြီနဲ့ တူတယ်"

မင်နီက ပြောလိုက်သည်။

ယစ်က မီးအိမ်တစ်လုံးကိုမြှောက်၍ ကျွန်တော်နှင့် ဖိလစ်အား ကြည့်၏။

"ဒီနေရာဟာ ရတနာတွေမြှုပ်ထားတဲ့နေရာလို့ ခင်ဗျားတို့ ထင်ကြတယ်ပေါ့လေ"

ဤမေးခွန်းကို ပြန်ဖြေရန်မလိုပါပေ။ ကျွန်တော်တို့တစ်တွေလည်း သူ့လိုပင် စိတ်ပျက်နေကြောင်း သူသိနိုင်ပါသည်။ သူက ဒေါထနေသော လူများထံသို့ လှည့်လိုက်၏။

"ကချို့ ဒီမှာစောင့်နေကြဟေ့၊ သူတို့ကို ဘယ်မှမသွားစေနဲ့"

http://www.cherrythitsar.org



ယစ်သည် နာရီတစ်မတ်လောက်ကြာအောင် ထွက်ခွာသွားလေသည်။ သူပြန်လာသောအခါတွင် မှိုရသည့်မျက်နှာရှိနေသဖြင့် ဒေါက်တာဗွန်ထံမှ သတင်းဆိုးပါလာပြီဖြစ်ကြောင်း ကျွန်တော်တို့ သိလိုက်ပါ၏။

"ခင်ဗျားတို့ ခုလိုကူညီရှာဖွေတဲ့အတွက် ဒေါက်တာဗွန်က ကျေးဇူးတင်ကြောင်း ကျွန်တော့်ကို ပြောလိုက်တယ်"

သူက ခပ်လျောင်လျောင်ပြောပါသည်။

"ဒါပေမဲ့ ရတနာတွေကို တွေ့အောင်မရှာနိုင်တဲ့ အတွက်တော့ ဝမ်းနည်းတယ်တဲ့၊ ခုဆိုရင် ရတနာတွေကို ခင်ဗျားတို့ အကူအညီမပါဘဲနဲ့ ရှာဖွေနိုင်ပြီလို့ သူတွက်ထားပါတယ်"

"ဒါဖြင့် ကျွန်မတို့ သွားနိုင်ပြီပေါ့"

မင်နီက ကျွန်တော်တို့အား လှည့်ပတ်ကြည့်ရင်း စိတ်မရှည်စွာမေးလိုက်၏။

"ကျုပ်မှာ နောက်ထပ် သတင်းတစ်ခု ပါပါသေးတယ်" ယစ်က သူ၏ပျော့တော့တော့ အသံကလေးဖြင့် ဆက်ပြောပါသည်။ "ဒေါက်တာဗွန်ဟာ ခင်ဗျားတို့ကို နောက်ထပ်ဆယ့်ငါးမိနစ်လောက်တော့ ဂူထဲမှာနေစေချင်သေးတယ်၊ ဒီအတွင်း ခင်ဗျားတို့ထွက်သွားခဲ့ရင် ပစ်ခတ်ဖို့ လူတွေချထားတယ်၊ အဲဒီတော့ ဆယ့်ငါးမိနစ်ပြည့်ပြီးပြီးချင်းလည်း ဂူထဲကထွက်လာဖို့ သိပ်မလောပါနဲ့၊ ကျုပ်တို့နာရီတွေက ခင်ဗျားတို့ နာရီတွေထက် နှေးကောင်းနှေးပါလိမ့်မယ်"

သူက တဟားဟားရယ်ရင်းပြော၏။

"ခင်ဗျားတို့ကို ကျုပ်ပြောပြဖို့တော့ ဒါပါပဲ၊ ဒါပေမဲ့ ကျန်တဲ့ဟာတွေကို ကျုပ်မပြောဘဲ မနေချင်ဘူး၊ ဒေါက်တာဗွန်ဟာ သူ့လူတွေကို ခုအခါဂူပေါ်မှာ အလုပ်လုပ်ထားခိုင်းတယ်၊ ဆယ့်ငါးမိနစ်အတွင်းမှာ ဒိုင်းနမိုက်ပေါက်ကွဲပြီး တောင်ပြိုကျလိမ့်မယ်ပေါ့၊ ဒီဂူဟာ တစ်ခါတည်း ပိသွားလိမ့်မယ်၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့လူတွေဟာ ခုလို အကြောင်းဆုံစည်း

ရတဲ့အတွက်တော့ ဝမ်းနည်းကြေကွဲစရာပါပဲ၊ ဒါပေမဲ့ အကြောင်းဆိုကာ ဆုံးစည်းရစမြဲမဟုတ်ပါလား ခင်ဗျာ"

သူ့လူများဘက်သို့ လှည့်လိုက်သည်။

"မင်းတို့သွားနိုင်ကြပြီ၊ အပြင်ကို ထွက်တဲ့အခါကြရင် သတိထားကြလော့၊ အပြင်က မင်းတို့မှန်းသိပလော"

"ကဲ ဒေါက်တာမာတင် ဒီဂူဟာ ခင်ဗျားတို့ဂူပါပဲ၊ ခင်ဗျားတို့ ဒီမှာနှစ်မြို့က်ပျော်မွေ့ကြပါစေလို့ ကျုပ်မျှော်လင့်ပါတယ်"

သူက သဘောအကျကြီးကျလျက် လေကလေး တချွန်ချွန်နှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိပါသည်။

မိနစ်အနည်းငယ်ကြာတော့ ဖိလစ်က မီးအိမ်ကို ကောက်ယူလိုက်သည်။

"သူက တို့ကိုဒီမှာနေစေချင်လို့ရှိရင် ကိုယ်တို့ဟာ ဂူဝကိုသွားကြမယ်"

ကျွန်တော်တို့ ဂူဝနားရောက်သည်တွင် ယစ်သည် လိုက်ပါလာပါ၏။

ကျွန်တော်တို့သည် အေးစက်သော ကျောက်ပေါ်တွင် ထိုင်လိုက်ကြပြီး အပြင်မှ နေရောင်ခြည်ကို ကြည့်နေကြပါသည်။ ကျွန်တော်တို့အားလုံး ဘာကိုစဉ်းစားနေကြောင်း သိသည့်အနေဖြင့် အဲစပက်က ပြောပါသည်။

"ဒါတော့မဖြစ်ဘူး၊ ဒေါက်တာဗွန်ဟာ ပစ်ဖို့ ဝန်လေးမှာမဟုတ်ဘူး၊ ဒီလမ်းက သေမှာကျိန်းသေတယ်"

ယစ်ကား ယခုထက်တိုင်ပင် ကျွန်တော်တို့အနားတွင် ရှိနေသေးသည်။ ကစ်ယောက်ကည်း ရယ်မောနေ၏။ ကျွန်တော်တို့အား မျက်စိထောင့်မှ ကြည့်လျက်ရှိ၏။ ကျွန်တော်တို့နှင့်အတူ သူရှိနေသေးသရွေ့တော့ ဂူကြီး မပေါက်ကွဲနိုင်သေးကြောင်းသိ၍ ကျွန်တော်တို့သည် နေရောင်ခြည်ကို ထိုင်၍သာ ဓောင့်ကြည့်နေကြပါသည်။

ထို့နောက် ယစ်သည် အချိန်နီးကပ်ပြီဖြစ်ကြောင်းကိုသိ၍ ဂူဝသို့ လျှောက်သွားလေတော့၏။ သူက ဂူဝသို့မရောက်ခင်ရပ်လိုက်ပြီး ကျွန်တော်တို့အား လှောင်ကြည့်တစ်ချက် ပြန်ကြည့်လေသေးသည်။ ထိုအချိန်မှာပင် ကြောက်မက်ဖွယ်ရာ ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီးနောက် ဂူတစ်ခုလုံးအား လှုပ်ခါလိုက်ပါသည်။ ဂူရှေ့သို့ ကျောက်တုံးကျောက်ခဲများသည် ဒလဟော ဆင်းကျလာပါသည်။

ပေါက်ကွဲသံကြီး ပေါ်ထွက်လာနေသည်နှင့်အမျှ ကျွန်တော်တို့သည် အလိုအလျောက် မြေပြင်ကွင် မှောက်နေမိရက်သား ဖြစ်ကြ၏။

ထို့နောက် ကျွန်တော်တို့သည် ဖူးဖူးဝါးဝါး အော်ဟစ်သံများကို ကြားရလေတော့၏။ ယစ်ပင် ဖြစ်လေသည်။ သူကား ကျောက်တုံးများဖြင့် ပိလျက်ရှိလေသည်။ ကျွန်တော်တို့သည် သူ့ထံ ပြေးသွားပြီးနောက် သူ့အား အသက်ကယ်ဆယ်ရန် ကြိုးစားကြပါ၏။

“မြန်မြန် မြန်မြန်၊ ဒေါက်တာဗွန်ဟာ တမ်းရှိတဲ့အပေါက်ကိုလည်း ပိတ်လိမ့်မယ်၊ ကျုပ်ကို ရေနစ်ကုန်ကြလိမ့်မယ်”

သူက အော်လိုက်ပါသည်။ ထို့နောက် သူ့ခေါင်းသည် ရှေ့သို့ စိုက်ကျသွားလေသည်။ သူကား သေလေပြီ။

* * *

# အခန်း ၁၅
# မှတ်ကျောက်တင်ခြင်း

အတော်ကြာအောင်ပင် မှင်တက်မိနေကြ၍ ဘာတွေဖြစ်ပျက်ကုန်သည်ကိုပင် မပြောတတ်အောင် ရှိနေပါတော့သည်။ မတော်တဆပင် ဖြစ်လေသလား၊ ဒေါက်တာဗွန်က သူ့အားတမင်တကာသတ်လေသလား၊ ပြီးတော့ သူ၏ နောက်ဆုံးပြောသောစကားဆန့်များကလည်း ရှိလေသေးသည်။

"တမ်းကိုပိတ်မယ်လို့ ပြောသွားတာက ဘာအဓိပ္ပာယ်လဲ"

အဲဝပက်က စိုးရိမ်တကြီးမေးပါသည်။

"ကိုယ်ထင်တာကတော့ ကျွဲဂူနားက မြင်ရတဲ့ တမ်းလို့အောက်မှာပဲ၊ အခုဆိုရင် အဲဒီတမ်းဟာ ကိုယ်တို့အောက် ပေသုံးရာလောက်မှာရှိတယ်"

ဖိလစ်က ပြောပါသည်။

ဂူအဆုံးရှိ ရေအိုင်ထဲသို့ ရေတွေ ဘယ်လောက်အများကြီး ကျနေကြောင်း ကျွန်တော်က သိ၍ စိုးရိမ်မိပါသည်။ ကျွန်တော်က သွားတဲ့၍ ရေတွေကို ကြည့်လိုက်ပါသည်။

"ကျွန်တော်တို့ ဂူအဆုံးကို ပြန်သွားကြရအောင်၊ ဒေါက်တာဗွန်ဟာ ဒီအပေါက် ကောင်းကောင်းမပိတ်သေးတာတွေကိုသိရင် နောက်တစ်ချို့ ခွဲပြန် လိမ့်ဦးမယ်၊ အဲဒီလိုဆိုရင် ကျွန်တော်တို့ဒီနားမှာ ဘေးမကောင်းဘူး"

ကျွန်တော်က ပြောပါသည်။

ကျွန်တော်တို့သည် ဂူတွင်းသို့ ပြန်၍လျှောက်သွားကြပါသည်။ မီးအိမ်မှ တဖျက်ဖျက်သောအရောင်က နံရံနှင့် မျက်နှာကြက်ပေါ်တွင် ထူးဆန်းသောအရိပ်များ ထိုးပေါ်တော့သည်။

"တောင်ခေါင်းထဲမှာ မီးအိမ်တစ်ခုရှိသေးတယ်၊ ဖိလစ် အဲဒါကို ကျွန်တော်သွားယူလိုက်ဦးမယ်၊ ပြီးတော့ ကျွန်တော် အကြံပေးချင်တာက တော့ ဂူရှေ့မှာ ကျောက်တုံးတွေ နောက်ထပ် ဒေါက်တာဗွန် မချတော့ဘူး ဆိုရင် ကျွန်တော်တို့ ထူးထွက်ကြရင်ကောင်းမယ်"

ကျွန်တော်တို့သည် ဂူနှုတ်ခုဆုံးရာသို့ ပြန်ရောက်သွားကြ၏။ ကျွန်တော်က ကုတ်အင်္ကျီကို တစ်ကြိမ်ချွတ်လိုက်ပြန်ပြီး တောင်ခေါင်းထဲ သို့ မှန်အိမ်ယူရန် ကုတ်ကတ်၍ ဝင်ခဲ့ပြန်ပါသည်။ တဖန် ပြန်ထွက်ရန် အတော်ကြီး အခက်အခဲတွေ့နေပြန်ပါသည်။ သို့ရာတွင် ကျွန်တော်က ထွက်နိုင်ခဲ့ပါသည်။ ကျွန်တော့် ခေါင်းသည် ယိမ်းနေပြီး ချွေးများသည် ကျွန်တော့်မျက်စိရှေ့တွင် ချင့်ချင်းရဲလျက်ရှိပါသည်။

ထိုအချိန်တွင် ဖိလစ်သည် လူတိုင်းအား အိတ်လွန်ဖာမှောက်ခိုင်း လျက် ကျွန်တော်တို့တွင် ဘာစားစရာကျန်သေးကြောင်း ကြည့်ပါသည်။ တစ်နေ့လျှင် ဘီစကွတ်နှစ်ခုနှင့် ချောကလက်တစ်တုံးနှုန်းဖြင့် နောက်လေး ရက်စာရှိသေးကြောင်း တွက်ချက်၍ရပါသည်။ ထို့နောက်တွင်ကား ဘာမျှ စားစရာမရှိတော့ပါပေ။ မသေမချင်း ရေကိုသာ သောက်သွားရုံရှိတော့ သည်။

ဤသို့ တွက်ကိန်းချနေစဉ်တွင် ကျွန်တော်တို့အောက်ဆီမှ အသံကြီး နှစ်ချက်ဆင့်၍ ကြားလိုက်ရပါသည်။

http://www.cherrythitsar.org



"ဖေကာ... တမ်းကိုပိတ်လိုက်ပြီ"

မင်နီက လျော့ရဲစွာပြောလိုက်၏။

"ဒီတမ်းကော ချောင်းဝကော်ပေါက်ထဲကို ဝင်တဲ့တမ်းမှန်း ပေါက်ကာဖွန့် အသေအချာမသိပါဘူး၊ ကျွန်တော် ခုပြန်ဝင်သွားပြီးကြည့်ရင် သိမယ်၊ တစ်နာရီအတွင်းမှာမှ ရေတွေတက်မလာဘူးဆိုရင် ကျွန်တော်တို့ကော ဂူပေါက်ကိုသွားပြီး ကူးထွက်ကြကာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။

တကယ်ပင် ရေသည် မြင့်တက်မလာပါ။ ထို့ကြောင့် ပိတ်လိုက်သောတမ်းမှ ရေများကျနေသည်ဖြစ်ကြောင်းလည်း ရေများသည် ထွက်ပေါက် အသစ်တစ်ခုရှိ၍လည်းကောင်း သို့မဟုတ် ရေတဖြည်းဖြည်း ပြည့်လိုက်နေသော မြေအောက်လိုဏ်ဂူကြီးတစ်ခုရှိပေမည်။ ကျွန်တော်တို့ ဂူထဲမှ ထွက်မသွားနိုင်ခင်မှာပင် ပြည့်လေမည်လား။

ပထမတော့ ပိတ်ဆို့နေသောဂူပေါက်ကို အပေါက်ဖောက်ရသည်မှာ လွယ်ကူပါသေးသည်။ ကျောက်ခဲများနှင့် မြေကြီးများကို ဖယ်ရှားပစ်ရန်သာဖြစ်လေသည်။ သို့ရာတွင် နောက်ပိုင်း၌ ရောမ ကျောက်တုံးကြီးများ ပိတ်ဆို့နေသည်ကို တွေ့ရတော့၏။ ကျွန်တော်တို့က လက်ချည်းသက်သက်ဖြင့် ကျောက်တုံးကြီးကိုပတ်၍ ကူးယက်ပြီးနောက် ၎င်းကို လှိမ့်ပစ်ရလေသည်။ ဤအခါတွင် ကျွန်တော်တို့လမ်းပေါက်သည် ကျွန်တော်တို့ လိုချင်သည်ထက် ပို၍ကျယ်လာပါတော့၏။

တစ်ကြိမ်တွင် ကျွန်တော်တို့သည် နှစ်ယောက်သာလုပ်နိုင်ကြပါသည်။ ပထမတော့ ကျွန်တော်တို့သည် တစ်လှည့်လျှင် တစ်နာရီကျ လုပ်ကြပါသည်။ သို့ရာတွင်နောက်ပိုင်း၌ကား ကျွန်တော်တို့သည် မွမ်းနယ် ပန်းလျှကိုက်လာကြပြီးသော် အလုပ်ချိန်တို့သည် ဆက်တိုးပေါ်လာတော့သည်။

ပထမနေ့မှာပင် မီးအိမ်သည် ရေနံဆီ ကုန်သွားပါတော့သည်။

http://www.cherrythitsar.org



သို့ရာတွင် ကျွန်တော်တို့သည် ဂူကို ကောင်းစွာသိနေပြီဖြစ်၍ မီးမပါလည်း သွားနိုင်ကြပါသည်။

တကယ်သမြောက်နေ့၏ မွန်းတည့်ချိန်လောက်တွင်ကား ကျွန်တော်တို့သည် တစ်ချိန်လျှင်ဆယ်မိနစ်လောက်သာ လုပ်နိုင်ပါတော့သည်။ ထိုအချိန်မှာပင် ကျွန်တော်တို့သည် အချင်းဆယ်ပေခန့်ရှိသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ရှိကြပါတော့သည်။ ကျွန်တော်က ကျောက်တုံးကြီးကို ကြည့်လိုက်ပြီးနောက် ကျွန်တော်တို့ မဖယ်ရှားနိုင်ကြောင်း သိပါသည်။ ကျောက်တုံးကြီး၏ တစ်ဖက်ကို တွေ့ပတ်၍ဖောက်ရပေမည် သို့မဟုတ် ကျွန်တော်တို့သည် လမ်းသစ်တစ်ခုကို ရှာကြရပေမည်။ ပထမနေ့က ကျွန်တော် ရေအိုင်အေားမှာထိုင်၍ ရေမျှားကို စောင့်ကြည့်နေစဉ်ကတည်းက ထပင် လွတ်ပေါက်တစ်ခုရှိကြောင်း သိပါသည်။ သို့ရာတွင် စဉ်းစားရ သည်ကပင် ကြက်သီးမွေးညင်းထစရာကောင်း၍ အသာမစဉ်းစားဘဲထား ရသည်။ တခြားမျှော်လင့်စရာရှိနေသ၍တော့ ဤနည်းကို ထည့်မတွက်ဘဲ ပိုင်းဖြတ်ထားပါသည်။

ကျွန်တော်က လွတ်မြောက်ရေးလမ်းဝကို ပိတ်ဆို့နေသော ကျောက်တုံးကြီးကိုကြည့်ရင်း ထိုနေ့ညနေမှာပင် စမ်းချောင်းမှ လွတ်မြောက်ဖို့ ကြိုးစားလျှင်ကြိုးစား။ ထိုသို့မဟုတ်ခဲ့လျှင်တော့ ဘယ်တော့မှ လွတ်မြောက်မည်မဟုတ်တော့ပါပေ။ ပြီးတော့ ကျွန်တော်က အားနည်းနေ၍ နွမ်းကိုက်နေပြီဖြစ်သဖြင့် အင်မတန်ကို အန္တရာယ်ကြီးလှပါသည်။ နောက်နေ့တွင် ကျွန်တော်က ယခုထက်ပို၍ အားနည်းမည်ဖြစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေခြင်းသာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်က ကျောက်တုံးကြီးမှ လှည့်၍ကွားထွက်ခဲ့ပြီး ထိုင်နေလိုက်ပါသည်။ ချွေးတစ်ပေါက်ပေါက်ကျလျက်ရှိပါသည်။ ဖုန်နှင့်မြေကြီး အလိမ်းလိမ်းနှင့် မောပန်းနွမ်းကိုက်နေပြီဖြစ်သော ဖိလစ်သည် အားယူ၍ မထနိုင်ထနိုင် ထလိုက်ပြီးနောက် တွင်းပေါက်ထဲသို့ ဝင်သွားပါသည်။

http://www.cherrythitsar.org



"ခဏနေပါဦး" ကျွန်တော်က ပြောလိုက်သည်။ "ကျောက်တုံးကြီးကို ခင်ဗျား မြင်တယ်မဟုတ်လား၊ ကျွန်တော်တို့က ဒါကြီးပတ်ပတ်လည်ကို တူးရလိမ့်မယ်၊ ကျွန်တော်တို့ သိသလောက်တော့ လမ်းသစ်တူးတာကမှ မြန်ဦးမယ်၊ တနေ့ ကျွန်တော်တို့အားမရှိကြတော့ဘူး၊ မနက်ဖြန်ကာဆိုရင် ပြီးရောပဲ၊ ဒီကလွတ်မြောက်နိုင်ဖို့ တခြားလမ်းတစ်လမ်းပဲ ရှိတော့တယ်၊ အဲဒါကို ကျွန်တော့်မှာ အားကလေး အင်ကလေးရှိတုန်း စမ်းကြည့်မှ"

"ခွန်ပရာဆက်က ရေတွေကို စဉ်းစားနေတယ်နဲ့ တူပါတယ်၊ ဒါဟာ သိပ်အန္တရာယ်များပါတယ်"

ဆူဂမ်က ပြောလေ၏။

"အန္တရာယ်ကြီးကြီး မကြီးကြီး ငါကနေ့လုပ်ရင်လုပ် မလုပ်ရင်တော့ နောက်ဘယ်တော့မှ မလုပ်နိုင်တော့ဘူး၊ အဲဒီတော့ အလင်းရောင်ရှိတုန်း မြန်မြန်လုပ်မှ"

ပထမတော့ သူတို့အားလုံးသည် ကျွန်တော့်အား မလုပ်ရန် ဖျက်ကြ၏။ သို့ရာတွင် ထိုအချိန်တွင် ကျွန်တော်တို့သည် လွတ်လမ်းရှိသေးသည်ဟု မထင်ကြတော့၍ ဘာမဆို စွန့်စားကြရပေမည်။ ကျွန်တော်တို့က လွတ်သွားနိုင်ပြီး အကူအညီရခဲ့လျှင် ဂူဝကို ဖောက်ခွဲဖွင့်မည်ဟု ဖိလစ်အား ပြောလိုက်၏။ ဖောက်ခွဲသံ သုံးလေးချက်ပင်လျှင် အကူအညီလာနေပေပြီဟု ဖြစ်ပါသည်။ ထိုအခါ သူနှင့်အမျိုးသမီးများသည် ဂူထဲသို့ ဆုတ်နေကြရမည်။ သို့ရာတွင် အစီအစဉ်ရှိသလောက်ကို ဖြစ်နိုင်မည်ဟု မယုံကြည်လှကြောင်းကိုတော့ ကျွန်တော်က ဝန်ခံရပေမည်။

ဆူဂမ်က ကျွန်တော့်အားကူညီရန် ရေအိုင်သို့ လိုက်ခဲ့ပါသည်။ ချောင်းပေါက်ပါသည် မည်မျှနက်မည်ကို မည်သည့်နည်းနှင့်မျှ မသိနိုင်ပါချေ။ ကျွန်တော်က ရေအိုင်စွန်းမှနေ၍ ရေထဲသို့ ကဖြည်းဖြည်းနှစ်၍ ခြေ

http://www.cherrythitsar.org



ယောက်နှင့် တမ်းကြည့်ပါသည်။ ရေက အေးစက်နေပြီး အကြောအခြင်များ တိမ့်သွားပါသည်။ သို့ရာတွင်ခြေမယောက်မိပါချေ။ ကျွန်တော်က ဒိုင်ဗင် ထိုးချရပေမည်။ ဆူဇမ် ကျွန်တော့်အား ဆွဲတင်ပြီး ခြေယောက်နှင့် လက်မောင်း ကြွက်သားများကို ပွတ်သပ်နှိပ်နယ်၍ပေးပါသည်။ ထို့နောက် ကျွန်တော်က အသက်အားရအောင် ရှုလိုက်ပြီးနောက် ရေထဲသို့ ထိုးစိုက်ချလိုက်ပါသည်။

ရေကကျွန်တော့်ကို ဆွဲနစ်ချလိုက်ပါသည်။ သို့ရာတွင် ကျွန်တော် သည် ရေမှ့ကိုးနိုင်သေးဘဲ ရှိနေသေးပြီ ရေအောက်တွင် တန့်လန်းကြီး ဖြစ်နေပါ၏။ ကျွန်တော်မှာ မွန်းနေပြီဖြစ်ပြီး အောက်သို့ ဆက်မကျပါ တော့ချေ။ ကျွန်တော်က ရေပြင်ပေါ်သို့ ခြေကန်၍ တက်ခဲ့ရပါတော့ သည်။ အပေါ်ရောက်တော့ ဝဲကလေးက ကျွန်တော့်ကို အေးသို့ရိုက်ပို့လိုက် ပါသည်။ ဆူဇမ်က ကျွန်တော့်လက်မောင်းကိုကိုင်၍ အားကုန်ပါးကုန် ဆွဲမတင်နိုင်သည်တွင် ကျွန်တော်က ကျောက်ဆောင်ဖွန်းကို ခိုကိုရာမှဲ ဆွဲကိုင်ထားရပါတော့သည်။

"သိပ်နက်တယ် ဆူဇမ်၊ ကိုယ်ဟာ ရေကိုင်အလယ်တည့်တည့်ကို ထိုးချပြီး မြုပ်သွားတော့မှဖြစ်မယ်"

ခဏတော့ ကျွန်တော်က ကျောက်ပြားဖွန်းတွင် လဲလျောင်းအနားယူ နေမိ၏။ ဆူဇမ်က ကြွက်သားများ ပွတ်သပ်ပေးနေသည်။ ထို့နောက် ကျွန်တော်က မတ်တပ်ထလိုက်ပြီ နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ် လိုက်ကာ အသက်ဝအောင် ရှုလိုက်၏။ ကျွန်တော် သုံးလှမ်းပြေးပြီး ဝဲအလယ်သို့ ဒိုင်ဗင်ထိုးချလိုက်ပါသည်။ ဤတစ်ချိန်တွင်မူ ကျွန်တော်သည် နောက်မပြန်တော့ပါပေ။ ရေသည် ကျွန်တော့်လက်ပေါင်းတစ်ဖောင်ဖြင့် ဆွဲယူ၍ နက်သည်ထက်နက်အောင် ခေါ်သွားပါတော့သည်။

ကျွန်တော် မြုပ်ဆင်းနေဆဲဖြစ်ပြီး နားတွေက အူလာ၏။ လည်မျို တစ်ဆို့လာသည်။ ကျွန်တော့်ဦးနှောက်များသည် ဆူပွက်၍ နားထင်တဒိန်း ဒိန်း ဖြစ်လာတော့၏။ အချိန်ကကုန်ခဲလှပြီ မခံမရပ်နိုင် နာကြည်းလာပါ

http://www.cherrythitsar.org



တော့သည်။ ရေက ကျွန်တော့်အား ဖေးသည်ထက်ဖေးအောင် ဆွဲချသွား နေပါသည်။ ကျွန်တော့်အား ဟိုဘက်ဆော့ ဒီဘက်ဆောင်း ပို့လျက်ရှိ၏။ အေးပတ်ပတ်လည်သည် တဖြည်းထက် တဖြည်း ကျဉ်းမြောင်းလာသည်ဟု ထင်ရပါသည်။

ကျွန်တော့် လက်များကို ရှေ့သို့ ဆန့်တန်းထား လိုက်ပါသည်။ နာကြည်းခံခက်မှုကလည်း မခံနိုင်မထိုင်နိုင် ဖြစ်လာတော့၏။ ကျွန်တော် က အောက်ခြေကိုထိမိကြောင်း သိလိုက်၏။ ကျွန်တော်က နောက်ဆုံး ကြိုးစားသည့်အနေဖြင့် ရှေ့သို့ထိုး၍ အထက်သို့ ကွန့်လိမ်တက်လိုက် ပါသည်။ ကျွန်တော့်မှာ မြှောနေလေပြီ။

ကျွန်တော်က ခေါင်းကိုလက်ဖြင့်ကိုင်ထား ရင်း ရေပေါ်သို့ ပေါ်တက် လာစဉ်တွင် နားထဲ၌ ဆူဂမ်၏အသံကို ကြားလိုက်ရသည်။

"တိတ်ချရပါပြီ ပရာဆက်၊ အသက်ပဂရှူပါတော့"

အရေးဆိုးကြီးကြုံလေ၍ ကျွန်တော်တော့ သွားပြီဟု ထင်လိုက်ပါ သည်။ ယခုအခါ ကျွန်တော်တို့သည် မှောင်နှင့် မည်းမည်းကြီးထဲသို့ ရောက်နေကြောင်း သိရတော့၏။ ရေအားဖြင့် ကွန်းပို့လိုက်ခြင်းဖြစ်ပေ ၏။

"သုံးခါတိတိ ရေငုတ်ကာဟာ ဆက်တိုက်ကြီး ကျလွန်းနေတယ် ခွန်ပရာဆက်၊ ဒါကြောင့် ကျွန်တော် ချက်ချင်းလိုက်လာခဲ့တာပဲ"

ယခုအခါတွင် ကျွန်တော်သည် သတိကောင်းကောင်းရှိပြီဖြစ်သ ဖြင့် ဆူဂမ်အား ရှေ့မှသွားစေပါ၏။ ဝမ်းသည် ကောင်ခေါင်းငိုက်ကလေး တစ်ခုအတွင်းသို့ တဖေါ်ဖေါ် တိုးဝင်လျက်ရှိလေ၏။ ကျွန်တော်တို့သည် အေးနံရံများအား လက်များဖြင့်ကာထားရပါသည်။ တစ်ခါခါတွင် အမိုး သည်လည်း နိမ့်လေလွန်းလှသဖြင့် လက်ကို အပေါ်မြှောက်လိုက်လျှင် တိုက်ခတ်၍ သွားလေ၏။

ဘေးနှစ်ဖက်သည် ရေကိုက်စားထားသဖြင့် ချော့မွတ်နေလေ၍ ကိုင်စရာ တွယ်စရာမတွေ့ရှိပါ။ ကျွန်တော်တို့အား ရေစီးပြင်းပြင်းက တိုက်ယူသွားနေ၏။ ကျွန်တော်တို့က ဘာမျှမတတ်နိုင်။ လိုက်ပါသွားရုံ သာရှိ၏။

ကျွန်တော်တို့နားထဲတွင် တစ်ချိန်လုံးလိုပင် ရေသံများ ဆူညံ၍ နေလေ၏။ ၎င်းတို့သည် တဖြည်းထက် တဖြည်း ကျယ်လောင်၍လာ တော့သည်။

"ဆူဇမ်ရေ အဲဒါဘာတွေလဲ"

ကျွန်တော်က အော်၍မေးလိုက်ပါသည်။

"ရေတံခွန်တစ်ခုပါ ခွန်ပရာဆက်၊ ကျွန်တော်တို့ လက်ဆက်ထား ကြရအောင်"

ကျွန်တော်တို့ လက်ချင်းဆက်မိသည်မှာ နည်းနည်းလေးမှမစောပါ။ ရေက ကျွန်တော်တို့အား ကဟုန်ဖြင့်တိုက်ခေါ်သွားပါသည်။ "ခုန်ချလိုက်" ဆူဇမ်၏ အော်သံကို ကြားလိုက်ပါသည်။ ကျွန်တော်က ရှေ့သို့ ခုန်ချလိုက် ရန် ကြိုးစားလိုက်၏။ သို့ရာတွင် ရေက ကျွန်တော့်အား ပြန်ဆွဲယူထား လိုက်သည်။ ကိစ္စပြီးလေပြီ။

ထို့နောက် ကျွန်တော် မှတ်မိသမျှတော့ ရေသည် ကျွန်တော့်ကိုယ် အား ခြေထောက်မှ စုပ်ယူဆွဲချသွားလေတော့၏။ ကျွန်တော်က ကန့်ကျောက် ရန်ကန်သော်လည်း အောက်သို့သာ ကျသွားပြန်လေတော့၏။ ရေသံက ကျွန်တော့် နားထဲတွင် ဆူညံလာပြန်၏။ ထို့နောက်တွင်ကား ကျွန်တော်သည် မြေအောက်ရေကိုင်တစ်ခု၏ ငြိမ်သက်သောရေသောပေါ်တွင် ပေါ်လောမျော လျက်ရှိလေတော့၏။

ရေနှင့် နပန်းလုံးရ၍ မောပန်းစုတ်ပြတ်နေသော ကျွန်တော့်မှာ တခြားဘာမျှ တွေးတောမနေနိုင်။ အသက်ရှင်နေသေးသည်အတွက်သာ

ဝမ်းသာရပါတော့၏။ ကျွန်တော်က ရေပေါ်တွင်ဖော့၍နားနေရင်း ရေများ ငြိမ်သက်လျက်ရှိနေသော ဂူပြင်ကျယ်ကြီးအားမော့ကြည့်မိတော့၏။ မိနစ် အနည်းငယ်ကြာသွားမှ ကြည့်မြင်နိုင်သော အလင်းရောင် လုံလောက်စွာရှိ သည်ကို သတိထားမိပါသည်။ တစ်နေရာရာတွင် ထွက်ပေါက်တစ်ခုရှိ ပေမည်။ ဖန်ဘုရင်၏ နောက်ဆုံးသဲလွန်စကို ကျွန်တော်က သတိရလိုက်၏။ "အမ္ဗရာယ်ရှိလျှင် ရေနှင့်အတူ အလင်းရောင်ရှိသည်" ကျွန်တော်တို့လိုပင် သူလည်း ရန်သူများဖြင့်ပိတ်မိနေခဲ့လျှင် အသင့်ဖြစ်စေရန် ထွက်ပေါက်အဖြစ် သူသိထားလေသည်လား။

"ဆူဝမ်"

ကျွန်တော်က အော်ခေါ်လိုက်သည်။ ကျွန်တော့်အသံက ဂူထဲတွင် ပဲ့တင်သံ လိုက်သံထပ်သွားသည်။

"ဆူဝမ်ရေ တို့ဒီကထွက်ကြမှပဲ၊ ဖန်ဟာ ဒီလမ်းကိုသိတယ်၊ တို့ ထွက်ပေါက်ရှာကြရအောင်"

ကျွန်တော်တို့သည် အလင်းရောင်ရှိရာသို့ ဖြည်းဖြည်းချင်း ကူးသွားကြသည်။ ပထမတော့ ကျွန်တော်သည် ကျောက်နံရံဘက်ဆီသို့သာ သွားနေသည်ဟု ထင်ရသည်။ အနီးသို့ရောက်သွားသောအခါကျမှ လှေကား ထစ်အကြမ်းများ ထစ်ထားသည်ကို တွေ့ရ၏။ သို့ဖြင့် ကျောက်စွန်းတစ်ခုမှ တစ်ခုသို့ တက်ရောက်သွားနိုင်ပေသည်။ ကျွန်တော်တို့ကနားလျှင် ဖြည်းညင်း စွာဖြင့် အနီးဆုံးကျောက်စွန်းကို ဆုပ်ကိုင်ဆွဲဖက်လိုက်ရပါသည်။ ထိုတွင် မိနစ်အနည်းငယ်ကြာအောင် ခြေပစ်လက်ပစ် လဲနေပါသေး၏။

"ကျွန်တော်တို့ သွားကြမှပဲ ခွန်ပရာဆက်၊ နို့မဟုတ်ရင် ကျွန်တော် တို့ အစေအားမိသောလိမ့်မယ်"

ဆူဝမ်က ညည်းလိုက်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် တစ်နာရီခန့်ကြာအောင် တက်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် ဂူ၏ အမြင့်ဆုံးအပိုင်းသို့ ရောက်သောအခါတွင် အထက်သို့ဖောက်သွားသော လမ်းကျဉ်းလေးတစ်ခုကိုတွေ့ရှိပါသည်။ ထိုလမ်းအတိုင်း တက်ကြပြန်သည်။ တစ်နာရီခန့် တက်မိသောအခါတွင်ကား ကျွန်တော်တို့သည် သုံးရက်ကာ အမှောင်အတွင်းတွင် ပထမဆုံးအကြိမ်အဖြစ်နှင့် မိုးကောင်းကင်ပြာကြီးကို မြင်တွေ့ရပါတော့သည်။ ဤထွက်ပေါက် ကျွန်တော်တို့ဝင်မိနေသော ဂူပေါက်ထက် အတော်ကြီးကို ပိုမိုမြင့်မားလေသည်။ ကျွန်တော်တို့သည် လေဟာပြင်ထဲသို့ ထွက်လိုက်သောအခါတွင် ကျောက်စွန်းတစ်ခုပေါ်သို့ရောက်နေကြောင်း တွေ့ရှိရတော့၏ ။

ထိုနေရာသို့ ရောက်သောအခါတွင် ကျွန်တော်တို့သည် အောက်ခြေ၌ အလုပ်လုပ်နေကြသော ဒေါက်တာဗွန်၏ လူများအသံကိုကြားရပါသည်။ ၎င်းတို့သည် ရတနာများကို တွေ့ရှိရန် အခြားဂူများတွင် လိုက်လံရှာဖွေနေကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ၎င်းတို့၏ အထက်တွင်ရှိသော ကျွန်တော်တို့အားတော့ သူတို့သည် မမြင်မတွေ့နိုင်ပါချေ။ ကျွန်တော်တို့သည် မောပန်းလွန်းလှပြီဖြစ်၍ ဘာကိုမျှ တိုးရိမ်ပူပန်မနေနိုင်ပါတော့ချေ။ ပူနွေးသော နေရောင်ခြည်အောက်တွင် လဲလျောင်းလိုက်သောအခါတွင် တုံးကန်း အိပ်ပျော်သွားကြပါတော့၏ ။

ကျွန်တော်တို့ နိုးသောအခါတွင် မှောင်၍နေချေပြီ။ လထွက်ပြီး ကျွန်တော်တို့က အောက်သို့ငုံ့ကြည့်လိုက်သောအခါ ကျဲဂူပကွင် ဒေါက်တာဗွန် သည် အဖော်များ၊ ချထားကြောင်း တွေ့ရ၏ ။ သူတို့သည် မီးဖိုကြီးတစ်ခုဖို၍ ပိုင်းထိုင်ကာ ရယ်ကာမောကာ စကားပြောနေကြပါသည်။ ကျွန်တော်တို့သည် တောင်အောက်သို့လွတ်မြောက်၍ ရောက်သွားနိုင်စရာအကြောင်း မမြင်ပါချေ။ ကျွန်တော်တို့က အကူအညီရရှိဖေနိုင်ရန်အတွက် တောင်ထိပ်သို့သာ တက်ရပေမည်။

အဖော်များသည် သောက်စားကာ လေပန်းနေကြသဖြင့် တောင်ပေါ်တွင် ဘာဖြစ်နေသည်ကို မသိကြပါပေ။ ကျွန်တော်တို့သည် တောင်ထိပ်သို့ သတိကြီးစွာဖြင့် ဝပ်တွားတက်ကြပါသည်။

တောင်ထိပ်သည် ပြန့်၍ ကျောက်တုံးကြီးများ ရှိပါသည်။ ကျွန်တော်တို့သည် ခြေပစ်လက်ပစ်ဖြင့် တောင်ထိပ်သို့ ရောက်သွားသောအခါတွင် ကျောက်တုံးတစ်ခုအောက်တွင် လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို မြင်လိုက်ရ၏။

"ဘယ်သူလဲ"

ညင်သာစွာ မေးလိုက်၏။

ပထမတော့ ဒေါက်တာဗွန်သည် တောင်ထိပ်တွင်လည်း အဖော်များ ချထားလေပြီဟု ထင်လိုက်၏။ နောက်မှ သဘောပေါက်လာသည်မှာ သူ့လူများဆိုလျှင် တိုးတိုးတိတ်တိတ် မေးမည်မဟုတ်ပါချေ။

"မိတ်ဆွေပါ၊ ကျွန်တော်တို့ကို ကူညီပါ"

ကျွန်တော်က ဖြေလိုက်သည်။

လူရိပ်သည် ကျွန်တော်တို့ထံ ဝပ်တွား၍ လာနေ၏။ သူကား ပရီဒီရာကွန်၏ သစ္စာရှိသော တပည့်တစ်ယောက်ပေတကား။ သူ့ဆရာနှင့် ကျွန်တော်တို့ ဘာတွေဖြစ်ပျက်ကြကြောင်း သူ့အား ခပ်မြန်မြန် ရှင်းပြလိုက်ပါသည်။ ရွာသားများသည် ဒေါက်တာဗွန်အား သစ္စာမကောင်းရှိနေကြပြီး လွန်ခဲ့သည့်နှစ်ကတည်းက တောင်ကိုစောင့်ကြည့်နေကြကြောင်း၊ ကျွန်တော့်တို့အား သေချာပေါက် အကူအညီပေးလိမ့်မည်ဖြစ်ကြောင်းဖြင့် သူကပြောပါသည်။

ကျွန်တော်တို့သည် ဒေါက်တာဗွန်အား တိုက်ခိုက်ရမည်ဖြစ်ကြောင်း ကျွန်တော်က သိရှိပါသည်။ ထို့ကြောင့် ကျွန်တော်က သူ့အား အနီးဆုံးရွာသို့ သွား၍ သေနတ်နှင့် ဓားရှင်းကိုင်လူငယ်များကို ရသလောက် စုဆောင်းခဲ့ရန်

http://www.cherrythitsar.org



ပြောပါသည်။ ကိုဖေနာက် ရဲအဖွဲ့သို့လည်း အကူအညီတောင်းရန် ဆက်သား တစ်ယောက်လွှတ်ဖို့ ပြောလိုက်၏။

မိုးလင်းသည်အထိ ကျွန်တော်နှင့် ဆုဂမ်သည် ဘာမျှလုပ်ကိုင်နိုင်သည် မရှိပါ။ အိပ်ကြရုံသာ ရှိပါ၏။ မာကျောလှသော ကျောက်သားပြင်သည် ကျွန်တော်တို့၏ အိပ်ခြင်းအား မတားဆီးနိုင်ပါပေ။

*    *    *

http://www.cherrythitsar.org

# အခန်း ၁၆

# ဗွမ်နှင့် တိုက်ခိုက်ခြင်း

ကျွန်တော်တို့ အိပ်ရာမှနိုးသောအခါတွင် နံနက်ငါးနာရီထိုးပေတော့၏။ ကျွန်တော်တို့ပတ်ပတ်လည်တွင် လူခြောက်ဆယ်ခန့်စုရုံးနေသည်ကို တွေ့ရ၏။

"ကျွန်တော်တို့ နှစ်နှစ်တွက် လူတွေစုလာတယ် ဆရာ"

ကတ်တုံကတ်ယောက်က ဂုဏ်ယူဝင့်ကြွားစွာနှင့် ပြောလိုက်၏။

ကျွန်တော်က သူတို့အား သေသေချာချာကြည့်ရှုပါသည်။ သူတို့တွင်သေနတ်နှစ်ဒါဇင်ခန့်ရှိပါသည်။ ၎င်းတို့အနက်မှတချို့သည် ကျောက်တုံးများကိုသာ ပစ်ခတ်တော့မှ ကျွန်တော်တို့လုပ်ငန်းသည် ပြည့်စုံပါချေပြီ။ ကျွန်တော်တို့ကသာ လိမ်လိမ်မာမာရှိခဲ့လျှင် ဒေါက်တာဗွန်ယက် အားကောင်းပေသည်။

တောင်ပေါ်ဘက်သို့ ရန်သူများတက်ရောက်၍ ကျွန်တော်တို့အား တောင်ထိပ်မှနေ၍ မတိုက်ခိုက်နိုင်စေရန်အတွက် ကျွန်တော်က သေနတ်ကိုင် လူခြောက်ယောက်ကိုအစောင့်လွှတ်ထားလိုက်၏။ ကျန်လူများကိုမူ ရိုင်ဖယ်များကို စွဲကိုင်လျက် တောင်အောက်သို့ မြန်မြန်ဆင်းရန် ပြောလိုက်ပါသည်။ သို့မှသာ ကျွဲဂူကို အုပ်မိမည်ဖြစ်လေသည်။

"ခင်ဗျားတို့အားလုံး အသင့်ဖြစ်တာနဲ့တစ်ပြိုင်နက် ဂူထဲကို ဝင်ပေးကြပေတော့ ဒါမှ ဒေါက်တာဗွန်ရဲ့လူတွေက ကိုကိုမပစ်နိုင်မှာ"

ကျွန်တော်နှင့် ကျွန်ရစ်သူများသည် တောင်ကုန်းထိပ်ဝယ်မှနေ၍ သူတို့ တောင်အောက်သို့ ဆင်းသွားနေကြသည်ကို ကြည့်နေကြပါသည်။ ၎င်းတို့ စတင်ပစ်ခတ်သောအခါတွင် ကျွန်တော်တို့သည် အောက်သို့ပြေးဆင်းသွားကြပြီး တခြားဂူဝတွင် ဝိက်ဆို့နေသည်များအား ကူးဖော်ကြပါတော့သည်။ ဤကား အောင်ပွဲဆင်သောကာလဖြစ်ပေသည်။ သို့ရာတွင် ထိုအချိန်မှာပင် ကျွန်တော်တို့သည် အတော်ကြီး ကြိုးပမ်းဆောင်ရွက်ရပါသည်။ ဒေါက်တာဗွန်၏ လူများသည် ကျွမ်းကျင်စွာ သို့မဟုတ် ကံအားလျော်စွာဖြင့် အကြီးအကျယ် တောင်ဖြိုချထားသဖြင့် ၎င်းတို့ကို ပေါက်တူးများနှင့်သာလုပ်နေလျှင်တော့ ရက်အတော်ကြာပေလိမ့်မည်။

ရွာသားများအား အကူခိုင်းထားခဲ့ပြီးနောက် ကျွန်တော်နှင့် ဆူပမ်သည် ဒေါက်တာဗွန်၏ပစ္စည်းများစုပုံထားရာ တောင်အောက်ခြေသို့ဆင်းခဲ့ကြပါသည်။ ပေါက်ကူးနှင့် တူးရှင်းများကြားတွင် မိုင်းသေတ္တာတစ်လုံးရှိလေသည်။

ဒေါက်တာဗွန်၏ အဖောင့်များသည် အလစ်အတိုက်ခံရကြောင်းထင်ရှားလှပါသည်။ ၎င်းတို့သည် အနည်းငယ်သာ ပြန်လှန်ပစ်ခတ်နိုင်ပါသည်။ ဒေါက်တာဗွန်တို့ နောက်တစ်ကြိမ် ပြန်မတိုက်ခိုက်ခင် ကျွန်တော်တို့ အနည်းဆုံး တစ်နာရီ နှစ်နာရီတော့ အချိန်ရပေမည်။

ကျွန်တော်တို့က အချက်ပေးသည့်အနေဖြင့် အဖေသးတားသုံးချက်ဖောက်ခဲ့လိုက်ပါသည်။ ထို့နောက် ဖိလစ်နှင့်အမျိုးသမီးများဂူဝမှ ထွက်ခွာသွားနိုင်ရန် အချိန်ပေးသည့်အနေဖြင့် စောင့်ဆိုင်းနေပါသည်။ ကျွန်တော်တို့သည် ပထမမိုင်းကို ကျောက်တုံးကြီးနောက်ဘက်တွင် လျင်မြန်စွာ မြှုပ်လိုက်ပါသည်။ ကျွန်တော်တို့က ဖောက်ခွဲပစ်လိုက်ပြီးသောအခါတွင် ရွာသားများက ကျောက်တုံးငယ်များကို ဖယ်ရှားပစ်လိုက်ပါသည်။

သုံးကြိမ်မြောက် ဖောက်ခွဲပြီး သောအခါတွင်ကား အပေါက်ငယ်လေး တစ်ခု ပေါ်ထွက်လာပြီး ကျောက်တုံးများသည် ဂူတွင်းသို့ လိမ့်ဝင်သွားတော့ လေ၏။ ကျွန်တော်တို့ နီးစပ်လာကြပြီဖြစ်ကြောင်း သိရ၍ ဆက်လက် ဖောက်ခွဲရန်မှာ အန္တရာယ်များလှကြောင်း ပိုင်းဖြတ်လိုက်ပါသည်။ ရွာသား များသည် သူတို့၏ အသက်ရှင်ရေးသည်ပင် ဤအပေါ်၌ တည်နေသည် ဟု ပေါက်တူးများ လက်နက်များနှင့် ဆက်လက်တူးဖောက်ယက်ထုတ် ကြပါသည်။

ဤမျှ ကြိုးပမ်းလုပ်ဆောင်သည့်ကိုင် နေးကွေးလေးလံလှပေ သည်။ သုံးနာရီမျှကြာသွားသည့်တိုင် ဂူအနားသို့ မရောက်သွားပါလေးချေ။ ထိုအချိန်အထိတော့ ဒေါက်တာဗွန်လူများ အရိပ်အရောင်ကို မမြင်မတွေ့ ရဘဲ ကျွန်တော်တို့အား လုံးဝမေ့သလောက်ပင် ရှိနေပါတော့၏။

ထိုနောက်တွင်ကား မည်သို့မျှ သတိပေးခြင်း မရှိဘဲနှင့် သေနတ်သံ များသည် ကျွဲဂူထဲမှ တစ်ခဲနက် ထွက်ပေါ်လာပါတော့သည်။ ဒေါက်တာ ဗွန်၏လူများသည် ကျွန်တော်တို့အားမြင်သည့်ကိုင် ဂူထဲမှ ပစ်ကွင်းတက် လာခြင်းဖြစ်ပေသည်။ ၎င်းတို့၏ ပစ်ခတ်သောအချိန်တွင် ကျွန်တော်တို့ အထဲမှ လူတစ်ယောက်သည် ပေါ့ပေါ့ဆဆနှင့် ထိုင်၍ ဓါးကရက်မီးညှိ လျက်ရှိလေသည်။ သူသည် ပခုံးကို လက်ဖြင့်ဆုပ်ကိုင်ကာ တစ်ချက်မျှ အော်လိုက်ပြီးနောက် မြေကြီးပေါ်သို့ ပစ်ကျသွားလေ၏။

သို့ရာတွင် ကျွန်တော်၌ သူ့အား အကူအညီပေးရန် အချိန်မရရှိပါ။ ဂူထဲမှ ပစ်သံများရပ်သွားသည်နှင့်တစ်ပြိုင်နက် လူခြောက်ယောက်သည် ပြေးထွက်လာပြီး ကျောက်တုံးများနောက်တွင် အကာအကွယ်ယူလိုက်ပြီး ပစ်ခတ်ကြပြန်ပါသည်။ ချက်ချင်းဆိုသလိုပင် ၎င်းတို့အနက် သုံးယောက် သည် ဒဏ်ရာရရှိသွားလေသည်။ သို့ရာတွင် နောက်ထပ် လူလေးယောက် သည် ဂူထဲမှပြေးထွက်လာပြန်ပါသည်။ တစ်ယောက်မှာမူ နှစ်လှမ်းသုံးလှမ်း အတွင်းမှာပင် ထိမှန်လဲကျသွားလေသည်။ ရွာသားများသည် မှန်မှန်ကြီး

ပြန်လှန်ပစ်ခတ်လျက်ရှိချေပြီ။ သို့ရာတွင် ကျွန်တော်တို့ ကြာကြာခံနိုင်မည် မဟုတ်ကြောင်းကို ကျွန်တော်က သိမြင်ပါသည်။

ဗွန်၏လူများသည် ဂူဝတွင် တူးနေသူများထံသို့လည်းကောင်း၊ သေနတ်ကိုင် ရွာသားများထံသို့လည်းကောင်း နှစ်ပိုင်းခွဲ၍ ပစ်ခတ်နေပါသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ကျွန်တော်ကသူတို့အားလုံး ဝပ်နေကြရန်ပြောလိုက်ရပါသည်။ ဆုဂမ်အား ကျောက်တုံးများကို သွားရောက်ကူညီဖယ်ရှားရန် ပြောလိုက်သည်။

ဒေါက်တာဗွန် စမ်းကိုပိုက်ထားသောတောင်အောက်ပိုင်းသို့ သူက လက်ညှိုးထိုးပြလိုက်သည်။ ရေများက ပန်းထွက်စပြုနေလေပြီ။ နောက်ပိုင်းမှနေ၍ ရေလုံးကြီး အတင်းတွန်းကန်လျက်ရှိပေမည်။ ဆုဂမ် ဘာကိုဆိုလိုကြောင်း ကျွန်တော်က သိရှိတော့၏။ ကျွန်တော်တို့သည် မိုင်းများကိုယူ၍ စမ်းဆီသို့ရောက်အောင် ကျောက်တုံးတစ်ခုမှတစ်ခုသို့ ပြေးသွားပါတော့သည်။

ကျွန်တော်တို့သည် အန္တရာယ်ပေးနိုင်ကြောင်းကို ဒေါက်တာဗွန်၏ လူများသည် သိမြင်သွား၍ ကတ်ခဲနက်ပစ်ခတ်ပါလေတော့သည်။ သို့ရာတွင် သူတို့သည် ကိုက်အနည်းငယ်များဖြင့် ပစ်ခတ်သည်မဟုတ်သဖြင့် ကျည်များသည် ကျွန်တော်တို့ပတ်ပတ်လည်တွင်ဖြာလျက် ကျောက်တုံးများ အနှံ့အပြား ထိမှန်လေတော့၏။ ကျွန်တော်တို့သည် စမ်းကိုပိုက်ထားသော နေရာတွင် ပစ်လှဲလိုက်ပြီး ယမ်းများကို ကျောက်ထဲသို့ နက်နိုင်သမျှ နက်အောင် မြှုပ်လိုက်ပါသည်။ မီးရှို့လိုက်ပြီးနောက် ကျွန်တော်တို့သည် နောက်ကြောင်း မြန်မြန်ဆုတ်ပြီး အကွယ်အကာယူလိုက်ပါသည်။

ထိုအချိန်တွင် ဒေါက်တာဗွန်၏လူများသည် ဂူထဲမှ ပြေးထွက်လာပါသည်။ သူတို့အထဲတွင် တိပ်သည် ရပ်လျက်ရှိလေသည်။ ကျွန်တော်က သူ့ကိုသေပြီဟု ထင်နေခဲ့သည်။

http://www.cherrythitsar.org



ကျွန်တော်က ဘာမှမလုပ်နိုင်ခင်မှာပင် ပေါက်ကွဲသံကြီး ပေါ်ထွက်လာလေသည်။ အတော်ကလေးကြာအောင်တော့ ပကတိ တိတ်ဆိတ်လျက်ရှိလေသည်။ မည်သူမျှ လှုပ်လှုပ်မျှ မလှုပ်။ ထို့နောက် ရေများသည် ဒလဟောစီး ထွက်လာသံကြားရ၏။ ရေလုံ့သည် ဇရာမ ကျောက်နံရံစွန်းကြီးကို တိုက်ခိုက်ဖြိုဖျက်လျက် ကျောက်တုံ့ကျောက်ခဲကြီးများကို တောင်အောက်သို့ သယ်ချသွားလေတော့၏။ ဗွန်၏ လူများသည် ပုန်းအောင့်ခိုလှုံရန်အတွက် ဂူဆီသို့ ပြန်ပြေ့ကြလေ၏။ သို့ရာတွင် တောင်စောင်းကလျှောက်အတိုင်း ကျွဲဂူထဲသို့ စီးဆင်းသွားသောရေထဲတွင် သူတို့သည် ပျောက်ကွယ်သွားလေတော့၏။

ကျွန်တော်တို့သည် လောလောဆယ်အတွက်တော့ ဘေးကင်းပြီ။ သို့ရာတွင် ကျွန်တော်သည် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သော တိပ်၏ အသက်ကို ဆုံးရှုံးပေပါတော့၏။ မည်သူတစ်ယောက်မျှ ရေလုံးဒဏ်က လွတ်မြောက်မည်မဟုတ်ကြောင်း ကျွန်တော်က သိရှိပါသည်။ တောင်စောင်းမှကျလာသော ရေလုံးကြီး့များပမာ ကျွန်တော့်တွင် စိတ်ကို ထိခိုက်မှုလှိုင်းသည် ရိုက်ခတ်လာပါတော့သည်။ နောက်တစ်ကြိမ် ပြန်မတိုက်ခင် ၁ နာရီ ၂ နာရီအချိန်ရအောင် ဤမျှ အဆုံးခံလိုက်ရပါသည်။ ကျွန်တော်က ဂူပေါက်သို့ ပြန်လျှောက်သွားသည်။ ကျောက်တုံးများ့က ဖောဖောကအတိုင်းပင် မြင့်မား တုပ်လျက်ရှိပါသည်။ ရှာသားများသည် ထ၍ကူးကြပြန်ပါသည်။

ကြည့်ရသည်မှာ မျှော်လင့်ချက် မရှိပါပေ။ ကျွန်တော်တို့သည် ဂူထဲသို့မရောက်နိုင်တော့မည့်အတွက် စိုးရိမ်ပူပန်လာပါတော့သည်။ မကြာခင်ပင် နောက်တစ်ကြိမ် တိုက်ခိုက်ကြပေဦးမည်။ လူတွေက ထပ်သေကြရပေဦးမည်။ ကျွန်တော်က ထိုတွင်ထိုင်နေစဉ် အချိန်က မကုန်နိုင်မဆုံ့နိုင် ဖြစ်နေပါသည်။

ထို့နောက် ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဖက် လာတင်လေသည်။ ကျွန်တော်က မော့ကြည့်လိုက်ရာ ကျွန်တော့်ဘေးတွင် မင်နီရောက်နေလေ

သည်။ ရွာသားများအားလုံး မက်တပ်ရပ်၍ ပြုံးနေကြသည်ကို မြင်ရပါသည်။ ဂူဝရှိ ကျောက်တုံးများကြားတွင် အပေါက်ကလေးတစ်ပေါက်ရှိပြီး အဲဒီပေါက်အား ဆွဲထုတ်လျက်ရှိကြသည်။ ခဏကြာတော့ ဖိလစ် ထွက်လိုက်လာသည်။ သူကိုယ့်လုံးပေါက်စလုံး ဖြူဖပ်ဖြူရော် မျက်ကွင်းဟောက်ပက်နှင့် အသေကောင်များနှင့် တူနေကြတော့၏။ ထို့နောက် ဖိလစ်က ပြုံး၍ ကျွန်တော့်ထံသို့ နှစ်လှမ်း လျှောက်လာခဲ့လေသည်။ တစ်ယောက်ယောက် သူ့အား ဖမ်းလိုက်လျှင် သူသည် လဲကျသွားပေမည်။ ကျွန်တော် သူ့ထံပြေးသွားစဉ်တွင် တောင်ကုန်းပေါ်မှ ရွာသားများက အော်လိုက်ကြသည်။

“ပုလိပ်တွေလာပြီဟေ့ ပုလိပ်တွေ”

မှတ်ကျောက်တင်ခြင်းကား ပြီးဆုံးလေပြီတကား။

* * *

http://www.cherrythitsar.org

# အခန်း ၁၇

# ဘေးဘယာဝေးကွာရာ

ကျွန်တော်တို့အား ဘန်ကောက်ဆေးတိုက်သို့ တန်းခေါ်သွားပါသည်။ ကျွန်တော်က အားရပါးရကြီး အိပ်ချလိုက်ရသည့်အတွက် ဝမ်းသာချမ်းမြေ့မိပါသည်ကို အမြဲထာဝစဉ် သတိရနေပေလိမ့်မည်။ ဆရာဝန်က ကျွန်တော်တို့အား ဆေးတိုက်တွင် တစ်ပတ်ခန့် ကြပ်မတ်ကုသခြင်း ခံနေရမည်ဟု အမိန့်ထုတ်ထားပါသည်။ ထိုအတောအတွင်း၌ ကျွန်တော်တို့အား မည်သူတစ်ဦးတစ်ယောက်ကမျှ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောခွင့် မပေးပါချေ။ ထိုအတွက် ကျွန်တော်တို့က ညည်းညူကန့်ကွက်ကြသော်လည်း တကယ်တော့မူ မေ့လျော့ထားရသည့်အတွက် ကျွန်တော်တို့သည် ဝမ်းသာလျက်ရှိကြပါသည်။ အကြောင်းမှာ ကျွန်တော်တို့ လေးယောက်သား ဥယျာဉ်တွင်း၌ ဆုံမိကြသောအခါတွင် ကိုယ်အကြောင်းကို မပြောဆိုကြဘဲ အနာဂတ်အကြောင်းကိုသာ ပြောဆိုကြပါသည်။

ကျွန်တော်တို့ဆေးတိုက်မှ ဆင်းသည့်နေ့တွင် အဖေက လူ့ကားကလေးဖြင့် လာကြိုပါသည်။ ကျွန်တော်တို့သတင်းကို နားထောင်လိုကြသော ပြတိုက်၊ တက္ကသိုလ်နှင့် အစိုးရဘက်က လူများအား ဖိတ်ကြားထားကြောင်း လမ်းတွင်အဖေက ပြောပြပါသည်။

http://www.cherrythitsar.org



ညတာတားပွဲသည် ပျော်ပျော်ရွှင်ရွှင် မြန်မြန်ဆန်ဆန်ကြီး ပြီးစီးသွားပါသည်။ ကျွန်တော်တို့က အဖြစ်အပျက်များကို ကိုယ်တိုင်ခံစားရသည်ထက် လူများတွေ့ကြုံရသည့်ပုံမျိုး ပြောပြကြပါသည်။ ကော်ဖီသောက်ကြသော အခါတွင် ကျွန်တော့်ဖခင်က ယခု ကျွန်တော်တို့ အံ့အားသင့်ကြရပါသည်။ သို့ရာတွင် သူ့စကားများကို ကြားရသောအခါတွင် ပို၍ပင် အံ့ဩမိပါသည်။

"အမျိုးသမီးအပေါင်းနဲ့ လူကြီးမင်းများခင်ဗျာ၊ ဖန်ဘုရင်ရဲ့ရတနာများကို တွေ့ရှိသူများအား ဂုဏ်ပြု၍ သုံးဆောင်ကြပါရန် ခင်ဗျား"

"ဖန်ဘုရင်ရဲ့ ရတနာများကို တွေ့ရှိသူများသို့"

ဧည့်သည်များက ဆိုလိုက်ကြပါသည်။

"မင်းတို့တတွေတော့ အတော်အံ့ဩသွားကြမှာပဲ၊ ညတာတားမပြီးမချင်း မင်းတို့ကို ဒီအကြောင်း မပြောပြသေးဖို့ ကိုတိုင်ပင်ထားကြတယ်၊ ကဲ အခုတော့ မင်းတို့ ဘန်ကောက်ကို ပြန်လာကြပြီးနောက် ဘာတွေဖြစ်ပျက်တယ်ဆိုတာကို နားထောင်ကြပေတော့"

သို့နှင့် ကျွန်တော်တို့အား ဇာတ်စုံခင်းပြကြပါသည်။ ရဲအဖွဲ့သည် တောင်ပေါ်မှ ရေများကျဆင်းသည်အထိ စောင့်နေကြသည်။ ထို့နောက် သူတို့သည် ဒေါက်တာဖွန်၏ စစ်ကပ်ကလေးထဲမှ အသက်ရှင် ကျန်ရစ်သူများကို ရှာဖွေကြပါလေသည်။ သူတို့တတွေသည် ကျွဲဂူလို့ လျှောက်သွားစဉ်တွင် ကျောက်တုံးများအကြား၌ ပြောင်လက်သောအရာများကို တွေ့ရလေသည်။ သူတို့သည် အသေးစိတ်ဆက်ရှာဖွေကြရာ သုံးရက်တိုင်တိုင်ကြာရှိလေသည်။ ဖန်ဘုရင်၏ရတနာအားလုံးလောက်ကို ရရှိလေသည်။ ဖန်ဘုရင်ကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် တစ်ယောက်ယောက်ကသော်လည်းကောင်း ရတနာများကို မူလမြုပ်နှံထားရာ ကျွန်တော်တို့ ပိတ်မိနေသောဂူထဲမှ ရွှေ့ပြောင်း ထားပေမည်။ စမ်း၏ တိုက်ခတ်မှုဖြင့် ရတနာတို့ ကျလာခြင်းပင် ဖြစ်တော့သည်။

တမ်းတီးထွက်လာရာ တောင်ကောင်းတွင် အမြင့်ဆယ်ပေ အလျားဆယ့်ငါးပေခန့်ရှိသော ဂူကလေးတစ်လုံးရှိလေသည်။ ဤဂူကို တမ်းရေကို့က ဖုံးကွယ်ထားခြင်းဖြစ်၏။

ဤကျောက်ဆောင်ထဲတွင် အားလုံးသော ရတနာများကို သိုလှောင်ထားလေသည်။ ဆူဂမ်နှင့် ကျွန်တော်က ဖောက်ခွဲလိုက်သောအခါတွင် ရေတို့သည် ကျောက်ဆောင်ခန်းကို ပြည့်လျှံသွားလေတော့၏။ ရေများ တိုးကျလာသောအခါတွင် သေတ္တာများကို ရိုက်ခွဲချေမွလျက် တောင်အောက်သို့ သယ်ချလာပါတော့၏။ ရတနာများသည် မြေပြင်ပေါ်တွင်လည်းကောင်း၊ ကျွဲဂူထဲတွင်လည်းကောင်း ပြန့်ကျဲလျက် ထိန်ထိန်ညီးနေလေပါတော့သည်။

တကားပြောပြီး၍ ဆုံးသွားသောအခါတွင် ကျွန်တော်တို့သည် ကိုယ့်အတွေးနှင့်ကိုယ် ငူငိုင်သွားကြပါတော့သည်။ ကျွန်တော်တို့သည် ဘန်ကောက်မှ ထွက်သွားကတည်းက ယခုမှပင် ပထမဆုံးအကြိမ်အဖြစ် နှင့် မိတ်ဆွေများကို ပြန်တွေ့ကြရပါသည်။ သို့ရာတွင် ကျွန်တော်က တစ်ချိန်လုံး စိတ်မဖြောင့်ဘဲရှိနေပြီး အဖေ့အား မတွေ့တွေ့အောင်ရှာပြီး တိပ်အကြောင်းကို မေးကြည့်ပါသည်။

"တိပ်လား၊ အေး သူ့အကောင်းကို တွေ့ရတယ်၊ မင်းအနေနဲ့တော့ အတော်ကြီးကို စိတ်ထိခိုက်သွားမှာပဲ၊ ဘာလို့လဲဆိုတော့ မင်းဟာ သူ့ကို ကယ်ဖို့ကြိုးစားခဲ့သေးတာကိုး၊ ဒါပေမဲ့နောက်ဆိုရင်တော့ မင်းဟာ ဒါကို တွေးမိတော့မှာ မဟုတ်ပါဘူး၊ မင်းသိတဲ့အတိုင်းပဲ သူဟာ ဖေဖေ့အတွင်း ရေးမှူးလုပ်ခဲ့ပြီး အတော်ကြာသောသုတေသနလုပ်ခဲ့တယ်၊ ဖေဖေ့ တာကြည့်တိုက်ထဲမှာ ဘာတွေရှိတယ်ဆိုတာ သူကောင်းကောင်းသိတယ်၊ သူဟာ အလုပ်လုပ်နေတဲ့တိုင် သူ့ကျောက်တာ သုတေသနလုပ်ငန်းကို မစွန့်လွှတ်သေးကြောင်း ထင်ရှားတယ်၊ လွန်ခဲ့တဲ့တစ်နှစ်လောက်ကတော့ သူဟာ ဖန်ဘုရင်ရဲ့ နောက်ပါတစ်ဦးအကြောင်းကို တွေ့ခဲ့တယ်၊ အဲဒီအထဲမှာ ရတနာတွေကို ကကယ်မြှုပ်ထားကြောင်းတွေ့ရတယ်၊ သဲလွန်စဟာ အဲဒီ

ခေတ်ရာဇဝင်ထဲမှာရှိကြောင်း၊ ရတနာတွေကို ရွှေ့ထားကြောင်း၊ ဒါပေမဲ့ သိပ်မဝေးတဲ့နေရာမှာ ဖြစ်ကြောင်းပေါ့ကွာ"

"ဒါကြောင့်မို့လို့ ရတနာတွေဟာ ဂူထဲမှာ မတွေ့ဘူးလို့ ယတ်က ပြောတဲ့အခါမှာ ဒေါက်တာဗွန်ဟာ သိပ်မပူတာပေါ့၊ ပြီးတော့ မင်းအနေနဲ့ အကူအညီ မပေးနိုင်တော့ဘူးဆိုတာကိုလည်း ဒါကြောင့် ဒေါက်တာဗွန် သိတာပေါ့"

"ဒါဖြင့် တိပ်ဟာ ဒေါက်တာဗွန်ကို ကူညီနေတယ်လို့ ဖေဖေ ဆိုလိုတာပေါ့"

ကျွန်တော်က မေးလိုက်မိပါသည်။

"အဲဒီလိုပဲ နားလည်ထားဦးပေါ့၊ ဒါပေမဲ့ ငါဆုံးအောင်ပြောပါရစေဦး၊ မေးခွန်းတွေလျှောက်ထုတ်မနေပါနဲ့၊ အဲဒီတော့ တိပ်ဟာ ငါ့တာကြည့် တိုက်ထဲမှာ ပေမူရှိတယ်ဆိုတာ သိနေတယ်၊ ဒါပေမဲ့ သူကိုယ်တိုင် မလာချင်ဘူး၊ ဘာလို့လဲဆိုတော့ သူဟာ ဒီလုပ်ကြံမှုကြီးနဲ့ ဆက်စပ်သွားပြီး ပုလိပ်တွေက ဘယ်သူ့ကိုဖမ်းရမှန်းသိသွားမှာစိုးလို့ပဲ၊ သူ့ကိုယ်သူ ဒေါက်တာဗွန်လို့ဆိုတဲ့လူကတော့ ပရိဒ်ရာကွန် မင်းကိုပြောသလိုပဲ လူဂုဏ်ထူးတစ်ယောက်ပဲ၊ နောက်တော့ သူဟာ အသက်ခံရတာပဲ၊ ဒါမှာပဲ သူက လျှို့ဝှက်မှုကို မဖော်နိုင်မှာမဟုတ်လား၊ ကဲ ကျန်တာတွေတော့ မင်းသိတဲ့အတိုင်းပဲ"

အဖေ ပြောနေရင်းဖြင့် ကျွန်တော်က ဖြည်းဖြည်းချင်း သဘောပေါက်လာလေသည်။ တိပ်သည် ဘယ်သောအခါတွင်မှ ကျွန်တော်တို့၏ မိတ်ဆွေ မဖြစ်ခဲ့ပါ။ တကယ်တမ်းကျတော့ သူသည် အားလုံးထက် ကြောက်စရာအကောင်းဆုံးလူတစ်ယောက်ဖြစ်နေတော့သည်။ သူကား ကျွန်တော်တို့၏ မဟာရန်သူကြီး ဖြစ်ခဲ့လေသည်တကား။

"ဒါဖြင့် တိပ်ဟာ ဒေါက်တာဗွန်ပဲပေါ့"

ကျွန်တော်က အဖြေကိုသိရက်သားနှင့် မေးလိုက်ပါသည်။

"အင်းပေါ့၊ မင်း ယောက်ျားကြီးနဲ့တုပ်ခဲ့ပြီး ပရိဒိရာကွန်နဲ့ ယှက်ပြေးကြဖို့ အကြောင်းပြောတော့ သူဟာ အဲဒီအချိန်မှာ အရှုံးဘက်ကနေတာပေါ့၊ မင်းမပါဘဲနဲ့ ဖိလစ်ဟာ ရတနာတွေကိုတွေ့နိုင်တယ်ဆိုတာကို သူမသိဘူး၊ ဒါကြောင့် သူဟာ မင်းကိုလွှတ်ယှက်ပြေးစေတာပေါ့၊ မင်းကိုလည်း သွားကြရော သူဟာ မင်းတို့ကို ပြောတဲ့အတိုင်း သူ့မိတ်ဆောင်းခွေးကောင်း တစ်ယောက်ကို တွေ့ရအောင်ကဲဆီကို ပြေးတော့တာပဲ၊ သူ့မိတ်ဆောင်းခွေးကောင်းကတော့ ယောက်ျားပဲပေါ့ကွာ"

"ယောက်ျားကတော့ အမြဲတမ်း ကိုက်ချင်ခိုက်ချင်တဲ့လူ မဟုတ်လား၊ ဒါကြောင့် မင်းသေမှာမယ်ဆိုပြီး သူက တိပ်ကိုဆွဲယူတာပေါ့၊ ဒါကြောင့် လူသုံးယောက်ကို ရိုးယဲကို အမြန်လွှတ်လိုက်ပြီး မင်းတို့ကို အတိုက်ခိုင်းတာပေါ့၊ သူတို့ဟာ တောင်ကက်အလေ့အထကို ရှိနေတော့ အလွယ်တကူပဲ မင်းတို့ရှေ့က ရောက်သွားတာပေါ့၊ ပြီးတော့ မင်းတို့ဟာ ပရိဒိရာကွန်အတွက် ဖြည်းဖြည်းလေး သွားနေရတယ် မဟုတ်လား၊ မင်းတို့ကြားရတဲ့ အော်သံတွေနဲ့ သေနတ်သံတွေကတော့ တိပ်ရဲ့ဆင်လှည့်ပဲ၊ သူအသတ်ခံရပြီလို့ မင်းထင်အောင် လုပ်တာပဲ"

"ဟယ်လီကော့ပတာနဲ့ လာတဲ့လူဟာ တိပ်ပဲပေါ့၊ ဒါကြောင့် မင်းတို့ကို ကဲယဲမောင်းသွင်းတာပေါ့၊ သူဟာ ရတနာတွေကို လိုချင်လွန်းအားကြီးနေတော့ သူ့လမ်းမှာ ဘာမှအတားအဆီးမခံဘူး၊ ဒါပေမဲ့ သူဟာ အမြဲတမ်း ဂိုဏ်းရဲ့လျှို့ဝှက်ခေါင်းဆောင် ဖြစ်ချင်နေတယ်၊ သူဟာ ဖန်ရဲ့ရတနာတွေကို ရခဲ့လို့ရှိလျှင် ကမ္ဘာရဲ့တစ်နေရာမှာ ကူးဖော်ဖွင့်ယူမယ်၊ ဒါဆိုရင် တို့ဟာလည်း ဘယ်နှယ်လုပ်ပြီးမှ မသိနိုင်တော့ဘူး၊ သူ့အလောင်းကို တို့ဟာ ချောက်ထဲကရတယ်၊ တို့ဟာ သူ့အကြောင်းကို မေ့ထား လိုက်ရင် အကောင်းဆုံးပဲ"

မိနစ်အနည်းငယ်ကြာအောင်တော့ ကျွန်တော်က ဘာမှမပြောနိုင်ပါ။ နောက်တော့ ကျွန်တော့်အဖေပြောသည်မှာ မှန်သည်ဟု ကျွန်တော်

ဆုံးဖြတ်လိုက်ပါသည်။ ကာလကြာညောင်း၍ အဖြစ်အပျက်များ၏ နာကြည်း လတ်ဆတ်မှု လျော့သွားသည်အထိ မေ့လျော့ထားသည်က အကောင်းဆုံးပင် ဖြစ်ပါသည်။

အဖေ့ထံမှထွက်လာသောအခါ ကျွန်တော်က အားလုံးကို မေ့ပစ် လိုက်ပါသည်။ ကျွန်တော့်ထံသို့ မင်းနီ လျှောက်လာနေသည်ကို တွေ့ရသည်။

"ဖိလစ်နဲ့ အဲဗပက်ကို လိုက်ရှာကြရအောင်၊ တို့ဧည့်သည်တွေ အားလုံးကို သူတို့က ဧည့်ခံနေရတာ မတရားပါဘူး"

ကျွန်တော်က သူမအား ပြောလိုက်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် ဧည့်သည်များကိုဖြတ်လျက် သူတို့ အားရှာဖွေရန် ဥယျာဉ်တွင်းသို့ လျှောက်သွားကြပါသည်။ သစ်ပင်များ အောက်တွင်တည်ဆောက်ထားသော ကြာပန်းကိုင်ကလေးတော့တွင် သူတို့ နှစ်ယောက်ရပ်နေသည်အား တွေ့ရပါ၏။ သူတို့နှစ်ဦးတည်းသာ ရှိလေ သည်။ သူတို့သည် တိတ်ဆိတ်သောချမ်းမြေ့မှုကို ရှာဖွေတွေ့ရှိနေကြဟန် တူပေသည်။ ကျွန်တော်တို့က သူတို့အားမနှောင့်ယှက်ပါတော့ပေ။ ဂူတွင်း၌နေရသောရက်များက ဖိလစ်အား အဲဗပက်အနေနှင့် ပဓေသာဂိုကကြည်း ကသိခဲ့သည်များကို သင်ကြားပေးလိုက်ခြင်းဖြစ်ပါ၏။ သူ့အဖို့ကား ဤ သည်မှာ ရှာဖွေတွေ့ရှိခြင်းခရီးပင်ဖြစ်ပါတော့သည်။ ဤခရီးကို ကျွန်တော် နှင့် မင်းနီကအကူအညီမပေးနိုင်ပါ။ ထို့ကြောင့်ကျွန်တော်တို့သည် ဧည့်သည် များကိုဧည့်ခံရန် တောက်ပသောမြက်ခင်းပြင်သို့ ပြန်လာခဲ့ကြပါသည်။

**နတ်နွယ်**

http://www.cherrythitsar.org

# နတ်နွယ်

## ရတနာလိုဏ်ဂူ

THE TREASURES OF A KINGDOM

P. F. J. SIMMS

GRAPHIC DESIGN : KO ZIN (04)

